ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (6-6-2015) (၈၂၂၃)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွီဒင်နိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၆

၂၀၁၅ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဧကရာဇ်မင်းမြတ်ဘုရင် ကားလ်ဂပ်စ်တပ်ဖ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွီဒင်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စတီဖန်လိုဗမ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# သဘာဝသယံဇာတအရင်းအမြစ်များကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ရေရှည်စနစ်တကျထုတ်ယူသုံးစွဲ




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်း စာမျက်နှာ - ၃)
(သတင်းစဉ်)

"ကောင်းမွန်သန့်ရှင်းသည့် ရေ၊ မြေ၊ လေ၊ ရာသီဥတုနှင့် ရေရှည်တည်တံ့သည့် ဂေဟစနစ်နှင့် ဇီဝမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများကို လက်ရှိပစ္စုပ္ပန်အတွက်သာမက နောင်အနာဂတ်မျိုးဆက်များကိုလည်း လက်ဆင့်ကမ်းအမွေပေးနိုင်ရေးကို သမိုင်းပေးတာဝန်တစ်ခုအဖြစ် မှတ်ယူပြီး ပြည်သူများအားလုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်။"



**ကြေးမုံစာတည်းရှုထောင့်** **၆-၆-၂၀၁၅၊ စနေနေ့**

# မျှော်လင့်ချက်ပန်းတိုင်

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာနများ၌ ၂၀၁၅ ခုနှစ် မတ်လက ကျောင်းသား ကျောင်းသူများဖြေဆိုခဲ့ကြသည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှု၊ ကျရှုံးမှုရလဒ်များကို ယနေ့နံနက် ၆ နာရီတွင် နယ်မြေဒေသ အသီးသီး၌ ထုတ်ပြန်ပေးလိုက်ပြီဖြစ်သည်။

ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်လျှောက်ထားခဲ့သူ ကျောင်းသား ကျောင်းသူများမှာ ၆၃၂၃၁၄ ဦးရှိပြီး ၃၄၃၆၈ ဦးမှာ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ဖြေဆိုခဲ့ခြင်းမရှိချေ။ ယမန်နှစ်က ဖြေဆိုခဲ့ကြသူများမှာ ၅၄၁၉၄၆ ဦးရှိပြီး ယခုနှစ်တွင် ဖြေဆိုခဲ့ကြသူများမှာ ၅၉၇၉၄၆ ဦး ရှိသဖြင့် ဖြေဆိုသူ ၅၆၀၀၀ ပိုများလာသည်ကို တွေ့ရသည်။

တက္ကသိုလ်ဝင်စာမေးပွဲဆိုသည်မှာ အခြေခံပညာအဆင့် သင်ယူနေကြသော လူငယ်လူရွယ်များအတွက် ပညာရေးခရီးဆုံးတစ်ခုဖြစ်သလို ထိုလူငယ်လူရွယ်များ၏ ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုလည်းဖြစ်၍ အထူးအရေးကြီးသော အဆုံးအဖြတ်ပေးသည့် နေ့တစ်နေ့ဖြစ်ပါသည်။ ထို့ကြောင့် စာမေးပွဲဖြေဆိုခဲ့ကြသော ကျောင်းသား ကျောင်းသူများရော ကျောင်းသားမိဘများပါ စိတ်လှုပ်ရှားရသော နေ့တစ်နေ့ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုမှုရလဒ်များကို ပြန်ကြည့်မည်ဆိုပါက အောင်မြင်မှုရာခိုင်နှုန်းသည် ၂၀၁၁ ခုနှစ်က ၃၅ ဒသမ ၁၂၊ ၂၀၁၂ ခုနှစ်က ၃၄ ဒသမ ၃၇၊ ၂၀၁၃ ခုနှစ်က ၃၄ ဒသမ ၈၉၊ ၂၀၁၄ ခုနှစ်က ၃၁ ဒသမ ၆၇ အသီးသီးရှိခဲ့ပါသည်။ အောင်မြင်မှုရာခိုင်နှုန်း တိုးတက်မှုရလဒ် တဖြည်းဖြည်း လျော့နည်းလာခြင်းသည် အရည်အချင်းမြင့်မားသော ကြိုးစားအားထုတ်သူများကို စစ်ထုတ်ထားခြင်းဟု ဆိုနိုင်သော်လည်း တစ်ဖက်ကပြန်ကြည့်လျှင် သင်ယူမှုနှင့်သင်ကြားမှုအပိုင်း၌ အားနည်းနေသေးသည်ဟုဆိုနိုင်ပါသည်။

လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးကာလများက တက္ကသိုလ်ဝင် (၁၀ တန်း) စာမေးပွဲအောင်မြင်ရန်မှာ အလွန်ခက်ခဲသောအလုပ်ဖြစ်ပြီး စာမေးပွဲအောင်မြင်ပါကလည်း ဘဝအတွက် သိသိသာသာပြောင်းလဲနိုင်သော ကံကောင်းခြင်းရလဒ်ကို ဖြစ်ပေါ်စေပါသည်။ စာမေးပွဲအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တက်ရောက်ခွင့်ရကြသော ကျောင်းသား ကျောင်းသူများမှာ တစ်နယ်တွင် တစ်ယောက်ဆိုသလောက် ထွန်းထွန်းပေါက်ပေါက် ဖြစ်ခဲ့ပါသည်။

ထိုသို့ခက်ခဲသောအနေအထားမှ အောင်ချက်ရာခိုင်နှုန်း တဖြည်းဖြည်း မြင့်မားတိုးတက်လာသည်မှာ ကျောင်းသား ကျောင်းသူများ ပိုမိုကြိုးစားအားထုတ်လာ၍ အောင်မြင်မှုရာခိုင်နှုန်းများလာသည်ဟု ဆိုနိုင်သော်လည်း အရေအတွက်ထက် အရည်အချင်းမြင့်မားသူများ ပိုမိုလိုအပ်သည်မှာ အမှန်ဖြစ်ပါသည်။ ယခုဒီမိုကရေစီစနစ်ပြောင်းကာလတွင် အထက်ပါအတိုင်း အောင်ချက်ရာခိုင်နှုန်း လျော့နည်းလာသည်မှာ ပညာရည် အဆင့်မြှင့်တင်ပေးနိုင်မှုနှင့် ကြိုးစားအားထုတ်မှုလိုအပ်ခြင်းကြောင့်ဟု သုံးသပ်ရမည်ဖြစ်ပါသည်။

မည်သည့်နယ်ပယ်တွင်မဆို အခြေခံကောင်းမှသာ မြင့်မားခိုင်မာသော အဆင့်ကို ရရှိနိုင်ပါသည်။ အသိပညာနယ်ပယ်တွင် အရည်အချင်းမြင့်မားသည့် အခြေခံကောင်းများရရှိအောင် နိုင်ငံတော်က အဆင့်မြှင့်တင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများကလည်း စာမေးပွဲအောင်မြင်ရုံ၊ ထူးချွန်ရုံသက်သက် ရည်ရွယ်၍ ဖြတ်လမ်းမလိုက်မိဖို့လိုပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမှာ နတ်ကြီးသည်ဟုဆိုကြသော်လည်း လူသာ ပဓာန မိမိကိုယ်တိုင်စနစ်တကျ ကြိုးစားအားထုတ်ဖို့လိုပါသည်။ အချိန်မှန် ကြိုးစားအားထုတ်သောကြောင့် ဝမ်းသာအားရဖြစ်ကြသူများရှိသလို မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ဝမ်းနည်းကြရသူများမှာ ပိုများပေလိမ့်မည်။ ယခုနှစ်မအောင်မြင်လျှင် နောင်နှစ်တွင် သေချာပေါက်အောင်မြင်အောင် စနစ်တကျကြိုးစားမည်ဟု သန္နိဋ္ဌာန်ချဖို့လိုမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အခြေခံပညာကို အဆင့်မြှင့်ပြောင်းလဲဆောင်ရွက်ပေးနေသော ယနေ့အချိန်ကာလတွင် အရည်အချင်းမြင့်မားအောင် အခြေခံအဆင့်တိုင်းတွင် ကြိုးပမ်းအားထုတ်ကြရပါမည်။ သို့မှသာ အောင်ချက်ရာခိုင်နှုန်းမြင့်မားပြီး ကျောင်းသား ကျောင်းသူအများစုအတွက် ဘဝတစ်ဆစ်ချိုးပြောင်းလဲနိုင်မည့် တက္ကသိုလ်ဝင်စာမေးပွဲကို ထိုက်တန်စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ။



ယမန်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြည့်ရှုနေကြသော ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

## တက္ကသိုလ်ဝင်စာမေးပွဲ နှစ်အလိုက်ဖြေဆိုအောင်မြင်မှု (၂၀၁၁-၂၀၁၄)

| စဉ် | ခုနှစ် | စာစစ်ဌာန | ဖြေဆိုသူ | အောင်မြင်သူ | အောင်မြင်မှု % |
|---|---|---|---|---|---|
| ၁ | ၂၀၁၁ | ၁၂၆၀ | ၄၆၉၈၅၂ | ၁၆၅၀၀၇ | ၃၅ ဒသမ ၁၂ |
| ၂ | ၂၀၁၂ | ၁၂၆၈ | ၄၆၇၈၄၉ | ၁၆၀၇၇၈ | ၃၄ ဒသမ ၃၇ |
| ၃ | ၂၀၁၃ | ၁၂၉၆ | ၄၈၇၄၁၃ | ၁၇၀၀၄၃ | ၃၄ ဒသမ ၈၉ |
| ၄ | ၂၀၁၄ | ၁၂၇၈ | ၅၄၁၉၄၆ | ၁၇၁၆၄၇ | ၃၁ ဒသမ ၆၇ |
| ၅ | ၂၀၁၅ | ၁၂၈၇ | ၅၉၇၉၄၆ | - | - |

| တက္ကသိုလ်ဝင်စာမေးပွဲ (၆)ဘာသာဂုဏ်ထူးရှင်များ (၂၀၁၁-၂၀၁၄) | တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဂုဏ်ထူးရှင်များ (၂၀၁၁-၂၀၁၄) | တက္ကသိုလ်ဝင်စာမေးပွဲတစ်ပြည်လုံးတွင် အမှတ်အများဆုံးရရှိသူ ကျောင်းသားကျောင်းသူဦးရေ (၂၀၁၁-၂၀၁၄) |
|---|---|---|
| ၂၀၁၁ - ၃၉၈ | ၂၀၁၁ - ၂၁၃၀ | ၂၀၁၁ - ၃၈ ဦး |
| ၂၀၁၂ - ၄၅၇ | ၂၀၁၂ - ၂၅၃ | ၂၀၁၂ - ၃၂ ဦး |
| ၂၀၁၃ - ၅၀၀ | ၂၀၁၃ - ၂၆၇၁ | ၂၀၁၃ - ၃၃ ဦး |
| ၂၀၁၄ - ၆၀၂ | ၂၀၁၄ - ၂၀၉၅ | ၂၀၁၄ - ၁၈ ဦး |

# အားမလျှော့စေချင် တက္ကသိုလ်ဝင်

**နေပြည်တော် ဇွန် ၅**

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခဲ့ကြသော ကျောင်းသား ကျောင်းသူ ခြောက်သိန်းခန့်ရှိရာ ဖြေဆိုသူများ၏ အောင်စာရင်း ယနေ့ထွက်ရှိလာပါသည်။ အဆိုပါ ခြောက်သိန်းခန့်ရှိသော ကျောင်းသား ကျောင်းသူအားလုံးအနက် အောင်မြင်ကြသူများ ဝမ်းမြောက်ကြသလို၊ ကျရှုံးသူများလည်း စိတ်ပျက်ကြပေလိမ့်မည်။ စာမေးပွဲဆိုသည်မှာ ယှဉ်ပြိုင်ခြင်းသာဖြစ်၍ ကြိုးစားအားထုတ်မှုအလိုက် အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းတို့ရှိမည်ဖြစ်သည်။

နှစ်စဉ်ဖြေဆိုသူများ၏ လေးပုံတွင် တစ်ပုံခန့်သာအောင်မြင်ပြီး ကျန်သုံးပုံမှာ ကျရှုံးကြလေသည်။ ယနေ့အဖြေထွက်လာသော တက္ကသိုလ်ဝင်အောင်စာရင်းတွင်လည်း ထိုနည်းလည်းကောင်းပင်။ အောင်မြင်ခြင်း၊ ကျရှုံးခြင်းမှာ မိမိတို့၏ မှန်ကန်သော ကြိုးစားအားထုတ်မှု အပေါ်တွင်သာ မူတည်ပြီး မိဘ၊ ဆရာတို့၏ ပံ့ပိုးမှုက အထောက်အကူမျှသာဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူအားလုံး ကြိုးစားအားထုတ်မှု မြင့်မားနေမည်ဆိုလျှင် ကျရှုံးမှုမရှိ၊ အားလုံးအောင်မြင်ကြမည်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပညာတတ်ကြီးများသာရှိပြီး မိမိနှင့်တကွ တိုင်းပြည်လည်း ပညာတတ်နိုင်ငံကြီး ဖြစ်လာပေလိမ့်မည်။ ကြိုးစားအားထုတ်မှုနှင့် လုံ့လဝီရိယ စိုက်ထုတ်မှု အနည်းအများကွာဟမှုကြောင့်သာ အောင်ချက်ရာခိုင်နှုန်း အနည်းအများဖြစ်ပေါ်နေခြင်းဖြစ်သည်။

အောင်မြင်သူတို့ကလည်း မိမိတို့၏ ရှေ့အနာဂတ် ပညာခရီးတွင် မိမိတို့ထက် ထူးချွန်သူများ အများအပြား ရှိသည်ဟု မှတ်ယူထားပြီး စဉ်ဆက်မပြတ် ဆက်လက်ကြိုးစားနေရမည်။ ကျရှုံးသူများကလည်း ယခုမိမိတို့ ကြိုးစား အားထုတ်မှု လိုအပ်နေသေးသဖြင့် မအောင်မြင်ခြင်းဖြစ်သည်ဟု နှလုံးသွင်းကြရမည်ဖြစ်သည်။ နောင်နှစ်တွင် ကျရှုံးခြင်းမရှိအောင် ယခုထက် ပိုမိုကြိုးစားအားထုတ်မည်ဟု စိတ်ပိုင်းဖြတ်ထားရမည်။ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ရန်မလွယ်ကူဟု စိတ်ပျက်အားလျှော့ရန်လည်း မလိုအပ်ချေ။ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးနှောက်တစ်လုံး ရှိသူချင်းပီပီ ၎င်းတို့အောင်မြင်လျှင် မိမိလည်း အောင်မြင်ရမည်ဟု ခိုင်မာသော သန္နိဋ္ဌာန်၊ မလျှော့သော ဇွဲလုံ့လ ရှိဖို့သာလိုအပ်ပါသည်။

အဖက်ဖက်မှ ကူညီဖြည့်ဆည်းပေးနေသော ယနေ့ကာလတွင် ကျရှုံးသူများအဖို့ စိတ်ဓာတ်ကျရန် မလိုဘဲ စိတ်ဓာတ်ခွန်အား အသစ်များမွေးဖွားပြီး တက္ကသိုလ်ဝင်စာမေးပွဲကြီးကို သေချာပေါက်အောင်မြင်ရမည် ဟူသည့် ပြင်းထန်သည့်စိတ်ဓာတ်ဖြင့် ဆက်လက်ကြိုး စားအားထုတ်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။

**(စာတည်း)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇွန် ၅**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၂၂၂၀၀ | - | ၇၂၃၂၀၀ |
| မန္တလေး | ရွှေဈေး | ၇၂၂၂၀၀ | - | ၇၂၃၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

(က) ဒီဇယ် တစ်လီတာ ၆၉၀ ကျပ်
(ခ) အောက်တိန်း 95 တစ်လီတာ ၈၀၀ ကျပ်
(ဂ) အောက်တိန်း 92 တစ်လီတာ ၇၃၀ ကျပ်
(ဃ) ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

(က) အမေရိကန် တစ်ဒေါ်လာ = ၁၁၀၅. ၀
(ခ) ဥရောပ တစ်ယူရို = ၁၂၃၈. ၆
(ဂ) တရုတ် တစ်ယွမ် = ၁၇၈. ၂၀
(ဃ) ထိုင်း တစ်ဘတ် = ၃၂. ၇၂၀
(င) မလေးရှား တစ်ရင်းဂစ် = ၂၉၇. ၅၂
(စ) အိန္ဒိယ တစ်ရူပီး = ၁၇. ၂၅၈
(ဆ) ဂျပန် တစ်ရာယန်း = ၈၈၇. ၈၇
(ဇ) တောင်ကိုရီးယား တစ်ရာဝမ် = ၉၉. ၂၇၂
(ဈ) ဩစတြေးလျ တစ်ဒေါ်လာ = ၈၄၉. ၆၄
(ည) စင်ကာပူ တစ်ဒေါ်လာ = ၈၁၉. ၅၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**"ညှိနှိုင်းဈေးဖြင့်ရောင်းမည်"**

မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း(၁)လမ်း၊ ပေ (၆၀×၆၀)၊ 1RC၊ အုတ်တံတိုင်း ခတ်ထားသည်၊ တစ်ခြံလုံး ကွန်ကရစ်လောင်းထားသည်။ အဝီစိပါ၊ ငမိုးရိပ်စည်ပင်ရေ ပါသည်။ မီတာ ၂လုံး။ ဆိုဈေး-၂၂၀၀သိန်း
ဖုန်း- ၀၉- ၅၁၈၈၀၃၄၊
၀၉- ၇၃၁၇၂၇၉၇၊
၀၉- ၂၅၀၁၅၃၅၃၂

**သွေးသည်အသက်**

# သဘာဝသယံဇာတအရင်းအမြစ်များကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် ပစ္စုပ္ပန်နှင့်အနာဂတ်တွင် ရေရှည်စနစ်တကျထုတ်ယူသုံးစွဲ

**နေပြည်တော် ဇွန် ၅**

၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC- 2) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)ဌာနေကိုယ်စားလှယ် မစ္စ ရီနာတာ လော့ခ် ဒပ်စ္စလီယန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်တွင်ပါသည့် လူသား သန်း ၇၀၀၀ ၏ အဓိကကျသည့် မျှော်မှန်းချက်များဖြစ်သည့် အစာအာဟာရလုံလောက်စွာရရှိရန်နှင့် စိုက်ပျိုးရေးကို မြှင့်တင်ရန်၊ အရည်အသွေးရှိသည့်ပညာရေးကို ဖော်ဆောင်ရန်၊ သန့်ရှင်းသည့်ရေ လုံလောက်စွာရရှိရန်၊ ထုတ်လုပ်မှုနှင့် စားသုံးမှုပုံသဏ္ဌာန်များကို ရေရှည်မျှော်ကိုးပြီး ကောင်းမွန်သောအလေ့အကျင့်များ ကျင့်ကြံရန်၊ ငြိမ်းချမ်းပြီး အားလုံးပါဝင်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် စသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို ယခုလာမည့် စက်တင်ဘာလတွင် ကျင်းပမည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် အပြီးသတ်ချမှတ်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ယခုနှစ် ဒီဇင်ဘာလအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု သဘောတူညီချက်ကို ချမှတ်သွားမည်ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်သည် သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ လူသားများအားလုံး သယံဇာတများ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် မူလဂေဟစနစ် ရေရှည်တည်တံ့စေမှုကို ထိခိုက်မှုမရှိစေရန် တစ်ဦးချင်း၏ နေထိုင်မှု အမူအကျင့်များကို အခြေခံကျကျ ပြောင်းလဲသွားကြရမည်ဖြစ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရန်၊ မရရန်ဆိုသည်မှာ မိမိတို့လူသားများ၏ အပြုအမူများနှင့် လုပ်ဆောင်ချက်များအပေါ် အဓိကတည်မှီနေခြင်းကြောင့် ဖြစ်ပါကြောင်း။

မိမိတို့အားလုံး အထူးသတိပြုရမည့်အချက်တစ်ချက်မှာ ကမ္ဘာ့လူဦးရေ တစ်နေ့တခြား တိုးတက်လာခြင်းပင်ဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေသည် သန်း ၇၀၀၀ ရှိနေပြီး ၂၀၅၀ ခုနှစ်တွင် သန်း ၉၆၀၀ အထိ တိုးလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၁၉၉၀ ခုနှစ်က လူဦးရေသန်း ၄၀ ကျော်ခန့်ရှိခဲ့ရာမှ ယခုအခါ လူဦးရေ ၅၁ ဒသမ ၄ သန်းကျော်အထိ တိုးတက်လာပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာ၊ လူ့အသုံးအဆောင်၊ သယံဇာတများဖြည့်ဆည်းပေးနိုင်ရန် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံး၏ အဓိကစိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်ကို မိမိတို့ ငြင်း၍မရနိုင်ပါကြောင်း။

ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ လူသားတို့၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် နည်းပညာများဆန်းသစ်တီထွင်ခြင်း၊ စက်မှုလက်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့နှင့်အတူ အခြားတစ်ဖက်တွင်လည်း သဘာဝသယံဇာတအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသည့်အတွက် သဘာဝသယံဇာတများ လျော့နည်းဆုံးရှုံးလာခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ ဂေဟစနစ်များပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ လေထုနှင့်ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း စသည့် ပတ်ဝန်းကျင်ယိုယွင်းမှုပြဿနာများသည် မိမိတို့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြား၌ ကြုံတွေ့ရလျက်ရှိပါကြောင်း၊ အထူးသဖြင့် သက်ရှိလောကတစ်ခုလုံးကို ခြိမ်းခြောက်နေသည့် အကြီးမားဆုံးသောပြဿနာမှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ပင်ဖြစ်ပါကြောင်း။

ယနေ့ သက်ရှိလောက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းသည့်နေရာတွင် ကြုံတွေ့နေရသည့် ယခုကဲ့သို့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်မှ လေ့လာဆန်းစစ်တွေ့ရှိချက်များကို အခွင့်ကြုံ၍ရှင်းပြရမည်ဆိုပါက ကမ္ဘာ့လူဦးရေ ၉၂၅ သန်းသည် စားနပ်ရိက္ခာချို့တဲ့မှု၊ သန်း ၆၀၀ ကျော်သည် သောက်သုံးရေမရရှိမှု၊ သန်း ၃၄၀၀ ခန့်သည် ရေချိုရရှိရေး ခြိမ်းခြောက်ခံနေရမှု၊ လူဦးရေသန်း ၂၅၀၀ သည် အခြေခံသန့်ရှင်းမှုမရှိသည့်အတွက် ၃ ဒသမ ၅ သန်းသည် ရောဂါဘယခံစားနေရမှု၊ ကမ္ဘာမြေဧရိယာ၏ ၄ ပုံ ၁ ပုံဖြစ်သည့် သစ်တောဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ စိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းနှင့် စားကျက်မြက်ခင်းဧရိယာ၏ ၁၀ ရာခိုင်နှုန်းသည် အဆင့်အတန်းကျဆင်းလာသည့်အတွက် ထုတ်လုပ်မှု၏ ၄ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ နှစ်စဉ်လျော့ကျနေမှု၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၀ ခုနှစ်အကြားတွင် နှစ်စဉ်သစ်တောဧရိယာဟက်တာ ၁၃ သန်းဆုံးရှုံးမှု၊ ကမ္ဘာ့ရေတိမ်ဒေသ၏ ၅၀ ရာခိုင်နှုန်းဆုံးရှုံးမှု စသည့် သဘာဝသယံဇာတများ လျော့ပါးမှုပြဿနာများနှင့် ကြုံတွေ့နေရကြောင်းကို ဖော်ပြထားပါကြောင်း၊ ယင်းတို့သည် လက်ရှိကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ၏ အသက်ရှင်ရပ်တည်မှုကို ခြိမ်းခြောက်နေသကဲ့သို့ နောင်အနာဂတ် ၂၀၅၀ ခုနှစ်တွင် ရှိလာမည့် ကမ္ဘာ့လူဦးရေသန်း ၉၆၀၀ ၏ အဓိကစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်ဆိုသည်ကို ထင်ထင်ရှားရှား သိရှိနိုင်ပါကြောင်း၊ ဤကဲ့သို့ တိုးတက်လာသည့်လူဦးရေ၏ လိုအပ်ချက်များ ဖြည့်ဆည်းရန် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝသယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲလျက်ရှိသည့်အတွက် အများစုသော ကမ္ဘာ့သဘာဝဂေဟစနစ်များသည်လည်း ပျက်သုဉ်းပြီး ပြန်လည်ကုစားရန်မရနိုင်သည့်အနေအထား ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိထုတ်လုပ်စားသုံးမှုပုံစံအတိုင်းသွားမည်ဆိုပါက ၂၀၅၀ ခုနှစ်တွင် ကမ္ဘာသုံးခု လိုအပ်လာမည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNDP)၏ ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဆိုင်ရာ ရှင်းလင်းဖော်ပြချက်တွင် ဖော်ပြထားပါကြောင်း။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရ ဦးစိန်ဝင်း(ပန်းမြိုင်လယ်စိန်ဝင်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

အလားတူ ကမ္ဘာ့နှစ်စဉ် စားသောက်ကုန်ထုတ်လုပ်မှု၏ သုံးပုံ တစ်ပုံဖြစ်သည့် မက်ထရစ်တန်ပေါင်း ၁ ဒသမ ၃ ဘီလီယံသည် အစားအသောက်စွန့်ပစ်ပစ္စည်းအဖြစ်ဆုံးရှုံးနေပြီး ဤပမာဏသည် တစ်ကမ္ဘာလုံးဆီထွက်သီးနှံထုတ်လုပ်မှု ၂ ဒသမ ၃ ဘီလီယံတန်၏ တစ်ဝက်ကျော်နေကြောင်းကို လွန်ခဲ့သည့်နှစ်နှစ်က ဆန်းစစ်သည့်ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ဖော်ပြထားသည့်အပြင် နိုင်ငံသားတိုင်းသည်လည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း ဥပဒေ၊ နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ကဏ္ဍအသီးသီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် မိမိတို့ မြန်မာနိုင်ငံ၏ ပေါကြွယ်ဝသည့် သစ်တောသယံဇာတများ၊ ရေအရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် တွင်းထွက်သဘာဝသယံဇာတအရင်းအမြစ်များကို သုံးစွဲသည့်အခါတွင် သဘာဝ ပတ်ဝန်းကျင်မထိခိုက်စေရန်နှင့် ပြုန်းတီးမှုမရှိစေရန် ရေရှည်မျှော်ကိုးပြီး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ် ၂၀ စီမံကိန်းတွင်လည်း အဓိကကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲထားပါကြောင်း။

ထို့ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်သည့်အခါတွင် ပတ်ဝန်းကျင်နှင့် စီးပွားရေး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ မြန်မာနိုင်ငံ(၂၁)ရာစုအစီအစဉ်၊ အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာတို့ကိုအခြေခံပြီး လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ မဟာဗျူဟာမူဘောင်နှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းအစီအစဉ်များ၊ အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များနှင့် မြေအသုံးချမှုဆိုင်ရာမူဝါဒကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသားတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝသယံဇာတအရင်းအမြစ်များကို ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ရေရှည်စနစ်တကျထုတ်ယူသုံးစွဲသွားနိုင်ရန်၊ ကောင်းမွန်သန့်ရှင်းသည့် ရေ၊ မြေ၊ လေ၊ ရာသီဥတုနှင့် ရေရှည်တည်တံ့သည့်ဂေဟစနစ်နှင့် ဇီဝမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများကို လက်ရှိပစ္စုပ္ပန်အတွက်သာမက နောင်အနာဂတ်မျိုးဆက်များကိုလည်း လက်ဆင့်ကမ်းအမွေပေးနိုင်ရေးကို သမိုင်းပေးတာဝန်တစ်ခုအဖြစ် မှတ်ယူပြီး ပြည်သူများအားလုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံမှသည် ကမ္ဘာကြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်၊ အနာဂတ်မျိုးဆက်များအတွက် ပတ်ဝန်းကျင်အခြေအနေကောင်းများ လက်ဆင့်ကမ်းပေးနိုင်ရန်၊ ပတ်ဝန်းကျင်သာယာလှပပြီး ကျန်းမာပျော်ရွှင်စွာဖြင့် အသက်ရှင်ရပ်တည်နေထိုင်သွားနိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းများတွင် နိုးကြားတက်ကြွသည့်အသိစိတ်ကိုယ်စီဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ ပြည်သူများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင် ရှင်သန်ထက်မြက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာမှုများကို နိုင်ငံတော်အနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် မစ္စ ရီနာတာ လော့ခ် ဒပ်စ္စလီယန်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၏ သဝဏ်လွှာနှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာ အာချင်မ် စတိန်နာ၏ သဝဏ်လွှာတို့ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွှတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်ဝေဝေလှိုင်၊ ဒုတိယဆုရ ဦးစိန်ဝင်း (ပန်းမြိုင်လယ်စိန်ဝင်း)၊ တတိယဆုရ ဦးစန်းအောင် (မောင်ခိုင်မာ-အထက်မင်းလှ)၊ အထူးဆုရရှိကြသည့် ဒေါ်ယုယုနိုင် (မယု-စက်မှု)၊ ဦးသူရမြင့်မောင် (ပါရမီသွေး- ဆေးပညာ)နှင့် ဒေါ်စမ်းဇမော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ် မစ္စ ရီနာတာ လော့ခ် ဒပ်စ္စလီယန်က ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွှတ်တန်းစာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မစန္ဒီဟိန်းလတ်၊ ဒုတိယဆုရ မထက်ထက်လင်း၊ တတိယဆုရ ဒေါ်သက်ဝေနှင်း (မြူ)၊ အထူးဆုရရှိကြသည့် ဦးဝင်းထွန်း၊ မဆွေကမ္ဘာအောင် (ကမ္ဘာကြီး-MECH) နှင့် မလှယမင်းကိုကိုတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုကိုပြသပြီး နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# အက်ရစ်ထရီးယားလူမျိုး ခိုလှုံခွင့်တောင်းခံသူ ၁၄ ဦး ပြန်ပေးဆွဲခံရ

**ခါတွန်  ဇွန်  ၅**

ဆူဒန်နိုင်ငံအရှေ့ပိုင်းတွင် သေနတ်သမားများက အက်ရစ်ထရီးယားလူမျိုး ခိုလှုံခွင့်တောင်းခံသူ ၁၄ ဦးကို ဇွန် ၅ ရက်က ပြန်ပေးဆွဲခဲ့ကြောင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး (UNHCR) က ပြောကြားသည်။

ခိုလှုံခွင့်တောင်းခံသူ ၄၉ ဦးကို ဒုက္ခသည်စခန်းတစ်ခုသို့ ပို့ဆောင်ပေးသည့် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး၏ ယာဉ်တန်းကို သေနတ်သမားများက တိုက်ခိုက်ခဲ့ပြီး ၁၄ ဦးကို ပြန်ပေးဆွဲသွားခဲ့သည်ဟု ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး၏ ပြောခွင့်ရပုဂ္ဂိုလ် နီကိုလပ်စ်ဘရပ်စ်က ပြောကြားသည်။

ကက်စဘာမြို့နှင့် ရှီဂါရက်ဘ် ဒုက္ခသည်စခန်းကြားရှိ လမ်းမပေါ်တွင် ပြန်ပေးဆွဲခြင်းခံရသူ ၁၄ ဦးတွင် အရွယ်မရောက်သေးသူ ခြောက်ဦးနှင့် အမျိုးသမီး ရှစ်ဦး ပါဝင်ကြောင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးက ဆိုသည်။

ဆူဒန်တွင် အက်ရစ်ထရီးယားဒုက္ခသည်အရေအတွက် အမြောက်အမြားရှိပြီး ရာပေါင်းများစွာမှာ ဥရောပသို့ ရောက်ရှိရန်အတွက် နှစ်နိုင်ငံကြား နယ်စပ်များကို ဖြတ်ကျော်ရန် လစဉ်ကြိုးပမ်းကြကြောင်း သိရသည်။

မြို့တော်ခါတွန်၏အရှေ့ဘက် ကီလိုမီတာ ၄၀၉ အကွာအဝေးရှိ ရှီဂါရက်ဘ်စခန်းတွင် ဒုက္ခသည် ၁၅၀၀၀ ခန့်ကို နေရာထိုင်ခင်းပေးထားပြီး ယင်းဒုက္ခသည်များတွင် အက်ရစ်ထရီးယားလူမျိုး ခိုလှုံခွင့်တောင်းခံသူများ အများဆုံး ပါဝင်ကြောင်း သိရသည်။

ဆူဒန်အရှေ့ပိုင်းတွင် သေနတ်သမားများသည် အက်ရစ်ထရီးယားလူမျိုးနှင့် အီသီယိုးပီးယားလူမျိုးများကို ဆူဒန်နယ်မြေများသို့ လူကုန်ကူးခြင်းနှင့် မှောင်ခိုကူးခြင်းများ ပြုလုပ်လျက်ရှိကြသည်။ **ဆင်ဟွာ။**

# မလေးရှား၌ မြေငလျင်လှုပ်မှုကြောင့် တောင်တက်သမားများ ဒဏ်ရာရ၊ ၁၃၇ ဦး ပိတ်မိ

**ကွာလာလမ်ပူ  ဇွန်  ၅**

မလေးရှားနိုင်ငံ၌ မြေငလျင်လှုပ်မှုကြောင့် တောင်တက်သမား ၁၁ ဦး ဒဏ်ရာရရှိပြီး ၁၃၇ ဦး ခရီးမဆက်နိုင်ဘဲ ပိတ်မိနေကြောင်း မိုးလေဝသဌာနက ဇွန် ၅ ရက်တွင် ပြောကြားသည်။

အရှေ့တောင်အာရှဒေသ၏ အမြင့်ဆုံး တောင်ထွတ်အနီးတွင် အင်အား ၅ ဒသမ ၉ ရှိ မြေငလျင်လှုပ်မှုဖြစ်ပွားကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဘော်နီယိုကျွန်း ဆာဘားပြည်နယ် ရာနောခရိုင် အနောက်မြောက်ဘက်၌ ဇွန် ၅ ရက် အစောပိုင်းက မြေအောက်အနက် ၃၄ မိုင်အကွာတွင် မြေငလျင်လှုပ်ခဲ့သည်။

အမြင့် ၄၀၉၅ မီတာရှိ တောင်ထွတ်၌ ရောက်ရှိနေသော တောင်တက်သမားနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ကို ကယ်ဆယ်ပေးခဲ့ကြောင်း၊ တောင်ပေါ်တွင် ပိတ်မိနေသူ ၁၃၇ ဦးအနက် ကိုးဦးဒဏ်ရာ ရရှိသည်ဟု ယူဆရကြောင်း ဆာဘားအမျိုးသားဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဂျာမလီနစ်က ပြောကြားသည်။

မြေငလျင်လှုပ်မှုကြောင့် တောင်တက်လမ်း ပိတ်ဆို့သွားရသည်ဟု ယူဆရသည်။ ရာသီဥတု ဆိုးရွားမှုကြောင့် ရဟတ်ယာဉ်များ တောင်ပေါ်၌ ဆင်းသက်နိုင်ခြင်းမရှိသော်လည်း အမျိုးသားဥယျာဉ်၏ တောခေါင်းများနှင့် တောင်တက်လမ်းပြများက တောင်တက်သမားများကို အကူအညီပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ **ပီတီအိုင်။**



# မျိုးသုဉ်းပျောက်ကွယ်တော့မည့် ပင်လယ်လိပ်များ ရောင်းဝယ်သူများကို ဆိုင်းငံ့ထောင်ဒဏ်ချမှတ်

**ဆန်းရှာ  ဇွန်  ၅**

တရုတ်နိုင်ငံသားနှစ်ဦးအား မျိုးသုဉ်းပျောက်ကွယ်တော့မည့် ပင်လယ်လိပ်များ ရောင်းဝယ်ဖောက်ကားမှုဖြင့် ဒဏ်ရိုက်ကာ ဆိုင်းငံ့ထောင်ဒဏ်များ ချမှတ်လိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ချုံဟိုင်မြို့တော်၌ မှတ်ပုံတင်ထားသည့် ချုံဟိုင်းယု ဝ၃၁၈ ဟုခေါ်ဆိုသည့်သင်္ဘောမှ သင်္ဘောကပ္ပတိန် ဟီဂျန်တင်နှင့် အင်ဂျင်နီယာချုပ် ဟီဂျန်ဒူအန်တို့အား ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၁၁ ရက်က ဖိလစ်ပိုင်တံငါသည်များထံမှ ပင်လယ်လိပ် ၂၄ ကောင် ဝယ်ယူမှုဖြင့် ဇွန် ၄ ရက်တွင် ဆန်းရှာကျွန်းတရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးက ဖိလစ်ပိုင်တံငါသည်များအား အစိုးရ၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင်ရှိနေသည့် တိရစ္ဆာန်များဝယ်ယူရာတွင် အလဲအလှယ်အနေဖြင့် ဆန်သုံးအိတ်၊ ဟင်းချက်ဆီသုံးဘူးနှင့် ဘီစကစ်သုံးဘူးပေးခဲ့ကြောင်း သိရသည်။

ပြစ်မှုထင်ရှားသဖြင့် ဟီဂျန်တင်အား ဆိုင်းငံ့ပြစ်ဒဏ်လေးနှစ်နှင့် ထောင်ဒဏ်သုံးနှစ်၊ ဟီဂျန်ဒူအန်အား ဆိုင်းငံ့ထောင်ဒဏ်တစ်နှစ်နှင့် ထောင်ဒဏ်ခြောက်လ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့အား ယွမ် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၈၁၇) နှင့် ယွမ် ၁၀၀၀ အသီးသီး ဒဏ်ရိုက်ခဲ့သည်။ အဆိုပါနှစ်ဦးကို ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၂၁ ရက်တွင် တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ပင်လယ်လိပ် ၂၄ ကောင်အနက် နှစ်ကောင်မှာ သေဆုံးသွားခဲ့ပြီး ကျန်ရှိသည့် ၂၂ ကောင်ကို ပင်လယ်တွင်းသို့ လွှတ်ပေးခဲ့သည်။

ယခု စီရင်ချက်ချမှတ်ခြင်းသည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက တရုတ်နိုင်ငံ၏ တောင်ပိုင်းတရားရုံး ဖွင့်လှစ်ပြီးချိန်ကတည်းက ပထမဆုံးသော စစ်ဆေးစီရင်မှုဖြစ်သည်။ ရှီရှားကျွန်းများအနက် ကျွန်းတစ်ကျွန်းဖြစ်သည့် ရောင်ဇင်ကျွန်းပေါ်ရှိ ဆန်းရှာမြို့တော်ကို ရှီရှား၊ ကျောင်ရှားနှင့် နန်ရှားကျွန်းအုပ်စုများနှင့် တောင်တရုတ်ပင်လယ်တွင်းရှိ ၎င်းတို့၏ ပတ်ဝန်းကျင်ရေပိုင်နက်ကို စီမံခန့်ခွဲရန် ၂၀၁၂ ခုနှစ်တွင် တရားဝင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

# ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီ အမှန်တရားဖော်ထုတ်ရေး ကော်မရှင်ဖွဲ့စည်းမည်

**ဘိုဂိုတာ  ဇွန်  ၅**

ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာစီသူပုန်အဖွဲ့တို့သည် နှစ်ပေါင်း ၅၀ ကျော်ကြာ ပဋိပက္ခကို အဆုံးသတ်စေမည့် ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိခဲ့သော် အမှန်တရားဖော်ထုတ်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ယနေ့ ကြေညာချက်ထုတ်ပြန်သည်။

အဆိုပါကော်မရှင်သည် လွတ်လပ်သော၊ ဘက်မလိုက်သောအဖွဲ့ဖြစ်ရမည်ဖြစ်ပြီး ပဋိပက္ခတွင် ပါဝင်သော ဘက်အားလုံးမှ တင်ပြချက်များကို ကြားနာရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

မည်သည့်အခါမျှ ဤသို့သော စစ်ပွဲများနောက်တစ်ကြိမ်မဖြစ်စေရန်အတွက် ပဋိပက္ခဖြစ်စဉ်ကို ရှင်းလင်းတင်ပြရန် ရည်ရွယ်၍ ကော်မရှင်ဖွဲ့စည်းခြင်းဖြစ်သည်။ မည်သို့သော သက်သေအထောက်အထားကိုမျှ စုဆောင်းမှတ်တမ်းတင်၍ အနာဂတ်ကာလတွင် တရားရုံးတော်၌ အသုံးပြုခွင့် ရရှိမည်မဟုတ်ပေ။

ကျူးဘားနိုင်ငံ မြို့တော်ဟာဗာနား၌ (၃၇)ကြိမ်မြောက် ကျင်းပသော ဆွေးနွေးပွဲပြီးဆုံးပြီးနောက် ကြေညာချက်ထုတ်ပြန်ချက်တွင် နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိသောအခါ အမှန်တရားရှာဖွေဖော်ထုတ်ရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းမည်ဟု ဆိုသည်။

ကော်မရှင်တွင် ရည်မှန်းချက်သုံးရပ်ရှိပြီး ယင်းတို့မှာ ပဋိပက္ခမည်သို့ ဖြစ်ပျက်ခဲ့သည်ကို ရှင်းလင်းရန်နှင့် ပဋိပက္ခအရှုပ်အထွေး တစ်ခုလုံးကို အပြည့်အဝ ရှင်းလင်းဖော်ပြရန်၊ ပဋိပက္ခအတွင်း သေဆုံးသူများကို အသိအမှတ်ပြုရန်နှင့် ဆွေးနွေးအဖြေရှာခြင်းတို့ကို မြှင့်တင်ရန်တို့ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**



# ဂျပန်၌ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသား၏အသက်ကို အသက် ၂၀ မှ ၁၈ နှစ်အထိ လျှော့ချပေးမည်

**တိုကျို  ဇွန်  ၅**

ဂျပန်နိုင်ငံ၌ ကျင်းပမည့် အမျိုးသားရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများ၏ အရွယ်ကို လက်ရှိအသက် ၂၀ မှ ၁၈ နှစ်သို့ လျှော့ချရန် အောက်လွှတ်တော်က ဇွန် ၄ ရက်တွင် တစ်ခဲနက် မဲခွဲဆုံးဖြတ်လိုက်သည်။

ဂျပန်နိုင်ငံ၌ နှစ်ပေါင်း ၇၀ ကာလအတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် ပြင်ဆင်ချက်ထည့်သွင်းခြင်းဖြစ်သည်။

အောက်လွှတ်တော် မျက်နှာစုံညီ အစည်းအဝေး၌ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအား ပြင်ဆင်ရန် ဖော်ပြသည့် ဥပဒေကြမ်းကို အတည်ပြုပေးလိုက်ပြီးနောက် အထက်လွှတ်တော်က အစောဆုံး ဇွန် ၁၇ ရက်တွင် အတည်ပြုပေးမည်ဟု မျှော်လင့်ရသည်။ အဆိုပါဥပဒေကြမ်းကို အတည်ပြုပြီးပါက လာမည့်နှစ်မှစ၍ လွှတ်တော်ရွေးကောက်ပွဲများတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများမဲပေးခွင့်ရရှိလာမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၌ မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသား၏ အသက်အရွယ် သတ်မှတ်ချက်ကို ၁၉၄၅ ခုနှစ်တွင် နောက်ဆုံးအကြိမ် ပြင်ဆင်ပြောင်းလဲခဲ့သည်။ ထိုစဉ်က မဲပေးခွင့်ရှိသူ နိုင်ငံသား၏ အသက်ကို ၂၅ နှစ်မှ အနှစ် ၂၀ သို့ လျှော့ချပေးခဲ့သည်။

၂၀၁၄ ခုနှစ် ဇွန်လတွင် အမျိုးသား လူထုဆန္ဒခံယူပွဲ ဥပဒေကြမ်းအား ပြင်ဆင်သည့် ဥပဒေအာဏာ သက်ဝင်လာခဲ့ပြီးနောက် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသား၏ အသက်ကို လျှော့ချရန် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။

ဂျပန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလည်း ပြင်ဆင်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ရည်မှန်းသည်။ ယင်းသို့ ပြင်ဆင်နိုင်မည် ဆိုပါက ဂျပန်ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် နိုင်ငံတကာတွင် ယင်း၏ လုံခြုံရေးအခန်းကဏ္ဍကို မြှင့်တင်နိုင်မည်ဖြစ်သည်။ **ကျိုဒို။**

**အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်**

**မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါကိုသိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ**

**မိမိ၏အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ**

**အချက်အလက် မှားနေလျှင် ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ**

**မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ**

# ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ ဥပဒေကိုသိရှိအောင်လေ့လာပြီး ဥပဒေနှင့်အညီဆောင်ရွက်

**နေပြည်တော် ဇွန် ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများ၊ မဲရုံတည်နေရာများ လျာထားသတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင် အတွင်းရေးမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ရွေးကောက်ပွဲအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် အထွေထွေရွေးကောက်ပွဲကို ယခုနှစ် အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားရန် ဇန်နဝါရီ ၁ ရက်နေ့က စတင်ကြေညာခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံဥပဒေအရ ကော်မရှင်၏ တာဝန်များမှာ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းများ ပြုစုခြင်းနှင့် ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကိုရွှေ့ဆိုင်းခြင်း စသည်ဖြင့် သတ်မှတ်ထားပါကြောင်း၊ ယနေ့အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ မဲဆန္ဒနယ် သတ်မှတ်ရန် ညှိနှိုင်းအစည်းအဝေးဖြစ်၍ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် စတင်လုပ်ဆောင်အကောင်အထည်ဖော်သည့် အစည်းအဝေးဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်သည် မြို့နယ်ကို အခြေခံသဖြင့် လက်ရှိမြို့နယ် ၃၃၀ ကိုပင် ဆက်လက်သတ်မှတ်ရမည်ဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၁၂ နေရာ သတ်မှတ်ထားပြီး မည်သို့သတ်မှတ်ရမည်ကို ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်၍ ဥပဒေနှင့်အညီ လိုက်နာသတ်မှတ်ပေးသွားရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် တစ်မြို့နယ်လျှင် မဲဆန္ဒနယ် (၁) နှင့် (၂) ဟု သတ်မှတ်ထားသဖြင့် လူဦးရေအပေါ် အခြေခံပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စုများကို မျှတစွာသတ်မှတ်ပေးရန် လိုကြောင်း။

လွှတ်တော်ရွေးကောက်ပွဲကျင်းပနိုင်ရေးကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို မြို့နယ်အဆင့်ထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းပေးခဲ့ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဖွဲ့စည်းခန့်အပ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အရည်အချင်းပြည့်ဝစေရန်အတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးကြပ်ရန်၊ လေ့ကျင့်ပညာပေးသွားရန်လိုကြောင်း။

မဲစာရင်းပြုစုခြင်းကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုအထွေထွေအုပ်ချုပ်ရေးရုံးရှိ လူဦးရေစာရင်းနှင့် အိမ်ထောင်စုစာရင်းကိုအခြေခံပြီး ပြုစုရကြောင်း၊ အထွေထွေအုပ်ချုပ်ရေးရုံးရှိစာရင်းများ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီမှု မရှိက မဲစာရင်းတွင် လွဲမှားမှုများရှိမှာဖြစ်ကြောင်း၊ မဲစာရင်းကပ်ခြင်းသည် မဲဆန္ဒရှင်များလာရောက်ကြည့်ရှု၍ အမှားများပြင်ဆင်ကြပြီး မှန်ကန်သော မဲစာရင်းရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲစာရင်းလာရောက်ကြည့်ရှုပြီး မဲစာရင်းမှန်ရရှိရေး ပါတီများ၊ လူမှုအဖွဲ့အစည်းများသာမက အုပ်ချုပ်ရေးအဖွဲ့များ၏အကူအညီ၊ ပူးပေါင်းဆောင်ရွက်မှုကိုပါ ရယူဆောင်ရွက်သွားစေလိုကြောင်း၊ အခြေခံမဲစာရင်းမပြည့်စုံမှုကို ပြောဆိုဝေဖန်မည့်အစား ပူးပေါင်းဆောင်ရွက်ရန် ရှင်းလင်းပြောကြားကြရန် လိုအပ်ကြောင်း။

မဲဆန္ဒနယ်များသတ်မှတ်ရာတွင် လက်ရှိအခြေအနေအတိုင်းလျာထားရန်လိုကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်မျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိမှသာ ဥပဒေနှင့်အညီ ရွှေ့ဆိုင်းခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ဥပဒေကိုသိရှိအောင်လေ့လာပြီး ဥပဒေနှင့်အညီ ရဲရဲဝံ့ဝံ့လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများသည် မဲဆန္ဒနယ်မြေသတ်မှတ်ရေးဆိုင်ရာများ၊ မဲဆန္ဒရှင်များစာရင်းနှင့် မဲရုံများလျာထားသတ်မှတ်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆက်လက်၍ လျာထားသတ်မှတ်သည့် မဲဆန္ဒနယ်များနှင့် မဲရုံစာရင်းများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ရှင်းလင်းတင်ပြပြီး အတည်ပြုခြင်းကို ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မီဒီယာဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ခြင်းများ စနစ်တကျဆောင်ရွက်နိုင်ရန် အစိုးရဝန်ကြီးဌာနများ ပြင်ဆင်လာ

**နေပြည်တော် ဇွန် ၅**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အသစ် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံအသစ်တွင် ပါဝင်သည့် ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲများတွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မီဒီယာဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတင်းမီဒီယာဆိုင်ရာ လူမှုဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ခြင်း အတတ်ပညာများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းများ တက်ရောက်ကာ ကြိုတင်ပြင်ဆင်လာကြသည်။

မီဒီယာဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ခြင်းဆိုင်ရာ သင်တန်းကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမတွင် ယနေ့နံနက် ၉ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က မီဒီယာဟူသည် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အများပြည်သူ ပိုမိုသိရှိနားလည်အောင် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် မီဒီယာများနှင့် ဆက်ဆံရာတွင် အခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်စေလိုကြောင်း၊ မီဒီယာဆက်ဆံရေးတွင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များနှင့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် မူဝါဒများချမှတ်ကာ စနစ်တကျဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်သင့်ကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းတွင် ရန်ကုန်အခြေစိုက် သတင်းစာပညာသင်တန်းကျောင်းမှ သတင်းစာပညာရှင် ဦးရဲနိုင်မိုး**(အောက်ပုံ)**က သတင်းမီဒီယာများ၏ သဘောသဘာဝ၊ မီဒီယာများအသွင် ကြိုတင်တွေးဆခြင်း၊ သတင်းမီဒီယာများနှင့် ဆက်ဆံရေး၊ တွေ့ဆုံမေးမြန်း ခြင်း အစီအစဉ်များအတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ သတင်းထုတ်ပြန်ချက် ရေးသားနည်း၊ သတင်းစာရှင်းလင်းပွဲ ဦးစီးကျင်းပခြင်းနှင့် မီဒီယာအစီအစဉ်များကြိုတင်ပြင်ဆင်ခြင်းစသည့် ခေါင်းစဉ်များဖြင့် ပို့ချသွား မည်ဖြစ်သည်။

သင်တန်းတွင် အစိုးရဌာနအသီးသီးမှ ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲများမှ နိုင်ငံ့ဝန်ထမ်း ၈၀ ကျော် တက်ရောက်ခဲ့ပြီး မီဒီယာဆက်ဆံရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ၊ မီဒီယာများနှင့် ဆက်ဆံရာတွင် လက်တွေ့ရင်ဆိုင်ရသော အခက်အခဲများနှင့် ဖြေရှင်းရမည့်နည်းလမ်းများကို ဖလှယ်ဆွေးနွေးခဲ့ကြသည်။

သင်တန်းကို ဇွန် ၆ ရက်တွင် ဆက်လက် ပို့ချသွားမည်ဖြစ်ပြီး သတင်းမီဒီယာဆိုင်ရာတာဝန်ရှိသူများအတွက် သတင်းစာပညာဆိုင်ရာ (သီးသန့်)သင်တန်းများကို အခါအားလျော်စွာ ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း ယင်းသင်တန်းကို ဦးဆောင်ပို့ချလျက်ရှိသည့် သတင်းစာပညာရှင် ဦးရဲနိုင်မိုးက မြန်မာ့သတင်းစဉ်သို့ ပြောသည်။**(သတင်းစဉ်)**

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်မျိုးစုံစိုက်ပျိုး

**နောင်ချို ဇွန် ၅**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဇွန် ၅ ရက် နံနက် ၈ နာရီက သပြေရေရပ်ကွက် သပြေတောင် သံသရာအေးစေတီဝန်းကျင်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်သွေးလှူရှင်အသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ စုံနံ့သာပရဟိတအသင်းတို့က ကျွန်းပင် ၁၀၀၊ ရေမနေပင် ၁၅၀၊ မဲဇလီပင် ၁၅၀၊ ရေသင်းဝင် အပင် ၁၅၀၊ ရေပတုန်းပင် ၁၀၀ စုစုပေါင်း သစ်ပင်မျိုးစုံ ၆၅၀ တို့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

❒❒

**ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ် (Globalization)နှင့်အတူ ပြောင်းလဲလာသည့် ပထဝီနိုင်ငံရေး (Geopolitics) အရ ကမ္ဘာ့နိုင်ငံ အသီးသီးသည် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးနယ်ပယ်တို့တွင် တစ်ဦးတည်းနောက်ကျမကျန်စေရေးအတွက် မိမိတို့နှင့် ပထဝီဒေသချင်း နီးစပ်မှုရှိသည့် ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ ဒေသတွင်းအုပ်စုအဖွဲ့အစည်းများဖွဲ့စည်းလာပြီးဒေသနှင့် ဒေသတွင်းပြည်သူများ၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်လာကြပါသည်။**

# ဘင်းမ်စတက်အဖွဲ့နှင့် မြန်မာနိုင်ငံ

မျိုးဆက်သစ်

**ဘင်းမ်စတက်အဖွဲ့ (BIMSTEC)**

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Bay of Bengal Initiatives for Multi-Sectoral Technical and Economic Cooperation-BIMSTEC) ဆိုသည်မှာ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများ၏ ပေါင်းစည်းမှုရလဒ်အဖြစ် ပေါ်ပေါက်လာခဲ့သော ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော ဘင်းမ်စတက်အဖွဲ့တွင် ဘင်္ဂလားပင်လယ်အော်ဒေသတွင်းနိုင်ငံများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ နီပေါ၊ ဘူတန်နှင့် ထိုင်းနိုင်ငံတို့ ပါဝင်ပါသည်။

**ဘင်းမ်စတက်နေ့**

ဘင်းမ်စတက်အဖွဲ့အား စတင်ဖွဲ့စည်းခဲ့သော ဇွန်လ ၆ ရက်နေ့ကို ဘင်းမ်စတက်နေ့အဖြစ် သတ်မှတ်ထားရှိပါသည်။ ထိုနေ့တွင် အဖွဲ့ဝင်နိုင်ငံများက ဘင်းမ်စတက်နေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပ၍ ဂုဏ်ပြုလေ့ရှိပါသည်။ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ကျရောက်သည့် (၁၈)နှစ်မြောက် ဘင်းမ်စတက်နေ့ကို ယခုဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

**အဖွဲ့၏သမိုင်းကြောင်းနှင့် မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင်လာပုံ**

ဘင်းမ်စတက်အဖွဲ့သည် ထိုင်းနိုင်ငံ၏ အိမ်နီးချင်းအနောက်အာရှနိုင်ငံများနှင့် စီးပွားရေးတိုးချဲ့ဆက်သွယ်ဆောင်ရွက်လိုသော Look West Policy နှင့် အိန္ဒိယနိုင်ငံ၏ အရှေ့တောင်အာရှနိုင်ငံများနှင့် စီးပွားရေးအရ ပိုမိုနီးကပ်စွာဆောင်ရွက်လိုသော Look East Policy တို့၏ ပေါင်းစည်းမှုရလဒ်မှတစ်ဆင့် စတင်သန္ဓေတည် မွေးဖွားလာသည်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဈေးကွက်တိုးချဲ့နိုင်ရေးနှင့် စီးပွားရေးယှဉ်ပြိုင်နိုင်မှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည့် (၅) နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် စတင်ညှိနှိုင်းခဲ့ပါသည်။ အဆိုပါ ညှိနှိုင်းချက်နှင့်အတူ အိန္ဒိယနိုင်ငံမှ ၁၉၉၇ ခုနှစ် မေလတွင် သံတမန်လမ်းကြောင်းမှတစ်ဆင့် ချဉ်းကပ်လာခဲ့ပြီး မြန်မာနိုင်ငံအား မူလအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရန်နှင့် အဖွဲ့ထူထောင်ရေးကိစ္စရပ်နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံအနေဖြင့် အဖွဲ့၏တည်ထောင်မှုနှင့် ရည်ရွယ်ချက်အပေါ်တွင် စောင့်ကြည့်လေ့လာလိုသေးသဖြင့် အစည်းအဝေးကို လေ့လာသူအဆင့်ဖြင့်သာ ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေး၏ ရလဒ်အနေဖြင့် ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ဗန်ကောက်ကြေညာစာတမ်းနှင့်အတူ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့-ဘစ္စတက် (Bangladesh-India-Sri Lanka-Thailand Economic Cooperation – BIST-EC) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အနောက်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ပထဝီအနေအထားအရ မဟာဗျူဟာမြောက်စွာဖြင့် အဖွဲ့၏ပေါင်းစည်းမှုဗဟိုချက်၌ တည်ရှိနေသည်ဖြစ်ရာ အဖွဲ့၏ရည်ရွယ်ချက်နှင့် ဖွဲ့စည်းမှုကို သေချာစွာ လေ့လာသုံးသပ်ခဲ့ပါသည်။ အဆိုပါအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် အကျိုးရှိစေနိုင်မည်ဟု ယူဆ၍ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်လာသည့် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှစတင်၍ အဖွဲ့၏အမည်ကိုလည်း ဘစ္စတက်မှ ဘင်းမ်စတက် (Bangladesh-India-Myanmar-Sri Lanka-Thailand Economic Cooperation – BIMST-EC) သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၉ ရက်နေ့အထိ ထိုင်းနိုင်ငံ ဖူးခက်မြို့တွင် ကျင်းပခဲ့သော ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဘူတန်နှင့် နီပေါနိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်လာပြီးနောက် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သော ပထမအကြိမ် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့၏အမည်ကို ဘင်းမ်စတက်-ဘင်္ဂလားပင်လယ်အော် ဒေသတွင်းကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Bay of Bengal Initiatives for Multi-Sectoral Technical and Economic Cooperation - BIMSTEC) ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

**ရည်မှန်းချက်များ**

ဘင်းမ်စတက်အဖွဲ့၏ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များကို အဆိုပါအဖွဲ့ တည်ထောင်သည့် ဗန်ကောက်ကြေညာစာတမ်းတွင် အောက်ပါအတိုင်း အတိအလင်းဖော်ပြထားပါသည် -

(က) ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ နည်းပညာ၊ လူ့စွမ်းရည်ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များ အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးမှုရရှိရေးအတွက် ပတ်ဝန်းကျင်ကောင်းဖန်တီးပေးရန်

(ခ) တန်းတူရည်တူ စိတ်ဓာတ်ဖြင့် ဒေသတွင်းစီးပွားရေး၊ တိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်

(ဂ) အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အကျိုးရှိမည့် စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍများ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန်အကူအညီပေးရန်

(ဃ) ပညာရေးနှင့် နည်းပညာကဏ္ဍများ၌ သင်တန်းနှင့် သုတေသနအကူအညီများပေးခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူညီပံ့ပိုးပေးကြရန်

(င) ပြည်သူတို့၏ လူနေမှုအဆင့်မြှင့်တင်ရေးကို လက်တွေ့အကျိုးပြုစေမည့် အမျိုးသားစီမံကိန်းကို အထောက်အကူပြုစေနိုင်သော ကြိုးပမ်းမှုတွင် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်

(စ) ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်ချင်းတူညီသော နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်

(ဆ) ဒေသခွဲအဆင့်တွင် လက်တွေ့အကျိုးရလဒ် ဖြစ်ထွန်းစေနိုင်ပြီး အုပ်စုအတွင်း ရနိုင်သောစုပေါင်းအားကို အသုံးချနိုင်မည့် စီမံချက်များကို ပူးပေါင်းဆောင်ရွက်ရန်

**ထိပ်သီးအစည်းအဝေး**

ပထမဆုံးအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့က ကျင်းပခဲ့ပါသည်။ ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်လည်းကောင်း၊ တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်၌လည်းကောင်း ကျင်းပခဲ့ပါသည်။

**ဝန်ကြီးအဆင့်အစည်းအဝေးများ**

ဘင်းမ်စတက်အဖွဲ့၏ ဒုတိယအမြင့်ဆုံးအစည်းအဝေးဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို နှစ်စဉ်အဖွဲ့ဝင်နိုင်ငံများမှ အက္ခရာစဉ်အလိုက် အလှည့်ကျကျင်းပပါသည်။ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ အလားတူ (၁၂)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်လည်းကောင်း၊ (၁၃) ကြိမ်မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် လည်းကောင်း၊ (၁၄) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၃ ရက်နေ့တွင်လည်းကောင်း မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ (၁၂) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ အုပ်စုအသင်းအဖွဲ့ဖြင့် ကျူးလွန်သော နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေး၊ ဘင်းမ်စတက်ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ (၁၃) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် စွမ်းအင်ဗဟိုဌာန တည်ထောင်ရေးဆိုင်ရာ သဘောတူစာချွန်လွှာအား လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ယခုအချိန်ထိ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေး (၁၄) ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ဘင်းမ်စတက်အဖွဲ့၏ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများပါဝင်သော တတိယအကြိမ် ဘင်းမ်စတက်စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ယခုအချိန်အထိ ဘင်းမ်စတက် ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီးများအစည်းအဝေး (၅)ကြိမ်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

**အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး**

ဝန်ကြီးအဆင့်အစည်းအဝေးမတိုင်မီ ညွှန်ကြားရေးမှူးချုပ်/ဒုတိယဝန်ကြီးများအဆင့် တက်ရောက်လေ့ရှိသော အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ကျင်းပလေ့ရှိပါသည်။ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ပဉ္စမအကြိမ်ဝန်ကြီးအဆင့် အစည်းအဝေးမှစတင်၍ အဆင့်မြင့်အရာရှိများ

**စာမျက်နှာ ၇ သို့**




**၂၀၁၄ ခုနှစ် မတ်လ ၄ ရက်နေ့က မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တက်ရောက်လာကြသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၏ အကြီးအကဲများအား တွေ့ရစဉ်။** (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ထင်ရှားကျော်ကြားသည့် ဘုရားကျောင်းကန်၊ စေတီပုထိုးများ၌ နိုင်ငံတကာအဆင့်မီရေအိမ်များကို သန့်ရှင်းသပ်ရပ်စွာ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် ဇွန် ၅**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၉) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏**ဘုရားကျောင်းကန်၊ စေတီပုထိုးများ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို လေ့လာရန် ပြုလုပ်စီစဉ်ထားသည့် နေရာများ၊ အများပြည်သူဆိုင်ရာ နေရာများတွင် နိုင်ငံတကာအဆင့်မီ ရေအိမ်များ တည်ဆောက်ပေးပြီး ဝန်ဆောင်မှုပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေးက ထင်ရှားကျော်ကြားသည့် ဘုရားကျောင်းကန်၊ စေတီပုထိုးများ၌ နိုင်ငံတကာအဆင့်မီ ရေအိမ်များကို စေတီတော်ရင်ပြင်နှင့် လွတ်ကင်းရာ၌ တည်ဆောက်ပေးထားပြီး သန့်ရှင်းသပ်ရပ်စွာ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ အချို့သောဒေသများရှိ ဘဏ္ဍာရေးအခြေအနေအားနည်းသည့် ဘုရားကျောင်းကန် စေတီပုထိုးများ၌ ရေအိမ်များ အဆင့်မြှင့်တင်ရေးမှာ ထိုဘုရားစေတီပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် ဂေါပကအဖွဲ့များနှင့် အဓိက သက်ဆိုင်ပါကြောင်း၊ သက်ဆိုင်ရာ ဂေါပကအဖွဲ့၏ ဘဏ္ဍာရေးအခြေအနေပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ဘုရားကျောင်းကန်၊ စေတီပုထိုးများ ရှိရာနေရာတိုင်းတွင် နိုင်ငံတကာအဆင့်မီ ရေအိမ်များထားရှိပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ ယဉ်ကျေးမှုဇုန်များတွင် ရေအိမ်များထားရှိပြီးဖြစ်သော်လည်း ယဉ်ကျေးမှုဇုန်ရှိ



**သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေး။**

အဆောက်အအုံတိုင်းတွင် ရေအိမ်များထားရှိနိုင်ခြင်း၊ ဝန်ဆောင်မှုပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်၏ **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပုဗ္ဗသီရိမြို့နယ်အတွင်း ကျေးရွာ (၁၄) ရွာတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသခံတောင်သူလယ်သမားများထံမှ ကျပ်သန်းပေါင်း (၂၆၇ ဒသမ ၆၈၀) သန်းကို ကျေးရွာမှ ထည့်ဝင်ငွေအဖြစ် စိုက်ထုတ်ကျခံခြင်းထက် နိုင်ငံတော်အစိုးရမှ စိုက်ထုတ်ကျခံပေးနိုင်ခြင်း ရှိ/မရှိ**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း (၆၃၈၆၀) ရှိရာ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသအားလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပါက နိုင်ငံတော်၏ အရေးကြီးသည့် အခြားကဏ္ဍများတွင် လျှော့နည်းသုံးစွဲရမည်ဖြစ်သဖြင့် ကျေးရွာများ လျှပ်စစ်မီးလင်းရေးကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီများဖွဲ့စည်းပြီး ကျေးရွာအတွင်း မီးကြိုးသွယ်တန်းခြင်း၊ မီးတိုင်စိုက်ထူခြင်း စသည့် လုပ်ငန်းများအတွက်ကုန်ကျစရိတ်များကို အဆိုပါကော်မတီမှ တွက်ချက်၍ ကျေးရွာသူ



**ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး။**

ကျေးရွာသားများကိုချပြကာ ကျေးရွာပြည်သူအားလုံး၏ ဆန္ဒသဘောတူညီချက်ဖြင့် ကောက်ခံခြင်းဖြစ်ပါကြောင်း၊ ငွေကြေးကောက်ခံမှု မှန်ကန်မှုရှိစေရေးအတွက် ခရိုင်၊ မြို့နယ် မီးလင်းရေးကော်မတီများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် မဟာဓာတ်အားလိုင်းနှင့် နီးသည့် ကျေးရွာများကို ၁၁ KV ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများဆောင်ရွက်ပေးပြီး မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိသည့် ကျေးရွာများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးလက်လျှပ်စစ်မီးလင်းရေးအတွက် တရားဝင်အသုံးပြုခွင့်ရရှိစေရန် ဓာတ်အားပို့လွှတ်သုံးစွဲခွင့်ရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

---

❀ **စာမျက်နှာ ၆ မှ**

အစည်းအဝေးကို (၁)နှစ်လျှင် နှစ်ကြိမ်ကျင်းပရန် ဆုံးဖြတ်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် ကျင်းပခဲ့သော အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ ယခုအချိန်အထိ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို (၁၆) ကြိမ်တိုင် ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

### မြန်မာနိုင်ငံနှင့် တတိယအကြိမ်ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး

ဘင်းမ်စတက်အဖွဲ့၏ သမိုင်းတွင် အအောင်မြင်ဆုံးထိပ်သီးအစည်းအဝေးကိုပြပါဆိုလျှင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို ပြသရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ ကြိုးပမ်းညှိနှိုင်းပေးမှုအရ အဆိုပါ ထိပ်သီးအစည်းအဝေး၌ ဘင်းမ်စတက်အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဦးစားပေးညှိနှိုင်းလာခဲ့ကြသော နားလည်မှုစာချွန်လွှာ(၃)ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။ အဆိုပါနားလည်မှုစာချွန်လွှာများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံး ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် အိန္ဒိယနိုင်ငံ နျူးဒေလီမြို့၌ ဘင်းမ်စတက်မိုးလေဝသနှင့် ရာသီဥတုဗဟိုဌာနကိုလည်းကောင်း၊ ဘူတန်နိုင်ငံ သင်ဖူးမြို့၌ ဘင်းမ်စတက်ယဉ်ကျေးမှုလုပ်ငန်းများကော်မရှင်နှင့် ယဉ်ကျေးမှုလုပ်ငန်းများ လေ့လာရေးဌာနကို ထူထောင်သွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

### အတွင်းရေးမှူးချုပ်ရုံးတည်ထောင်ခြင်း

မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သော တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကြီး၏ အောင်မြင်မှုပြယုဂ်တစ်ခုဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ ဘင်းမ်စတက်အတွင်းရေးချုပ်ရုံးကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် တရားဝင်ဖွင့်လှစ်နိုင်ခဲ့သည်။ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံး တည်ထောင်နိုင်ခဲ့ခြင်းကြောင့် ဘင်းမ်စတက်အဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို ပိုမိုစနစ်ကျထိရောက်စွာ ဆောင်ရွက်နိုင်မည့် ပုံမှန်ဖွဲ့စည်းပုံယန္တရားတစ်ခုအဖြစ် အသက်ဝင်လာနိုင်မည်ဖြစ်ပြီး ယခင်က ညှိနှိုင်းဆောင်ရွက်မှု မလုပ်နိုင်ခဲ့သည့် ကဏ္ဍများကိုလည်း ရှာဖွေဖော်ထုတ်၍ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

### ဘင်းမ်စတက်လုပ်ငန်းအဖွဲ့အစည်းအဝေး

ဘင်းမ်စတက်ဝန်ကြီးအဆင့် အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ ရပ်နားထားသည့်ကြားကာလများတွင် ဘင်းမ်စတက်အဖွဲ့ကြီး၏ တိုးတက်မှုများကို ဆန်းစစ်လေ့လာရန်နှင့် ကွဲပြားခြားနားသောလုပ်ဆောင်ချက်များအကြား ပိုမိုနီးကပ်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အမြဲတမ်းယန္တရားတစ်ရပ်အနေဖြင့် ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ (BIMSTEC Working Group) အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လစဉ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ယခုဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးတည်ထောင်ပြီးနောက်ပိုင်းတွင် အဆိုပါလုပ်ငန်းအဖွဲ့အစည်းအဝေးများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ လစဉ်ကျင်းပပါသည်။

### ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် မြန်မာနိုင်ငံ၏ဦးဆောင်ကဏ္ဍများ

ဘင်းမ်စတက်အဖွဲ့၏ ထူးခြားချက်မှာ အခြားသောဒေသတွင်း အဖွဲ့အစည်းများနှင့်မတူဘဲ ၎င်း၏ လုပ်ငန်းလည်ပတ်မှုပုံစံကို ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ ဖွဲ့စည်းထားပါသည်။ ဘင်းမ်စတက်အဖွဲ့တွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ရေလုပ်ငန်းကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍနှင့် ရာသီဥတုကဏ္ဍဟူ၍ လက်ရှိပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (၁၄)ခုရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှုများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍအလိုက်ဦးဆောင်နိုင်ငံများကို သတ်မှတ်ထားရှိပြီး ၎င်းနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်လျင်မြန်စေရန် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ ကဏ္ဍအလိုက်ကျွမ်းကျင်သူ အစည်းအဝေးများကျင်းပ၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများ ဖော်ထုတ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ တိုးတက်မှုများကို တိုင်းတာစောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း စသည့်တို့ကို ဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားရာ စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပထမအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးကျွမ်းကျင်သူများကဏ္ဍ အစည်းအဝေးကို ၂၀၀၇ ခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ဦးစီးကျင်းပနိုင်ခဲ့ပါသည်။ ထို့အပြင် ဦးဆောင်နိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား အကျိုးရှိစေမည့် စိုက်ပျိုးရေးကဏ္ဍဘုံစီမံကိန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုအပ်သော ဘဏ္ဍာငွေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူစွမ်းအင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ကျွမ်းကျင်သူအဆင့် အစည်းအဝေး (၅)ကြိမ် ကျင်းပနိုင်ခဲ့သည်။ ပထမအကြိမ်စွမ်းအင်ဝန်ကြီးအဆင့်အစည်းအဝေးကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ပြီး စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကြေညာချက်နှင့် လုပ်ငန်းစီမံချက်များကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ဒါကာမြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် BIMSTEC Task Force Trans-Power Exchange အစည်းအဝေးတွင် Memorandum of Understanding on BIMSTEC Grid Interconnection အား လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ယင်း Memorandum of Understanding အား အပြီးသတ်အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

> **“ဘင်းမ်စတက်အဖွဲ့၏ ထူးခြားချက်မှာ အခြားသောဒေသတွင်း အဖွဲ့အစည်းများနှင့်မတူဘဲ ၎င်း၏လုပ်ငန်းလည်ပတ်မှုပုံစံကို ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံ၍ ဖွဲ့စည်းထားပါသည်”**

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အရွယ်အစား၊ နိုင်ငံရေးပုံစံနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းထားများအရ ကွာခြားမှုရှိသော်လည်း အဖွဲ့တစ်ခုလုံးအနေဖြင့် ခြုံကြည့်ပါက အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းကျော်ရှိခြင်းကြောင့် အာဆီယံအဖွဲ့၏လူဦးရေထက်ပင် ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် ဘင်းမ်စတက်အဖွဲ့သည် ပထဝီအနေအထားအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အနောက်အာရှနိုင်ငံများနှင့်ပါ နီးကပ်စွာ တည်ရှိနေပြီး အဖွဲ့၏စုစုပေါင်းဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ ၇၅၀ ဘီလီယံရှိရာ အလားအလာကောင်းသော ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တစ်ခုအဖြစ် ကမ္ဘာ့နိုင်ငံများမှ ရှုမြင်သုံးသပ်ကာ အဖွဲ့၏မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်လိုကြောင်း ကမ်းလှမ်းမှုများပင် ရှိလာပါသည်။

မြန်မာနိုင်ငံသည် အနောက်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား မဟာဗျူဟာမြောက်စွာတည်ရှိနေသည့် အားသာချက်ကို အသုံးချ၍ ဘင်းမ်စတက်အဖွဲ့တွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်းဖြင့် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသား၍ ဇွန်လ ၆ ရက်နေ့တွင်ကျရောက်သည့် ဘင်းမ်စတက်နေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

---

# တာမွေမြို့နယ်အတွင်း ဓားဖြင့်ခြောက်လှန့်ကာ ပစ္စည်းယူထွက်ပြေးသူ ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၅**

ရန်ကုန်မြို့ တာမွေမြို့နယ်အတွင်း ဓားဖြင့်ခြောက်လှန့်၍ ပစ္စည်းတောင်းယူထွက်ပြေးသူ အမျိုးသမီးအား ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဇွန် ၄ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာမွေမြို့နယ်နေ မရီရီသန့်သည် ဇွန် ၄ ရက် ညနေ ၆ နာရီက ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့နယ်သို့သွားရန် မော်တင်(၁၅)လမ်းရှိ ဆိပ်ကမ်းသို့ သွားရောက်ခဲ့ရာ သင်္ဘောမမီသဖြင့် တာမွေမြို့နယ်သို့ ပြန်ရန်အတွက် လမ်းမတော်မြို့နယ် (၁၅)လမ်းအထက်တွင် ကားစောင့်နေခဲ့ရာ ၎င်းထံသို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာပြီး မေးမြန်းကာ ၎င်းမှာလည်း မင်္ဂလာဈေးသို့ ပြန်မည်ဖြစ်ကြောင်းပြောသဖြင့် နှစ်ဦးအတူ အငှားယာဉ်တစ်စီးအား ယာဉ်စီးခမျှဝေကျခံပြီး ငှားစီး၍ ပြန်လာခဲ့ကြောင်း သိရသည်။

ထို့နောက် တာမွေမြို့နယ် (၁၃၃)လမ်းထိပ်အရောက်တွင် ယာဉ်ပေါ်မှအတူဆင်းခဲ့ပြီးနောက် အတူငှားစီးလာသူ အမျိုးသမီးက ၎င်းအား (၁၃၅)လမ်းရှိ တိုက်ပေါ်သို့ လိုက်ပို့ပေးရန်ပြောသဖြင့် လိုက်ပို့ပေးစဉ် တိုက်၏(၄)လွှာလှေကားသို့အရောက် အဆိုပါအမျိုးသမီးက ဓားဦးချွန်တစ်ချောင်းထုတ်ပြ၍ မရီရီသန့် ဝတ်ဆင်ထားသော ရွှေဆွဲကြိုးတစ်ကုံးနှင့် ရွှေနားကပ်တစ်ဖက်ကို ချွတ်ပေးခိုင်းခဲ့သည်။

အဆိုပါအမျိုးသမီးမှာ ရွှေထည်ပစ္စည်းများအားယူဆောင်၍ထွက်ပြေးစဉ် မရီရီသန့်က ပတ်ဝန်းကျင်အားအော်ဟစ်အကူအညီတောင်းသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက လိုက်လံဖမ်းဆီးခဲ့ရာ (၁၃၅)လမ်းနှင့် မအူကုန်းလမ်းကျယ်ထောင့်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(ဝ၄၀)**

# ဒုတိယသမ္မတ ဦးညွန့်ထွန်း စင်ကာပူနိုင်ငံတွင်ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**စင်ကာပူ ဇွန် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ဇွန် ၅ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် စင်ကာပူနိုင်ငံ အမျိုးသားအားကစားရုံ၌ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် ၁၁ နိုင်ငံမှ အားကစားသမားများက သက်ဆိုင်ရာနိုင်ငံတော်အလံများကို လွှင့်ထူကိုင်ဆောင်၍ အားကစားကွင်းအတွင်းသို့ ချီတက်နေရာယူကြသည်။

ထို့နောက် စင်ကာပူ ယဉ်ကျေးမှု၊ လူမျိုးစုနှင့် လူငယ်ရေးရာဝန်ကြီး (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မစ္စတာ လောရင့်ဝန်က အဖွင့်အမှာစကားပြောကြားပြီး စင်ကာပူသမ္မတ မစ္စတာ တိုနီတန် ကန်ယမ်က (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အောင်မြင်စွာဖွင့်လှစ်ပေးသည်။

ယင်းနောက် အားကစားသမားများက အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်အလံကိုလွှင့်ထူပြီး အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ထို့နောက် အစီအစဉ်အတိုင်း ဖျော်ဖြေရေးကဏ္ဍများဖြင့် ဖျော်ဖြေတင်ဆက်သည်။


ဆက်လက်၍ ဆီးဂိမ်းမီးရှူးတိုင်ကိုထွန်းညှိပြီး မီးရှူးမီးပန်းများကို ပစ်ဖောက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့်အတူ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်တို့ တက်ရောက်ကြပြီး ကျန်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံမှ အားကစားသမားများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခုဆီးဂိမ်း(SEA Games)ပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုးမှ ကဏ္ဍခွဲအားကစားနည်းပေါင်း ၄၀၂ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အားကစားသမား ၃၀၀ ကျော်က အားကစားနည်း ၃၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စင်ကာပူမြေပေါ်တွင် ၁၉၇၃ ခုနှစ်က အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ ( South East Asia Peninsula)ကို လက်ခံကျင်းပခဲ့သည်။ ကျွန်းဆွယ်ခေတ်လွန် ၁၉၈၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကို ကျင်းပခဲ့ပြီး နောက်ထပ် ၁၀ နှစ်အကြာ ၁၉၉၃ ခုနှစ်တွင် (၁၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ကို ကျင်းပခဲ့ကြောင်းနှင့် ယခုကျင်းပသည့်ဆီးဂိမ်းပြိုင်ပွဲသည် ၂၂ နှစ်ကြာပြီးနောက် စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပသည့်ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**စင်ကာပူနိုင်ငံ အမျိုးသားအားကစားရုံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ အားကစားသမားများက မြန်မာနိုင်ငံအလံများကို လွှင့်ထူကိုင်ဆောင်ပြီး အားကစားကွင်းအတွင်းသို့ ချီတက်နေရာယူကြစဉ်။** (သတင်းစဉ်)

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်**

၂၀၁၅ ခုနှစ်၊ ဇွန်လ ၆ ရက်

၁။ တတိယအကြိမ်အခြေခံမဲဆန္ဒရှင်စာရင်းများကို အောက်ပါတိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ခရိုင်များတွင် ၂၀၁၅ ခုနှစ်၊ ဇွန် ၈ ရက်မှ ဇွန် ၂၁ ရက်ထိ ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာပါမည်-

(က) ကယားပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ခ) ကရင်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဂ) ချင်းပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(ဃ) မွန်ပြည်နယ်အတွင်းရှိ ခရိုင်အားလုံး
(င) မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားလုံး
(စ) စစ်ကိုင်းတိုင်းဒေသကြီး
    (၁) စစ်ကိုင်းခရိုင်
    (၂) ရွှေဘိုခရိုင်
    (၃) မုံရွာခရိုင်
    (၄) ယင်းမာပင်ခရိုင်
    (၅) တမူးခရိုင်
(ဆ) တနင်္သာရီတိုင်းဒေသကြီး
    (၁) ထားဝယ်ခရိုင်
    (၂) မြိတ်ခရိုင်
(ဇ) ပဲခူးတိုင်းဒေသကြီး
    (၁) ပဲခူးခရိုင်
(ဈ) မန္တလေးတိုင်းဒေသကြီး
    (၁) မန္တလေးခရိုင်
    (၂) ပြင်ဦးလွင်ခရိုင်
    (၃) ကျောက်ဆည်ခရိုင်
    (၄) မြင်းခြံခရိုင်
(ည) ရှမ်းပြည်နယ်
    (၁) တောင်ကြီးခရိုင်
    (၂) လွိုင်လင်ခရိုင်
    (၃) လင်းခေးခရိုင်
    (၄) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
    (၅) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၂။ မဲစာရင်းတွင် မိမိတို့၏အမည် ပါ/မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။ မိမိ၏ အမည်မပါလျှင် ပုံစံ (၃)ဖြင့် လျှောက်ထားပါ။ အချက်အလက်များမှားနေလျှင် ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။

၃။ မဲစာရင်းတွင်မပါဝင်သင့်သူများ(ဥပမာ-ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။

၄။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝက ပုံစံ(၆၆/၆) ရှိသော မြို့နယ်မှမဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။

၅။ နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိ၏ မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟို (ယင်းမာ)အထူးစီမံချက် ပထမပတ်ဆောင်ရွက်ပြီးစီးမှုအခြေအနေ

**နေပြည်တော် ဇွန် ၅**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထူးလုပ်ငန်းစီမံချက်(ယင်းမာ)ကို မူးယစ်ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၁၅)တွင် အတည်ပြုခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ပေးခဲ့သည်။ အဆိုပါ ယင်းမာစီမံချက်ကို မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန် သုံးဇုန်ခွဲ၍ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပထမရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ မူးယစ်ဆေးဝါးအသိပညာပေးဆိုင်းဘုတ်စိုက်ထူခြင်း ခြောက်မြို့နယ်၊ အသိပညာပေးဟောပြောပွဲ (၄၉)ကြိမ်၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ၁၀ မြို့နယ်၊ တစ်ခန်းရပ်ပြဇာတ် တင်ဆက်ခြင်း တစ်မြို့နယ် ဆောင်ရွက်ခဲ့သည်။ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့မှ နှစ်ချင်းသီး သီးနှံမျိုးစေ့ဖြန့်ဝေခြင်း ၂၄ မြို့နယ်၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း (၁၀)ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း ရှစ်မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။ မွေးမြူရေးအဖွဲ့မှ တိရစ္ဆာန်ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်း ကိုးမြို့နယ်၊ ဒေသတွင်းမွေးမြူထားရှိသော တိရစ္ဆာန်များ အထူးကုအဖွဲ့များဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်း ငါးမြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။ ဆေးကုသရေးအဖွဲ့မှ One Stop Service ဆေးကုသခြင်းဆောင်ရွက်ခြင်း လူနာသစ် ၁၅ ဦး တက်ရောက်ခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ နှစ်မြို့နယ်၊ မူးယစ်ဆေးဝါးလူနာများ၊ မက်သာဒုန်းဆေးကုသမှုခံယူနေသူများအား အသည်းရောင်အသားဝါဘီပိုး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်း ၃၀၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် HIV ပိုးကူးစက်မှုအန္တရာယ် ကာကွယ်ကုသရေးလုပ်ငန်းများ၊ လူထုလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်ထူထောင်ရေးအဖွဲ့မှ စခန်းအခြေပြု ပြန်လည်ထူထောင်ခြင်းသင်တန်းဖွင့်ခြင်း နှစ်မြို့နယ်၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲ အခမ်းအနားပြုလုပ်ခြင်း ခုနစ်နေရာ၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့မှ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲ ကိုးမြို့နယ်၊ မူးယစ်ဆေးဝါးအသိပညာပေးရေး နှစ်နေရာ၊ ပြည်သူများအား အသိပညာပေးလှုံ့ဆော်ရေးအဖွဲ့မှ နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုပြုခြင်း ၁၀၆ မြို့နယ်၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ၁၀၆ မြို့နယ်၊ လက်ကမ်းစာစောင်ပြသမှုကျင်းပခြင်း ၁၀၆ မြို့နယ်၊ ဟောပြောပွဲပြုလုပ်ခြင်း ၁၀၆ မြို့နယ် ဆောင်ရွက်နိုင်ခဲ့သည်။ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးအဖွဲ့မှ ထိန်းချုပ်ဓာတုပစ္စည်း ကွင်းဆင်းစစ်ဆေးခြင်း သုံးမြို့နယ်၊ အသိပညာပေးခြင်း ရှစ်မြို့နယ်၊ တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့မှ ဘိန်း ၂ ဒသမ ၃ ကီလို၊ ဘိန်းဖြူ ၁၀၄ ဒသမ ၉၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂၆၄၇ ပြား၊ ဆေးခြောက် သုည ဒသမ ၁ ကီလို၊ အိုက်စ် သုည ဒသမ ၀၅၂ ကီလို၊ ဘိန်းဆီခဲ ၁ ဒသမ ၄၄၈ ကီလို၊ အမှုပေါင်း ၁၂၂ မှု၊ တရားခံ ၁၇၅ ဦးတို့ကို တားဆီးနှိမ်နင်းရေးနှင့်စီမံခန့်ခွဲရေးအဖွဲ့မှ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# ထားဝယ်ခရိုင် ရေဖြူမြို့နယ် မယင်းကြီးဒေသရှိ လောကနာထအဘယစေတီတော် ရွှေထီးတော်တင်လှူပူဇော်



**နေပြည်တော် ဇွန် ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် မယင်းကြီးဒေသရှိ လောကနာထအဘယစေတီတော် ဌာပနာတော်သွင်းခြင်း၊ ရွှေထီးတော်တင်လှူခြင်း၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိနှင့် ဆရာတော် သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေး၊စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကံပေါက် ရွှေစေတီကျောင်းဆရာတော် အဂ္ဂမဟာ ကမ္ဘဋ္ဌာနာစရိယ ဘဒ္ဒန္တ ကောသလထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးအမှူးပြုသော အလှူရှင်များက သံဃာတော်များထံ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် ဌာပနာတော်များကို ဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇေယျဝတီကျောင်းဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သူရိယထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များနှင့် ဌာပနာတော်များကို ပင့်ဆောင်၍ စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များက စေတီတော်ဌာပနာတိုက်တွင် ဌာပနာသွင်းလှူပြီး ပရိတ်နံ့သာရည်များပက်ဖျန်းကာ ပူဇော်ကြသည်။

ဆက်လက်ပြီး မင်္ဂလာရထားပျံဖြင့် ရွှေထီးတော်ဘုံအဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို ပင့်ဆောင်ကြပြီး စေတီတော်အထွတ်တွင် တင်လှူပူဇော်သည်။**(အပေါ်ပုံ)**

ထို့နောက် သံဃာတော်အရှင်သူမြတ်များက လောကနာထအဘယစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ယင်းနောက် စေတီတော်တည် မော်ကွန်းကမ္ပည်းကျောက်စာအား ပရိတ်နံ့သာရည်များ ပက်ဖျန်းကာ ရွှေခေါင်းလောင်းတော်ကို ကိုးချက်တီး၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများသည် စေတီတော်ပရိဝုဏ်အတွင်း မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ဓမ္မာရုံတော်ကြီး၌ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား အားပေးစကားပြောကြား

**နေပြည်တော် ဇွန် ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ် တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေး စကားပြောကြားသည်။**(ဝဲပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ၍ ဆေးကုသနေမှုနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ အားပေးစကား ပြောကြားခြင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်တစ်ဦးချင်းအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့်စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၅-၆-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ထုတ်ဝေသူသက်တမ်းတိုး (၂)ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် (၁၀)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၅)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၁)ဦး၊ အထွေထွေထုတ်ဝေခွင့် (၈)ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းအသစ် (၁)ဦး၊ ပေါင်းလုပ်ငန်းအသစ် (၂၅)ဦးတို့အားလည်းကောင်း၊ လုပ်ငန်းအမည်ပြောင်း (၁)ဦးနှင့် လုပ်ငန်းလိပ်စာပြောင်း (၂)ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၉၅၆)ဦးနှင့် အသစ်လျှောက်ထားသူ (၁၇၆)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၅၈)ဦးနှင့် အသစ်လျှောက်ထားသူ (၄၁၅)ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ (၁၂)ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၅၁၇)စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူ(၁)ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ(၁)ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၆**

၂၀၁၅ ခုနှစ် ဇွန် ၆ ရက်တွင် ကျရောက်သည့် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မာဂေါ့(တ်) ဝေါလ်စတုန်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# လူသားချင်းစာနာထောက်ထားမှုဖြင့် ကယ်ဆယ်ခဲ့သော လှေစီးသွားလာသူများအား အမြန်ပြန်လည်ပို့ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**မောင်တော ဇွန် ၅**

မြန်မာ့ တပ်မတော်(ရေ)က ပင်လယ်ပြင် လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် မေ ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့အရှေ့တောင်ဘက် ပင်လယ်ပြင်တွင် လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ကယ်တင်ခဲ့သော လှေစီးသွားလာသူ ၇၃၃ ဦးအား ၎င်းတို့မူလ လာရောက်သည့်နေရာသို့ ချောမွေ့မြန်ဆန်စွာ ပို့ဆောင်သည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် လှေစီးသွားလာသူများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး စိစစ်ရေးအဖွဲ့ ခေါင်းဆောင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် စိစစ်ရေးအဖွဲ့ဝင်များသည် လှေစီးသွားလာသူများအား ယာယီရွှေ့ပြောင်းထားရှိသည့် ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြို(လက်ဝဲ)မြို့အနီးရှိ မှတ်တိုင် (၃၇) စခန်းသို့ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် သွားရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ခေါင်းဆောင်သော စိစစ်ရေးအဖွဲ့သည် မှတ်တိုင်(၃၇)အနီးရှိ ယာယီစခန်း၌ လှေစီးသွားလာသူများအား နေရာချထားမှု၊ စားဝတ်နေရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး အဆိုပါ လှေစီးသွားလာသူများအား မူရင်းဒေသစိစစ်ပြီးပါက ၎င်းတို့ မူလလာရောက်သည့်နေရာများသို့ အမြန်ပြန်လည် ပို့ဆောင်နိုင်ရေးအတွက် သံတမန်နည်းလမ်းနှင့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) (၇၅) နှစ်မြောက်စိန်ရတုသို့ ရောက်ခဲ့ပြီ

အုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦး

**ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ဗြိတိသျှကိုလိုနီလက်ထက် ၁၉၄၀ ပြည့်နှစ် မေလ ၈ ရက်နေ့တွင် ဇီဝိတဒါနဆေးခန်းငယ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအဖြစ် ရောက်ရှိနေပြီဖြစ်ပါသည်။**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို ပြည်သူအများစုက ဘာသာရေးအဖွဲ့အစည်းတစ်ခုအဖြစ် မြင်နေကြသော်လည်း အမှန်မှာ လူမှုရေးနှင့် မျိုးချစ်စိတ်ဓာတ်အခြေခံ၍ ပေါ်ပေါက်လာသော အဖွဲ့အစည်းတစ်ခုသာဖြစ်ပါသည်။ ဗြိတိသျှကိုလိုနီလက်အောက်တွင် မြန်မာလူမျိုးများအနေဖြင့် တိုင်းရင်းဆေးဝါးကို အဓိကအားထား၍ ကျန်းမာရေးစောင့်ရှောက်မှုကိုခံယူနေကြရပါသည်။ ၁၉၂၀ ခုနှစ်တွင် ဟိန္ဒူဘာသာဝင်များက ရန်ကုန်အရှေ့ပိုင်းတွင် အနောက်နိုင်ငံဆေးဝါးဖြင့် ကုသပေးသော ရာမာကရှစ်နာ ဇီဝိတဒါနဆေးခန်းကို ဖွင့်လှစ်ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် အစ္စလာမ်ဘာသာဝင်များက အလားတူဆေးခန်းကို ဘားလမ်း(အခုမဟာဗန္ဓုလပန်းခြံလမ်း)တွင် ဖွင့်လှစ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

ယင်းကာလတွင် ရန်ကုန်မြို့တော်သည် အစိုးရရုံးစိုက်ရာဖြစ်သော်လည်း နေထိုင်သူအများစုမှာ ဝန်ထမ်းများ၊ အငြိမ်းစားများ၊ ကုန်သည်ပွဲစားများသာဖြစ်၍ လူဦးရေမှာ နည်းပါးသည်။ မြို့မျက်နှာဖုံးများမှာ တစ်ဦးနှင့်တစ်ဦး သိရှိကြပြီး အခါအားလျော်စွာ တွေ့ဆုံကြပါသည်။ မြန်မာအများစုမှာ ဗဟန်းဒေသတစ်ဝိုက်တွင်နေထိုင်ကြပါသည်။ ရာထူးဝန်ဦးဘအေးသည် လူမှုရေးစိတ်ရှိသူဖြစ်ရာ ကန်တော်ကြီးဝန်းကျင်လမ်းလျှောက်ရင်း ဗဟန်းရပ်ကွက်နေ ဆင်းရဲနွမ်းပါးပုဂ္ဂိုလ်များ၊ သံဃာ၊ သီလရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်နေခြင်းကို တွေ့ရသည့်အပြင် ဟိန္ဒူဘာသာဝင်များ ဖွင့်လှစ်ထားသော ရာမာကရှစ်နာဆေးရုံ၊ မူဆလင်ဆေးရုံတို့ကို စံနမူနာယူ၍ မြန်မာကုသိုလ်ဖြစ် ဆေးရုံဖွင့်လှစ်ရန်အတွက် မိမိကဲ့သို့ လူမှုရေးစိတ်၊ မျိုးချစ်စိတ်ရှိသူ ဦးဘဦး(နောင်တွင် သမ္မတဒေါက်တာဘဦး)နှင့် တိုင်ပင်ဆွေးနွေးခဲ့ပါသည်။ အဓိကလိုအပ်သောဆေးခန်းအဆောက်အအုံအတွက် ဦးဘအေးဝယ်ယူထားသော ကြားတောရလမ်း အခွန်လွတ်သာသနာမြေပေါ်ရှိ ဇရပ်အမှတ်(၇၃)ကို ရူပီး ၃၀၀၀ ကျော်ဖြင့် ပြင်ဆင်လှူဒါန်းခဲ့ပါသည်။ ဆေးခန်းအတွက် ဆရာဝန်ရရှိရန် ဆွေးနွေးစည်းရုံးခဲ့ရာ အငြိမ်းစား ဗမာဆရာဝန်များဖြစ်သော LMP ဘွဲ့ရ ဒေါက်တာ ဦးဘခက်၊ ဦးဘိုးဖေနှင့် ဟိန္ဒူဗုဒ္ဓဘာသာဝင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာရောင်းနှင့် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ လား(လ်)တို့က လုပ်အားပေးရန် သဘောတူကြပါသည်။

ဦးဘအေးသည် ဆေးခန်းအဆောက်အအုံ၊ လုပ်အားပေးဆရာဝန်များရရှိသောအခါ ဆေးခန်းမတည်အလှူငွေ ရှာခဲ့ရာ ရန်ကုန်မြင်းပွဲအသင်းက ရူပီး ၆၀၀၊ အငြိမ်းစားအရေးပိုင် ဦးစံဖေက ရူပီး ၅၀၀၊ မြန်မာပြည်လက်မှုပညာနှင့် လယ်ယာစိုက်ပျိုးရေးပြပွဲတော်ကော်မတီက ရူပီး ၁၅၀ လှူဒါန်းခဲ့ကြသဖြင့် လိုအပ်သော ပရိဘောဂဆေးဝါးများ ဝယ်ယူပြီး ၁၉၄၀ ပြည့်နှစ် မေလ ၈ ရက်နေ့တွင် ဇီဝိတဒါနဆေးရုံ(ထိုစဉ်ဆေးခန်းကို ဆေးရုံဟုသုံးစွဲခဲ့သည်)ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ဦးဘအေးနှင့် ဦးဘဦးတို့သည် အမြော်အမြင်ရှိကြသူများဖြစ်၍ ဆေးခန်းရေရှည်တည်တံ့ခိုင်မြဲရေးကို တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရန် စီစဉ်ခဲ့ပါသည်။ ဇီဝိတဒါနဆေးရုံအသင်းဖွဲ့စည်းနိုင်ရန်အတွက် ဗဟန်းရပ်ကွက်တွင်နေထိုင်ကြသော လူကြီးလူကောင်းများကိုဖိတ်ကြား၍ ၁၉၄၀ ပြည့်နှစ် ဇွန်လ ၁၆ ရက်နေ့တွင် "ဇီဝိတဒါနဆေးရုံ"အသင်းကို ဖွဲ့စည်းခဲ့ပါသည်။ အသင်းအနေဖြင့် အသင်းသား (၄)မျိုးခွဲ၍ ဖွဲ့စည်းရာ အသင်းဝင်ကြေး ရူပီး ၅၀၀ ထည့်ဝင်သူကို ရာသက်ပန်အသင်းသား၊ တစ်နှစ် ရူပီး ၁၀၀ ထည့်ဝင်သူကို ပင်မအသင်းသား၊ တစ်နှစ် ၁၂ ရူပီး ထည့်ဝင်သူကို သာမန်အသင်းသား၊ လုပ်အားလှူဒါန်းသူကို အကျိုးဆောင်အသင်းသားဟု သတ်မှတ်ခဲ့ပါသည်။ စုစုပေါင်းအသင်းဝင် ၅၇ ဦးရှိခဲ့ပါသည်။ ၁၉၄၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် သင်းလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး အောက်ပါအမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခဲ့ကြပါသည်။

(၁) ရာထူးဝန်ဦးဘအေး — ဥက္ကဋ္ဌ
(၂) တရားဝန်ကြီးဦးဘဦး — ဒုတိယဥက္ကဋ္ဌ
(၃) ရှေ့နေချုပ်ဦးသိမ်းမောင် — ဒုတိယဥက္ကဋ္ဌ
(၄) ပွဲစားကြီးဦးလှမောင် — အကျိုးဆောင်
(၅) လက်ထောက်ကထိက ဦးမျိုးမင်း — တွဲဖက်အကျိုးဆောင်
(၆) ရာထူးဝန် ဦးခင်မောင်လတ် — ငွေထိန်း
(၇) အမြတ်ခွန်ဝန်ထောက် ဦးဘဆင့် — စာရင်းစစ်
(၈) ဒေါက်တာဦးဘခက် — အကျိုးဆောင် ဆရာဝန်ချုပ်
(၉) အငြိမ်းစားမြေအရေးပိုင် ဦးဘိုးသောင် — အဖွဲ့ဝင်
(၁၀) ဓာတုဗေဒဝန် ဦးချစ်သောင်း — အဖွဲ့ဝင်

အသင်း၏ရည်ရွယ်ချက်မှာ "လူမျိုးဘာသာမရွေး၊ အဆင့်အတန်းမရွေး လာလာသမျှမကျန်းမာသူ ဂိလာနများအား အခမဲ့စမ်းသပ်ဆေးဝါးကုသပေးရန်" ဖြစ်ပါသည်။ ရည်ရွယ်ချက်အနှစ်သာရမှာ ကုသိုလ်ဖြစ်လူမှုရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

**ဆေးခန်းမှ ဆေးရုံဖြစ်လာခြင်း**

ဇီဝိတဒါနဆေးခန်းမှာ အောင်မြင်ပါသည်။ ဗဟန်းရပ်ကွက်တွင်သာမက အလုံ၊ ကြည့်မြင်တိုင်မှ လူနာများ လာရောက်ကုသကြပါသည်။ ဆေးခန်းစတင်ဖွင့်လှစ်သည့် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၁ ခုနှစ် ဧပြီလအထိ ၂၈၈ ရက် ဖွင့်လှစ်ခဲ့ပြီး လူနာ တစ်နေ့ပျမ်းမျှ ၅၉ ဦးလာရောက်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရပါသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ဆေးခန်းပိတ်လိုက်ရသည်။ အကျိုးဆောင်ဦးလှမောင်က ဆေးခန်းသုံးပစ္စည်းများ၊ ဆေးများကို လုံခြုံသည့်နေရာတွင် ဝှက်ထားရကြောင်း သိရှိရပါသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ဆေးခန်း ပြန်ဖွင့်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလတွင် ဆေးခန်းဦးဆောင်ဖွင့်လှစ်ခဲ့သူ ဦးဘအေးကွယ်လွန်ခဲ့ရာ ဒုတိယဥက္ကဋ္ဌ ဦးဘဦးက ဥက္ကဋ္ဌဖြစ်လာပါသည်။ ဦးဘဦးနေရာတွင် ရွှေတိဂုံဘုရားလူကြီး ရန်ကုန်မြင်းပွဲ အသင်းဒါရိုက်တာ ဦးဘိုးဖြော့က ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။ ဦးဘဦးသည် ဆေးခန်းမှဆေးရုံဆောက်နိုင်ရန် အလှူငွေများစုဆောင်းခဲ့သည်။ ဦးဘိုးဖြော့၏ ကြိုးပမ်းမှုအရ ရန်ကုန်မြင်းပွဲအသင်းက ငွေကျပ် ၆၀၀၀၀ လှူဒါန်းသည်။ အငြိမ်းစားရာဇဝတ်ဝန်မင်း ဝါးခယ်မ ဦးခင်က ငွေကျပ် ၃၀၀၀၀ လှူဒါန်းသည်။ အလှူရငွေ ကျပ် ၉၀၀၀၀ ကို မတည်၍ ဆေးရုံဆောက်ရန်မြေနေရာရှာခဲ့ရာ ယခုဆေးရုံတည်နေရာအမှတ်(၃၈)ကိုယ့်မင်းကိုယ့်ချင်းလမ်း၌ ဒေါက်တာဘမင်းပိုင်မြေ သုည ဒသမ ၇ ဧကကို ငွေကျပ် ၁၇၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ အိမ်ဟောင်းကိုဖျက်၍ ဆေးရုံအဆောက်အအုံဆောက်နေစဉ် ၁၉၅၂ ခု မတ်လတွင် ဒေါက်တာဦးဘဦးအား နိုင်ငံတော်သမ္မတတာဝန်ပေးခဲ့၍ ဒုဥက္ကဋ္ဌဦးဘိုးဖြော့က ဥက္ကဋ္ဌတာဝန်ယူကာ ဆေးရုံကို ဆက်လက်ဆောက်ခဲ့ပါသည်။ နှစ်ထပ်အဆောက်အအုံပေ (၁၃၀ × ၆၀) ကို ငွေကျပ် ၂၂၀၀၀၀ အကုန်အကျခံ ဆောက်လုပ်ပြီးစီးခဲ့ပြီး ၆-၁၂-၁၉၅၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသူရစည်သူ ဒေါက်တာဦးဘဦး တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

၁၉၅၂-၅၃ ခုနှစ်တွင် ဆေးရုံဥက္ကဋ္ဌအဖြစ် စည်သူဦးဘိုးဖြော့ကဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌများအဖြစ် တရားရေးဝန်ကြီး သတိုးသီရိသုဓမ္မဦးအေးမောင်နှင့် မဟာသရေစည်သူ ဦးဘိုကြီးတို့က ဆောင်ရွက်ခဲ့ကြပါသည်။ အကျိုးဆောင် အတွင်းရေးမှူးအဖြစ် အစိုးရရှေ့နေကြီး ဦးချွန်ဖောင်းက ဆောင်ရွက်ခဲ့ပါသည်။

ဆေးရုံအနေဖြင့် လုပ်အားပေးဆရာဝန်များ ၁၀ ဦးထိရှိလာပြီး ပြင်ပလူနာများအပြင် အတွင်းလူနာများပါ လက်ခံကုသခဲ့ပါသည်။ ဥက္ကဋ္ဌဦးဘိုးဖြော့လက်ထက် ၁၉၅၇ ခုနှစ်တွင် မူလမြေကွက်နှင့် တစ်ဆက်တည်းဖြစ်သော အမှတ်(၂၈)ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ ၁ ဒသမ ၂၅ ဧကရှိမြေကို မြေပိုင်ရှင် ဦးဘသော်-ဒေါ်သဲမေတို့ထံမှ ကျပ် ၁၀၀၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ ထိုမြေပေါ်ရှိအုတ်ခံသစ်သား အဆောက်အအုံကို ဦးဘသော်က ဇီဝိတဒါနဆေးရုံကြီး သို့ လှူဒါန်းခဲ့ပါသည်။ အဆောက်အအုံသစ်များဆောက်လုပ်နိုင်ခြင်းမရှိသော်လည်း ဦးဘသော်လှူဒါန်းသော အဆောက်အအုံပြင်ဆင်၍ လူနာများပိုမိုလက်ခံကုသပေးခဲ့ပါသည်။


ဓာတ်ပုံ-ခင်မောင်ဝင်း

**ဇီဝိတဒါနသံဃာ့ဆေးရုံအမည်သို့ ပြောင်းခြင်း**

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီးလက်ထက် ၁၉၆၉ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရက တစ်နှစ်ကျပ် ၇၀၀၀၀ ထောက်ပံ့ငွေကို ရပ်ဆိုင်းလိုက်ပါသည်။ ဆေးရုံကြီး၏ ဘဏ္ဍာရေးအခြေအနေမှာ တစ်နေ့တခြား ကျပ်တည်းလာခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် ဝန်ထမ်းများ လစာမပေးနိုင်သည့်အခက်အခဲတွေ့ရပါသောကြောင့် ဝန်ထမ်းများ၏ သဘောတူညီချက်ယူပြီး လစာ ၃၀ ရာခိုင်နှုန်းဖြတ်တောက်လိုက်ရပါသည်။ နောက်ဆုံးတွင် ထိုအချိန်က သံဃာအဖွဲ့အစည်းကြီးဖြစ်သော ကျောင်းထိုင်ဆရာတော်များအဖွဲ့ချုပ်သို့ သွားရောက်သြဝါဒခံယူကာ အကူအညီ တောင်းခံခဲ့ရပါသည်။ ကျောင်းထိုင်ဆရာတော်များအဖွဲ့ချုပ်က ဗုဒ္ဓဘာသာမြန်မာများ တည်ထောင်ထားသော ဇီဝိတဒါနသံဃာ့ဆေးရုံပျက်သွားမည်ကို စိုးရိမ်ကြသဖြင့် သတင်းစာများတွင် ဆေးရုံသို့လှူဒါန်းကြရန် နှိုးဆော်စာများ ထည့်သွင်းကြော်ငြာခဲ့ပါသည်။ ရန်ကုန်မြို့ ရပ်ကွက်အသီးသီးမှ ရပ်မိရပ်ဖများအား ဆေးရုံသို့ ဖိတ်ကြား၍ ဆေးရုံလုပ်ငန်းများ ရှင်းလင်းပြောကြားခဲ့ပါသည်။ အုပ်ချုပ်ရေးအဖွဲ့ဝင်လူကြီးများကိုယ်တိုင်လည်း အလှူခံထွက်ကြပါသည်။

ဆရာတော်ကြီးများ၏ နှိုးဆော်မှုကြောင့်လည်းကောင်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့်လည်းကောင်း ၁၉၇၁ ခုနှစ်တွင် အလှူငွေများရရှိလာပြီး ဘဏ္ဍာရေးအခြေအနေကောင်းမွန်လာသောကြောင့် အနိမ့်ဆုံးဝန်ထမ်းများ၏ လစာကို ၁၉၇၁ ခုနှစ် မတ်လတွင်လည်းကောင်း၊ ကျန်ဝန်ထမ်းများ၏ လစာကို ဇူလိုင်လတွင်လည်းကောင်း မူလအတိုင်းပြန်ပေး၍ စက်တင်ဘာလတွင်ဖြတ်တောက်ငွေများအားလုံး ပြန်လည်ပေးနိုင်ခဲ့ပါသည်။ ကျောင်းထိုင်ဆရာတော်များအဖွဲ့ချုပ်မှ ဆရာတော်များက ဆေးရုံအလှူငွေပိုမိုရရှိစေရန်အတွက် ဇီဝိတဒါနဆေးရုံအမည်မှ ဇီဝိတဒါနသံဃာ့ဆေးရုံအမည်ပြောင်းရန် လမ်းညွှန်မှုအရ ၃၀-၃-၁၉၇၂ ရက်နေ့တွင် ဇီဝိတဒါနသံဃာ့ဆေးရုံ ဆိုင်းဘုတ်တင်ခဲ့ရပါသည်။

**ယနေ့ဆေးရုံကြီးအခြေအနေ**

အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ပြောင်းလဲခဲ့ရာ ခေတ်နှင့်အညီ ပြောင်းလဲမှုများပြုလုပ်ခြင်း၊ ငွေအလှူ ပစ္စည်းအလှူ လုပ်အားအလှူပိုမိုရရှိလာခဲ့ခြင်းကြောင့် ဆေးရုံကြီးမှာ အဘက်ဘက်ကတိုးတက်လာခဲ့ပါသည်။ လှူဒါန်းငွေတစ်လ ပျမ်းမျှ ကျပ်သိန်း ၁၀၀၀ ခန့်ရရှိလာပြီး လုပ်အားအလှူအဖြစ် အုပ်ချုပ်ရေးအဖွဲ့ဝင် ၂၃ ဦးနှင့် စေတနာဆရာဝန် ၁၅၆ ဦးတို့က လုပ်အားပေးလျက်ရှိပါသည်။ ပစ္စည်းအလှူမှာ ပြည်ပမှ လှူဒါန်းမှုများပြားပါသည်။ ဆေးရုံသုံးပစ္စည်းများ၊ ဆေးများ၊ လူနာတင်ကားများ စသည်တို့ကို ပြည်ပလူမှုရေးအဖွဲ့အစည်းများက လှူဒါန်းကြပါသည်။ အများဆုံးအလှူရှင်မှာ ဂျပန်နိုင်ငံဖြစ်ပါသည်။

လုပ်အားလှူဒါန်းသူဆရာဝန် ၁၅၆ ဦးအနက် ၉၀ ရာခိုင်နှုန်းမှာ အထူးကုဆရာဝန်ကြီးများဖြစ်၍ အထူးကုနှင့် သက်ဆိုင်သောပစ္စည်းများကို အလှူခံပေးခြင်း၊ ဝယ်ယူပေးခြင်းပြုလုပ်ပေးရသည့်အပြင် လိုအပ်သောဝန်ထမ်းများလည်း ခန့်ထားပေးသဖြင့် အထူးကု (၁၉)မျိုးဆေးရုံကြီးမှ ကုသပေးလျက်ရှိရာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်းမှအစ ကင်ဆာအထူးကု ဆရာဝန်ကြီးများလည်း လုပ်အားပေးလျက်ရှိပါသည်။ သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ် ပြင်ပလူနာဌာနသုံးခု သီးခြားထားရှိသည့်အပြင် အထူးကုပြင်ပလူနာဌာနကိုလည်း ဖွင့်လှစ်ထားရှိပါသည်။ ၂၀၁၄ ခုနှစ်အတွင်းပြင်ပလူနာဌာနများသို့ လာရောက်ကြသော သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်လူနာ စုစုပေါင်း ၁၄၁၂၉၈ ဦးရှိခဲ့ပြီး ဆေးရုံတက်လူနာ ၃၀၆၀ ရှိပါသည်။ ဆေးရုံအနေဖြင့် သံဃာတော်အပါး ၁၃၀၊ သီလရှင်အပါး ၅၀၊ လူပုဂ္ဂိုလ်ခွဲစိတ်လူနာ ၂၀ တို့ကို အတွင်းလူနာအဖြစ် လက်ခံကုသပေးပါသည်။

သံဃာတော်များ၊ သီလရှင်များ အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ပါက နေရာထိုင်ခင်း ဆွမ်း၊ ဆေးကုသမှု ကုန်ကျစရိတ်အားလုံးကို ဆေးရုံမှတာဝန်ယူပါသည်။ ဆွမ်းကပ်ရာတွင် မကျန်းမာသူဂိလာနများသာမက လူနာစောင့် သံဃာ၊ သီလရှင်များကိုပါ ဆွမ်းကပ်ပါသည်။ ဆေးရုံဆင်းပါက ခရီးစရိတ်မရှိလျှင် ခရီးစရိတ်ကိုပါ လှူဒါန်းပြီး ပျံလွန်တော်မူပါက တာဝန်ယူသဂြိုဟ်ပေးပါသည်။

အလှူရငွေများကို ငွေစုလက်မှတ်ဝယ်ယူခြင်း၊ ငွေစုဘဏ်စာအုပ်ဖွင့်ထားခြင်း၊ ပုံသေအပ်နှံမှုပြုလုပ်ခြင်းဖြင့် စုဆောင်းပြီး အတိုးရငွေများကိုသုံးစွဲပါသည်။ ငွေစာရင်းများကို အတွင်းစာရင်းစစ်အဖွဲ့နှင့်လည်းကောင်း၊ အစိုးရအသိအမှတ်ပြု စာရင်းစစ်အဖွဲ့နှင့်လည်းကောင်း စစ်ဆေးပြီး နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူပါသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသည် ပုဂ္ဂလိကကျန်းမာရေးလိုင်စင်ရရှိထားသော ကုသိုလ်ဖြစ်ဆေးရုံဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ပူးပေါင်း၍ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရုံသာမက စေတနာရှင်များ ပူးပေါင်းပါဝင်စေအောင် ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၁၄ ခုနှစ် မေလ ၃ ရက်နေ့တွင် ပြုလုပ်ခဲ့သော နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲတွင် "လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့အဖြစ် အထူးဂုဏ်ထူးဆောင်ဆု"ကို ချီးမြှင့်ခြင်းခံရပါသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသည် ၂၀၁၅ ခုနှစ် မေလ ၈ ရက်နေ့တွင် (၇၅)နှစ်မြောက် စိန်ရတုသို့ရောက်ရှိခဲ့ပြီဖြစ်ရာ နောင်လာမည့်နှစ်ပေါင်းများစွာတွင်လည်း ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို စေတနာရှင်များနှင့် ပူးပေါင်း၍ နိုင်ငံ့တာဝန်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

# Air KBZ လေကြောင်းလိုင်းမှ အသစ်ထပ်မံဝယ်ယူထားသော ကိုးစင်းမြောက် ATR-72-600 လေယာဉ်အသစ်တစ်စင်းရောက်ရှိ



**ရန်ကုန် ဇွန် ၅**

Air KBZ လေကြောင်းလိုင်းမှ ပြည်တွင်း၊ ပြည်ပလေကြောင်းခရီးစဉ်များတွင် တိုးချဲ့ပျံသန်းနိုင်ရန်အတွက် ထပ်မံဝယ်ယူခဲ့သော ATR - 72-600 လေယာဉ်အမှတ် XY-AMA M3N1162 သည် ဒိန်းမတ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဇွန် ၂ ရက် ည ၈ နာရီ ၃၅ မိနစ်က ရောက်ရှိခဲ့သည်။

AIR KBZ လေကြောင်းလိုင်းတွင် ယခု ATR -72-600 လေယာဉ်အသစ်တစ်စင်းအပါအဝင် ATR-72-600 လေယာဉ် လေးစင်း၊ ATR -72-500 လေယာဉ် ငါးစင်း စုစုပေါင်း လေယာဉ် ကိုးစင်းဖြင့် ပြည်တွင်းခရီးစဉ်များအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အခြေပြု၍ နေပြည်တော်၊ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး၊ ကလေး၊ မြစ်ကြီးနား၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ နေ့စဉ်အချိန်မှန် ပျံသန်းပေးလျက်ရှိသည်။

ဩဂုတ် ၁ ရက်မှစ၍ ပြည်ပခရီးစဉ်အပြင် ချင်းမိုင်ခရီးစဉ်ကိုလည်း တိုးချဲ့ပျံသန်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- စိုးညွန့်**

❑❑❑

# ယာဉ်ကြောပိတ်ဆို့ရခြင်း အကြောင်းရင်းတစ်ခု



**ရန်ကုန် ဇွန် ၅**

ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့သည့်နေရာအတော်များများတွင် သက်ဆိုင်ရာဌာနများမှ နည်းလမ်းပေါင်းစုံဖြင့် စည်းကမ်းကြပ်မတ်စီစဉ်ဆောင်ရွက်လျက် ရှိသော်လည်း စည်းကမ်းမဲ့ဈေးသည်နှင့် စည်းကမ်းမဲ့ ယာဉ်မောင်းများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က မဟာဗန္ဓုလလမ်းပေါ်ရှိ ရွှေတောင်တန်းနှင့် လသာလမ်းအထိ ခရီးသည်တင်ယာဉ်ကြောတစ်လျှောက်တွင် ကြာရှည်စွာ ရပ်တန့်ပြီး ကုန်ပစ္စည်းများ အတင်အချ ပြုလုပ်လျက်ရှိသော ကုန်တင်ယာဉ်များကြောင့် ခရီးသည်တင်ယာဉ်တစ်စီးမှာ မိမိယာဉ်ကြောနှင့် မှတ်တိုင်တွင်ရပ်တန့်၍ မရဘဲ အလယ်လမ်းကြောင်းပေါ်မှ မောင်းနှင်လျက်ရှိပြီး ခရီးသည်ဆင်းမည့်မှတ်တိုင်တွင် အလယ်ယာဉ်ကြောပေါ်၌သာ ခရီးသည်အတင်အချပြုလုပ်သဖြင့် အနောက်ဘက်မှ မောင်းနှင်လာသည့် ယာဉ်များပါ ယာဉ်ကြောပိတ်ဆို့ခြင်းကို ဖြစ်စေကာ ကားဟွန်းတီးသံများ ဆူညံစွာဖြစ်ပေါ်စေခဲ့သည်။

မဟာဗန္ဓုလလမ်းမကြီးပေါ်တွင် ဘုန်းကြီးလမ်းမှစ၍ သိမ်ကြီးဈေးရှေ့အထိ ရောင်းချလျက်ရှိသော ပျံကျဈေးသည်များမှာ မွန်းလွဲ ၂ နာရီမှစတင်၍ လူသွားလမ်းပလက်ဖောင်းပေါ်တွင်သာမက ကားလမ်းမပေါ်အထိ ဆိုင်ခင်းရောင်းချခြင်း၊ ကုန်တင်ယာဉ်များမှာအတွင်း ယာဉ်ကြောအတွင်း ကြာရှည်စွာရပ်တန့်၍ ကုန်ပစ္စည်းအတင်အချပြုလုပ်ခြင်းများကြောင့် ယာဉ်ကြီးများဖြစ်သည့် ခရီးသည်တင်ယာဉ်များမှာ မောင်းနှင်ရန် ခက်ခဲပြီး လက်ဝဲဘက်တစ်လမ်း အတွင်းသို့ စုပုံမောင်းနှင်ပြီး ခရီးသည်အတင်အချပြုလုပ်ကြသောအခါ မကြာခဏ ယာဉ်ကြောပိတ်ဆို့ခြင်းများ ဖြစ်ရကြောင်း ခရီးသွားကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

ထိုစည်းကမ်းမဲ့ လမ်းဘေးဈေးသည်နှင့် စည်းကမ်းမဲ့ယာဉ်မောင်းများကြောင့် ရန်ကုန်မြို့တော်၏ အချက်အချာကျသောနေရာများတွင် ယာဉ်ကြောပိတ်ဆို့မှုကိုဖြစ်စေပြီး ကုမ္ပဏီဝန်ထမ်း၊ ရုံးဝန်ထမ်းများမှာ ရုံးချိန်နောက်ကျ၍ အကြီးအကဲများ၏ သတိပေးခြင်းကို ခံရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာမှ တိတိကျကျ အရေးယူဆောင်ရွက်သင့်ကြောင်း ခရီးသွားပြည်သူများမှ တစ်ဆင့်သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး မိဘပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ပေး

**ပညာရေးဝန်ကြီးဌာနသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ၂၀၁၅ ခုနှစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသော ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးအတွက် သန်းခေါင်စာရင်းနှင့် တိုက်ဆိုင်စိစစ်ပြီး ကျောင်းစတင်ဖွင့်လှစ်သည့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေရေးလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-**

- ❁ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၅ ခုနှစ် မေ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းသန်းခေါင်စာရင်းအရ ကျောင်းနေအရွယ် အသက်အပိုင်းအခြားဦးရေစာရင်းကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ကောက်နုတ်ပြုစုပြီး ကျောင်းအပ်နှံရန် ကျန်ရှိနေသောကလေးများ တစ်ယောက်တလေ မကျန်စေရဘဲ ကျောင်းအပ်နှံရေး။
- ❁ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များသည် ရပ်ကွက်၊ ကျေးရွာအလိုက် မူလတန်းကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များပူးပေါင်းပြီး ထပ်ဆင့်တွေ့ဆုံ၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မိဘပြည်သူများအား အသိပညာပေး စည်းရုံးဆောင်ရွက်ရေး။
- ❁ ကျောင်းအပ်နှံရေး ရက်သတ္တပတ်နှင့် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက သန်းခေါင်စာရင်းအရ ကျောင်းအပ်နှံရမည့် အသက်အပိုင်းအခြားဦးရေနှင့် အမှန်တကယ် ကျောင်းအပ်နှံသည့်ဦးရေတို့ကို နှိုင်းယှဉ်ပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်း တွက်ချက်ရေး။
- ❁ အစိုးရကျောင်းများတွင် အပ်နှံခြင်းမပြုဘဲ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့ အပ်နှံမှုများကို သီးခြားစာရင်းကောက်ယူပြီး ကျောင်းအပ်နှံမှုရာခိုင်နှုန်းတွင် ထည့်သွင်းပေါင်းစပ်တွက်ချက်ရေး။
- ❁ ကျန်းမာရေးအရဖြစ်စေ၊ လူမှုစီးပွားရေးအရဖြစ်စေ ကျောင်းအပ်နှံနိုင်ခြင်းမရှိသော မိဘများကိုတွေ့ဆုံ၍ အခက်အခဲနှင့်အချက်အလက်များကောက်ယူပြီး (Non Formal Education) ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ ရေးဆွဲနိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တို့ ပေါင်းစပ်လျက် လူတိုင်းစာတတ်မြောက်ရေးအစီအစဉ် ဆောင်ရွက်ရေး။
- ❁ အတန်းအလိုက် အတန်းပြီးမြောက်မှုနှုန်းနှင့် အတန်းအလိုက် အတန်းကူးပြောင်းမှုနှုန်း ခြားနားမှုများကိုတွက်ချက်ပြီး ကျောင်းမနေနိုင်သည့် အခြေအနေများကို ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လေ့လာသုံးသပ်၍ ကျောင်းပြင်ပပညာရေး(Non Formal Education)နှင့် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education)တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်သင်ကြား လေ့ကျင့်နိုင်ရန် စီမံဆောင်ရွက်ရေး။
- ❁ အခြေခံအဆင့်အလိုက် ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရန်အတွက် တစ်နိုင်ငံလုံးအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများကို ဖွင့်လှစ်ထားရှိရာ မိမိတို့၏ ပညာအရည်အချင်းအရ ရွေးချယ်တက်ရောက်နိုင်ပါသဖြင့် သက်ဆိုင်ရာပညာရေးမှူးရုံးများနှင့် ဆက်သွယ်သင်ယူနိုင်ရေးတို့အတွက် -

မိဘပြည်သူတစ်ရပ်လုံးက ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ကျောင်းဖွင့်စ ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးလုပ်ငန်းတို့ကို အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်လျှင် မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကြပါရန် ပညာရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံအပ်ပါသည်။ **ပညာရေးဝန်ကြီးဌာန**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အသုံးပြုရန် Saloon မော်တော်ယာဉ်(၂)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၆-၆-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၆-၆-၂၀၁၅ရက် ၉း၀၀နာရီတွင် ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တင်ဒါဖွင့်ပွဲဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါကြီးကြပ်ရေးကော်မတီ
ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဆက်သွယ်ရန်ဖုန်း- ၀၅၈-၂၁၁၈၁



## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း(၂)ခုအတွက် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူအပ်ပါသည်-

(က) အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး) ရုံးအဆောက်အအုံ ပေ(၁၂၀×၃၈)၊ (၆)ထပ် ဆောက်လုပ်ခြင်းလုပ်ငန်း။

(ခ) ပဲခူးတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်း။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် -၅-၆-၂၀၁၅ရက်မှ ၁၉-၆-၂၀၁၅ရက်အထိ
တင်ဒါပုံစံလက်ခံမည့်ရက် - ၁၅-၆-၂၀၁၅ရက်မှ ၂၅-၆-၂၀၁၅ရက်အထိ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ (စံပယ်အိမ်ရာအရှေ့)
ဖုန်း-၀၆၇-၄၀၃၁၇၀၊ ၀၆၇-၄၀၃၄၉၀



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးအတွက် အောက်ဖော်ပြပါ ရုံးသုံးပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| ၁။ Computer 1-Set | (၂) စုံ |
| ၂။ CUP (System Box) | (၁၁) လုံး |
| ၃။ COPIER | (၄) လုံး |
| ၄။ အရာရှိစားပွဲ | (၁၅) လုံး |
| ၅။ လက်တန်းပါကုလားထိုင် | (၁၅) လုံး |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၈-၆-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း ပြည်သူ့လွှတ်တော်ဝင်း ပထမထပ်၌ လာရောက်စုံစမ်းရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၃-၆-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီဖြစ်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့
ဖုန်း-၀၁-၂၃၀၁၂၅၇၊ ၂၃၀၂၀၁၃၊ ၂၃၀၂၀၁၄

# ပရိသတ်ဆီကရတဲ့ မေတ္တာတရားကို ပြန်လည်ဝေမျှတဲ့ မင်းသား

# လီမင်ဟို



"လိုအပ်နေတဲ့သူတွေကို အကူအညီတွေပေးပြီး ကျွန်တော်နေထိုင်တဲ့ကမ္ဘာကြီးကို သာယာလှပအောင် ဖန်တီးပေးချင်တာပါ" လို့ဆိုတဲ့ သရုပ်ဆောင်မင်းသားလီမင်ဟိုသည် PMZ အမည်ဖြင့် ပရဟိတလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး သူ၏ပရိသတ်များကိုလည်း ပရဟိတလုပ်ဖို့ တိုက်တွန်းလိုက်ကြောင်း သိရသည်။

နီပေါငလျင်ဘေးသင့် ပြည်သူများအတွက် ဘတ်ငွေ သန်း (၁၀၀) လှူဒါန်းခဲ့သည့် ပရိသတ်အချစ်တော်လီမင်ဟိုက "ပရိသတ်ဆီကရတဲ့မေတ္တာတရားနဲ့ ပျော်ရွှင်မှုတွေကို လိုအပ်တဲ့သူတွေကို ပြန်ပြီးဝေမျှ ဖြစ်တာပါ။ ဒီထက်ပိုပြီးတော့လည်း လိုအပ်တဲ့နေရာတွေကို လှူဒါန်းသွားနိုင်ဖို့မျှော်လင့်ပါတယ်" လို့ SBS တွင်ပြောကြားခဲ့သည်။

Promise ဟုအဓိပ္ပာယ်ရသည့် PMZ အမည်ဖြင့် ပရဟိတလုပ်ငန်းများလုပ်ကိုင်နေသော မင်းသားလီမင်ဟိုနှင့် သူ၏ပရိသတ်များသည် မာလာဝီ၊ အာဖရိကတို့တွင်လည်း လှူဒါန်းခဲ့ပြီး ရှားပါးတိရစ္ဆာန်များထိန်းသိမ်းကာကွယ်ရေးတို့တွင်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်။ **ဆုမြတ်။**

## အန်ဂျလီနာဂျိုလီ၏ နှစ်လေးဆယ်ပြည့်မွေးနေ့

ဟောလိဝုဒ်အကျော်အမော် မင်းသမီးအန်ဂျလီနာဂျိုလီ၏ အသက်လေးဆယ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် Yahoo Movies မှ ဝန်ထမ်းများက သူ၏ အနုပညာလမ်းကြောင်းတစ်လျှောက် ကျော်ကြားခဲ့သော အက်ရှင်ဇာတ်ကားများထဲမှ အကောင်းဆုံးသော သရုပ်ဆောင်ကွက်များကို ရွေးချယ်ကာ စုစည်းဖော်ပြခဲ့သည်။

ဂျိုလီသည် အက်ရှင်ဇာတ်ကားများဖြင့် အနုပညာလောကတွင် နာမည်ရလာခဲ့ပြီး ဇာတ်ကြမ်းကားပေါင်း ဒါဇင်ဝက်ကျော်ခန့် ရိုက်ကူးခဲ့ကာ အော်စကာဆုများကိုလည်းရယူနိုင်ခဲ့သည်။ ယခု စုစည်းဖော်ပြခြင်းခံခဲ့ရသော ဂျိုလီ၏ အကောင်းဆုံးသရုပ်ဆောင်ကွက်များမှာ *Salt*၊ *Wanted* နှင့် *the Tomb Raider* ရုပ်ရှင်တို့မှ အများဆုံးဖြစ်သည်။

သူသည် ၁၉၇၅ခုနှစ် ဇွန်လ ၄ရက်က မွေးဖွားခဲ့သည့်အတွက် ပြီးခဲ့သည့် ကြာသပတေးနေ့က အသက် လေးဆယ်ပြည့်ခဲ့ပြီဖြစ်သည်။

**အေးပြည့်။**

# သူငယ်ချင်းရဲ့စေ့စပ်ပွဲမှာ စိတ်လှုပ်ရှားခဲ့ရပါတယ်ဆိုတဲ့ ဒေမီလက်ဗာတိုး

အမေရိကန်ပေါ့ပ်အဆိုတော် ဒေမီလက်ဗာတိုးသည် သူ၏သူငယ်ချင်းဖြစ်သူ အဆိုတော် အစ်ဂီ အက်ဇယ်လာနှင့် ချစ်သူနက်ခ်ယန်းတို့၏ စေ့စပ်ပွဲကို တက်ရောက်ခဲ့ပြီး သူငယ်ချင်းဖြစ်သူအတွက် ထပ်တူဝမ်းသာခဲ့ကာ စိတ်လှုပ်ရှားခဲ့ရကြောင်း သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင် ရင်ဖွင့်ထားသည်။

ဒေမီက သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင် အစ်ဂီနှင့်အတူ ရိုက်ထားသောဓာတ်ပုံကိုတင်ထားကာ အဆိုပါဓာတ်ပုံတွင် အစ်ဂီစေ့စပ်လက်ဆောင်အဖြစ်ရရှိထားသော လက်စွပ်ကိုဖော်ပြထားပြီး နှစ်ဦးစလုံးစိတ်လှုပ်ရှားနေပုံပေါ်နေသည်။



ထို့ပြင်သူက သူငယ်ချင်းစုံတွဲနှင့်ပတ်သက်၍ ယခုစေ့စပ်ပွဲတွင်ရခဲ့သော ပျော်ရွှင်မှုလောက် ကြီးမားသည့် ပျော်ရွှင်မှုမရှိသေးကြောင်းနှင့် ပွဲကျင်းပသော တစ်နာရီအတွင်း ကြည်နူးပျော်ရွှင်မှုနှင့်အတူ စိတ်လှုပ်ရှားရင်ခုန်လွန်းသည့်အတွက် ပါးစပ်အဟောင်းသားဖြင့် အစ်ဂီတို့စုံတွဲကိုသာ လိုက်ငေးနေမိကြောင်းလည်း ဆိုခဲ့သည်။

**အေးပြည့်။**



# ပက်ရှင်ဟေး ပြောတဲ့ သူ့ရဲ့အနာဂတ် ခင်ပွန်းလောင်း

*SBS*ရုပ်သံလိုင်းမှပေးအပ်သော ၂၀၁၅ အတွက် အကျော်ကြားဆုံးအမျိုးသမီးအနုပညာရှင်ဆုကို ရရှိထားသော မင်းသမီးပက်ရှင်ဟေးသည် မိန်းကလေးများ အားကျရသော အခြေအနေနှင့် အမျိုးသားတိုင်းလိုလို လိုချင်မိသော စိတ်ကူးကမ္ဘာအတွင်းမှ အမျိုးသမီးတစ်ဦး၏ ဘဝအခြေအနေမျိုး ပိုင်ဆိုင်ထားခဲ့သော်လည်း သူမကမူ ရည်ရွယ်စိတ်ကူးထားသော အမျိုးသားတစ်ဦးနှင့် လက်ထပ်နိုင်ရန် ကံကောင်းခြင်းများ လိုအပ်နေသေးကြောင်း ဖွင့်ဟလာသည်။

ဇွန် ၂ရက်က ပြုလုပ်ခဲ့သော *SBS* ၏ "*Some Guy, Some Girl*"အစီအစဉ်တွင် သူမက "ကျွန်မရဲ့စိတ်ကူးအိမ်မက်တစ်ခုက လက်ထပ်ဖို့ပါပဲ။ ဖေဖေနဲ့ မေမေကိုအားကျပြီး ပျော်ရွှင်တဲ့မိသားစုတစ်ခုလိုချင်မိတယ်။ ဒါကြောင့် အသက်(၂၃)နှစ်လောက်ကတည်းက အိမ်ထောင်ပြုဖို့ စိတ်ကူးယဉ်မိတယ်။ ဒီလိုအိမ်ထောင်ပြုဖို့ ဆုံးဖြတ်ပြီးနောက်ပိုင်း အမျိုးသားတွေကို ဖေဖေနဲ့နှိုင်းယှဉ်ကြည့်မိတယ်။ ဖေဖေက မိသားစုကို အလွန်အလေးထားတယ်လေ"ဟုရှင်းပြခဲ့သည်။

ပက်ရှင်ဟေးကို ၁၉၉၀တွင် မွေးဖွားခဲ့သည့်အတွက် ယခုအသက်(၂၅)နှစ် ရှိပြီဖြစ်သည်။

**အေးပြည့်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

*6 - 6 -2015 (paeae)*

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၀ မေတ္တာပို့
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ *VOA* အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၁း၀၀ *English For Myanmar*
- ၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
  - လေပြေချိုတဲ့ခင်းညနေ
  - နေမင်း၊ဝိုင်းစုခိုင်သိန်းနှင့် သရုပ်ဆောင်များ
  - ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)
- ၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - စက်ရုပ်ချစ်သူ (အပိုင်း-၂၄)
- ၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၅ ကျန်းမာသုတ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဂါလီမာ (အပိုင်း-၃၂)
- ၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆း၁၀ စားဖို့ဆောင်ချစ်သူ
- ၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ပန်းခူးသူဆုံးစူးပါစေ (အပိုင်း-၅၀)
  - လူ့ရှင်တော်စတား
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - မေတ္တာဖွဲ့ကြိုး (အပိုင်း-၅၃)

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော် + အင်္ဂလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
- ၈း၃၅ *Cartoon Series (Go Torara Go)*
- ၉း၀၀ *MRTV-4* ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၀)
- ၉း၄၀ *Drive It*
- ၁၀း၀၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ *Star* တို့ရဲ့လက်ရာ
- ၁၁း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၃၇+၃၈)
- ၁၂း၄၅ နွေးထွေးသောမေတ္တာပိုင်ရှင်
- ၂း၂၀ *MRTV-4* ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်၏စေရာ (အပိုင်း-၁)]
- ၃း၀၀ *MRTV-4* ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၃၂)
- ၃း၄၀ *Fashion Week (Designer Yone Yone)*
- ၄း၅၅ အတွေးမျဉ်းပြိုင်များ
- ၇း၅၅ *MRTV-4* ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်၏စေရာ (အပိုင်း-၂)]
- ၈း၄၅ *MRTV-4* ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၉၁)
- ၉း၂၅ *Forever Music T ribute* လပြည့်ဝန်းသို့တမ်းချင်းည [ကိုနေဝင်းမင်္ဂလှိုင်း နှစ် (၃၀)ခရီး] (အပိုင်း-၃)
- ၁၀း၁၀ *Education Talk* (မြန်မာစာသင်ကြားရေးနှင့် အခြေခံပညာ)
- ၁၀း၅၀ *MRTV-4 Stage*
- ၃း၂၅ နယဉ်ဆန်းထွင်ပန်းအလှဆင် (ချိုချဉ်ပုံစံပန်း အလှဆင်ဖန်တီးမှု)
- ၃း၅၀ ပြက္ခဒိန်ရွှေတောင်မည် မြန်မာပြည်ဗဟိုချက်ဆီ
- ၄း၁၀ *World of Knowledge (Locked Up Abroad : Conned to Quito)*

### mitv

- *Let's Cook (EP-1) Savory Dory Steak with Lemon & Mixed Berry Smoothie*
- *Black Gold (P- II)*
- *Sagaing: Pe Kwel Kone Nat Festival*
- *Size Does Matter (Ep-6) Human-Elephant Conflict, "Escape Tips"*
- *The Beauty In The North Of Myanmar*
- *The Eel Business (Fisherman the eel culture)*
- *Daingnak Style*
- *Goldsmith*
- *Discovering Tribes "Lisu: Their Life and Customs (Part- I)"*
- *Around The Maha Boditahtaung*
- *Food Trip (Ep-10) (Part -1)*
- *Ancient Shwe-San-Taw Pagoda*
- *A Tourist Destination Of Shan State*
- *Myanmar Masterclass: Caricature*
- *A Visit To Kayah State (Part-I)*
- *Products Of Myanmar - Mya Setkyar Pure Silk Fabric From Inle Lake*
- *Shaping Life with Music*
- *Size Does Matter (Ep-5) Human-Elephant Conflict, "Habitat Loss"*
- *Travels In Monywa- Moe Hnyin Sambuddhe Pagoda*
- *Art Students: Theatrical Art*
- *Myanmar Wedding Dresses*
- *Kyauk Gu Umin Cave Gu Pha Ya*
- *A Way of Life - Karate-do*
- *One of the Useful Purposes of Bamboo*
- *The Iron Rider*

# (၂၈)ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပုံရိပ်များ

စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများ၏ ပြိုင်ပွဲဝင်ပုံရိပ်များကို ကြေးမုံပရိသတ်ထံ ဝေမျှလိုက်ရပါသည် . . . .

## ဒရုန်းများပျံသန်းခြင်းကို ဆီးဂိမ်းပိတ်ပွဲပြီးမှသာ ပြန်လည်ခွင့်ပြုမည်

ဆီးဂိမ်းကျင်းပရာနေရာများတွင် ဒရုန်းများပျံသန်းမှုကို ဇွန် ၅ ရက်မှ ၁၆ ရက်အထိ ခွင့်ပြုမည်မဟုတ်ဟု စင်ကာပူဆီးဂိမ်းကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။

ဆီးဂိမ်းကျင်းပရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "ကျွန်တော်တို့ ကစားသမားတွေ၊ တာဝန်ရှိသူတွေ၊ ပရိသတ်တွေရဲ့ လုံခြုံရေးအာမခံချက်ရရှိအောင် ဒရုန်းတွေအပါအဝင် တခြားလေယာဉ်တွေကို ဇွန် ၁၆ ရက်အထိ လေကြောင်းမပျံသန်းရဖုန် သီးခြားသတ်မှတ်သွားမှာပါ။ ပြိုင်ပွဲကျင်းပမယ့် နယ်မြေအနီးအနားမှာ ဘယ်လိုလေကြောင်းအသုံးပြုယာဉ်မျိုးမှ ပျံသန်းခွင့်ရှိမှာမဟုတ်ပါဘူး" ဟု ရှင်းပြသည်။

**(ခင်ခင်သက်)**



စင်ကာပူနိုင်ငံ အိုင်စီအီးကောလိပ်စင်ထရယ်၌ ဦးကြည်လွင်နှင့် မြန်မာအသင်းသားများ လေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်နေစဉ်။

## 1993 cEpuxu au▯i;reontaetx▯;wp&yu &nre;x▯;[ 0;▯unviq

မြန်မာဘောလုံးနည်းပြချုပ်ဦးကြည်လွင်က မြန်မာအသင်းအနေဖြင့် ပွဲဦးထွက် ပွဲစဉ်နှစ်ပွဲစလုံးတွင် အနိုင်ရရှိထားသော်လည်း ယခုအောင်မြင်မှုအတိုင်းအတာမှာ ရည်မှန်းချက်၏အစိတ်အပိုင်းတစ်ရပ်သာဖြစ်ပြီး ၁၉၉၃ ငွေတံဆိပ်ဆုရအခြေအနေထက် သာလွန်သောအနေအထားကသာ မြန်မာအသင်း၏ ရည်မှန်းချက်အစစ်အမှန်ဖြစ်ကြောင်း ဆိုခဲ့သည်။

"ကျွန်တော်ပြိုင်ဘက်အသင်းတွေနဲ့ ပက်သတ်ပြီးမှတ်ချက်တစ်စုံတစ်ရာ မပေးလိုပါဘူး။ ကျွန်တော်တို့အသင်းမှာ နည်းဗျူဟာတစ်ခုအခိုင်အမာချပြီးသားပါ။ ဒါကို ကစားသမားတွေလည်းကောင်းကောင်းသိပါတယ်။ ဒါကြောင့် ကွင်းထဲမှာ သူတို့ပြိုင်ဘက်ကို ဘယ်လိုမာမာထန်ထန် တုံ့ပြန်ကစားရမလဲဆိုတာ သူတို့ အသေအချာသိပါတယ်။ အရာရာကိုပြောင်းလဲနိုင်တဲ့ ကစားသမားတွေပါတဲ့ အသင်းတစ်သင်း ကျွန်တော့်မှာရှိပါတယ်။ ဒါကို ခင်ဗျားတို့ စင်ကာပူနဲ့ပွဲမှာမြင်တွေ့ခဲ့ပြီးဖြစ်ပါတယ်" ဟု မြန်မာအသင်း၏ လေ့ကျင့်ရေးအစီအစဉ်များပြုလုပ်ရာ အိုင်စီအီးကောလိပ်စင်ထရယ်တွင် ဦးကြည်လွင်က ပြောကြားသည်။

**(မေလှဲ့သင်း)**

## ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာအပါအဝင် ခြောက်သင်းယှဉ်ပြိုင်မည်

စင်ကာပူနိုင်ငံက လက်ခံကျင်းပသည့် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားအမျိုးအစား ၃၆ မျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သော ရိုးရာခြင်းလုံးပြိုင်ပွဲတွင် မြန်မာအပါအဝင် ခြောက်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများမှာ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံကိုယ်စားပြုအသင်းများဖြစ်ကာ အမျိုးသားခြင်းလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**(ခင်ခင်သက်)**


## ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ ပထမဆုံးသော ရွှေတံဆိပ်များရရှိ

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ဖွင့်ပွဲအကြိုနေ့ မေ ၄ ရက်တွင် ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့၏ ပထမဆုံးသော ရွှေတံဆိပ်များကို ဆွတ်ခူးနိုင်ခဲ့သည်။

ထိုင်းနိုင်ငံသည် စားပွဲတင်တင်းနစ်နှင့် ဓားခုတ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ခု ရရှိခဲ့ကာ မလေးရှားနိုင်ငံကမူ အလှပြရေကူးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရွှေတံဆိပ်ရရှိပြီးသော နိုင်ငံများမှာ အိမ်ရှင် စင်ကာပူနိုင်ငံက ရွှေခုနစ်ခု၊ ဗီယက်နမ်နိုင်ငံက လေးခု၊ ထိုင်းက နှစ်ခုနှင့် မလေးရှားက တစ်ခုတို့ဖြစ်သည်။ **(ခင်ခင်သက်)**

## မြန်မာအသင်းကို ရှုံးနိမ့်ခဲ့သော စင်ကာပူအသင်းအား စင်ကာပူမီဒီယာများ အပြင်းအထန်ဝေဖန်



အုပ်စု(က)ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သော မြန်မာနှင့် စင်ကာပူအသင်းတို့၏ပွဲစဉ်တွင် စင်ကာပူက မြန်မာအား အိမ်ကွင်းပရိသတ်များရှေ့မှာပင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ မီဒီယာများက စင်ကာပူအသင်းအား"သွားမရှိသောခြင်္သေ့"၊ "ညံ့ဖျင်းသော ဂိုးသမားဆိုင်ရာဝမ်"၊ "မြန်မာ့ခြေအောက် ဝပ်ဆင်းခဲ့ရသော စင်ကာပူအသင်း"၊ "မြန်မာတိုက်စစ်ကို စင်ကာပူတားဆီးရန်မေ့လျော့နေ" ဟု အမျိုးမျိုးလှောင်ပြောင်ကာ ရေးသားထားသည်။

စင်ကာပူအသင်းသည် မြန်မာထက် နားရက်တစ်ရက်ပိုရထားသော်လည်း အခွင့်အရေးကို ကောင်းကောင်းအသုံးမချနိုင်ခဲ့ဘဲ မြန်မာအသင်း၏ အလွတ်တည်ကန်ဘော(Set Piece) များကို စင်ကာပူဂိုးသမားဆိုင်ရာဝမ်နှင့် နောက်တန်းကစားသမားများ တားဆီးရန်မေ့လျော့နေသည့်အတွက် ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနှစ်သင်းလုံးကို မဖြစ်မနေအနိုင်ရအောင် ကစားရတော့မည်ဟု ရေးသားထားသည်။ ယခုပွဲမတိုင်မီ စင်ကာပူနည်းပြက မြန်မာတိုက်စစ်ကိုရပ်တန့်သွားအောင် စွမ်းဆောင်ပြမည်ဟု ဆိုထားခဲ့သော်လည်း တကယ်တမ်းကစားသည့်အခါ ခြေစွမ်းပိုင်းအရ သိသိသာသာ အသာမရခဲ့ပေ။

စင်ကာပူနည်းပြ အစ္စကန်ဒါကမူ စင်ကာပူအသင်းအနေဖြင့် မြန်မာနှင့်ကစားခဲ့သည့်ပွဲမှာ ဖိလစ်ပိုင်နှင့်ကစားသည့်ပွဲထက်ခြေစွမ်းများစွာ သာလွန်ကြောင်း၊ မြန်မာ၏ မြန်နှုန်းမြင့်ကွင်းလယ်တိုးအား မြင့်မားလွန်းသည့်အတွက် စင်ကာပူခံစစ်ပွဲချိန်အချို့တွင် ပေါက်ထွက်ခဲ့ကြောင်း၊ အရှုံးအတွက် ကစားသမားများကို အပြစ်တင်စရာမရှိကြောင်းနှင့် နောက်နှစ်ပွဲအတွက်သာ အနိုင်ရအောင် ပြင်ဆင်ရတော့မည်ဖြစ်ကြောင်း ဆိုသည်။

**(မေလှဲ့သင်း)**

**စင်ကာပူရောက်မြန်မာဘောလုံးချစ်မြတ်နိုးသူ ပရိသတ်များ မြန်မာဘောလုံးအသင်း ယှဉ်ပြိုင်မှုကို တစ်ခဲနက်အားပေးပြီးနောက် ပရိသတ်များစွန့်ပစ်ခဲ့သည့် အမှိုက်များကို တာဝန်သိစွာဖြင့် လိုက်လံကောက်ယူနေစဉ်။** (ဓာတ်ပုံ-မြန်မာဘောလုံးချစ်မြတ်နိုးသူများ)

## အုပ်စု(ခ)တွင် ဗီယက်နမ်နှင့်ထိုင်းတို့ ရာနှုန်းပြည့်အနိုင်ဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်ရန် အခြေအနေကောင်း



အုပ်စု(ခ)ပွဲစဉ်များကို ဇွန်၄ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရာ ထိုင်းက မလေးရှားအသင်းကို ထိုင်းအသင်းခေါင်းဆောင် ဆာရက်ချ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့်အနိုင်ယူကာ သုံးပွဲကစား သုံးပွဲနိုင်ရလဒ်ဖြင့် အကြိုဗိုလ်လုပွဲတက်ရောက်ရန် အလားအလာကောင်းသွားခဲ့ပြီဖြစ်သည်။ ပွဲပြီးခါနီးအချိန်ထိ ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်နေခဲ့သော်လည်း ပွဲကစားချိန် ၈၁ မိနစ်အရောက်တွင် ဆာရက်ချ်က အနိုင်သုံးမှတ်ရရှိမည့် အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

ထို့ပြင် ဗီယက်နမ်ကလည်း လာအိုအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့်ပင် အနိုင်ရရှိခဲ့ရာ ထိုင်းအသင်းထက် သွင်းဂိုးသုံးဂိုးအသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ ထိုင်းအသင်းနှင့် ဗီယက်နမ်တို့သည် အုပ်စုဗိုလ်နေရာရရှိရန်အတွက် ဇွန် ၁၀ ရက်တွင် ကစားမည့် ထိပ်တိုက်တွေ့ဆုံပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

# ညောင်ရွှေမြို့ အင်းလေးဒေသရှိ ရွှေအင်းတိန်စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် မူလအတိုင်း ပြုပြင်ရန်လိုအပ်

**တောင်ကြီး ဇွန် ၅**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ရွှေအင်းတိန်စေတီပုထိုးများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလအတိုင်း လက်ရာများ တန်ဖိုးမလျော့ကျစေဘဲ ပြုပြင်ထိန်းသိမ်းရန် ဘုရားဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က မှာကြားခဲ့သည်။

မြေခင်းအလှပြုလုပ်ရာတွင်လည်း သဘာဝကိုမထိခိုက်စေဘဲ စနစ်တကျပြုလုပ်ရန်လိုကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်မည်ဆိုပါကလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားပြီး ရှေးမူမပျက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ယင်းပြင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ရွှေအင်းတိန်ရှေးဟောင်းစေတီများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာတွင်လည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တောင်ကြီးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ထိန်းသိမ်းပြုပြင်မည့် ရွှေအင်းတိန်စေတီများအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ညောင်ရွှေမြို့ နန်းပန်ကျေးရွာအုပ်စု မာန်အောင်ရွာအနီးရှိ မြို့ရိုးဟောင်းနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့ဟောင်း၏နောက်ခံ သမိုင်းကြောင်း၊ သတင်းအချက်အလက်များအား ရှာဖွေစုဆောင်းပြီး ပိုမိုခိုင်မာသောအထောက်အထားများ ရရှိရန်လိုအပ်ကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တောင်ကြီးဌာနခွဲမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ရှေး/သု(ရှမ်းပြည်နယ်)**

## အကြိမ်(၂၀)မြောက် ရေဆေးပန်းချီပြပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး ဇွန် ၅**

မြန်မာနိုင်ငံရေဆေးပန်းချီလှုပ်ရှားမှုအသင်းမှ ကြီးမှူး၍ အကြိမ်(၂၀)မြောက် ရေဆေးပန်းချီပြပွဲဖွင့်ပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ပန်းချီပြခန်းတွင် ကျင်းပခဲ့သည်။

အကြိမ် (၂၀)မြောက် ရေဆေးပန်ချီပြပွဲတွင် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ပုသိမ်တို့မှ ရေဆေးပန်းချီဆရာ ၃၀ ကျော်တို့က ရေဆေးပန်းချီ အကြည်၊ အပါး ၁၀၀ ကျော် ခင်းကျင်းပြသထားသည်။

ရေဆေးပန်းချီကားများတွင် အနိမ့်ဆုံးကျပ် ၅၀၀၀၀ မှ အမြင့်ဆုံး ပန်းချီဆရာကြီးဦးခင်မောင်စန်းနှင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်တို့၏ အမေရိကန်ဒေါ်လာ ၁၅၀၀ တန် ပန်းချီကားများ ပါဝင်ပြသထားသည်။ ပြပွဲကို ဇွန် ၃ ရက်မှ ၇ ရက်ထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီထိ အခမဲ့ပြသထားရာ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မင်းဘူးခရိုင် အရင်းမပျောက်မတည်ငွေဖြင့် အကျိုးခံစားသူများအား သွားရောက်စစ်ဆေး

**ပွင့်ဖြူ ဇွန် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော သံကိုင်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ အကောင်အထည်ဖော်ဆောင်ရွက်သော အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အကျိုးခံစားသူအိမ်ထောင်စု ၁၄၈ ၏ ရင်းနှီးမတည်ထားသော လုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ကျဝန်ထမ်းများက ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျေးရွာကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ရင်းနှီးမတည်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်အောင်မြင်မှုများအား ဆက်လက်ထိန်းသိမ်းသွားရန် ဆွေးနွေးခဲ့သည်။

**အောင်သူရ(ပွင့်ဖြူ)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ကျင်းပ

**ကော့ကရိတ် ဇွန် ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့ကရိတ်ခရိုင်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓါတ်ပုံပြပွဲကိုယနေ့နံနက် ၁၁ နာရီကကော့ကရိတ်မြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ သရဖီခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ဒုတိယရဲမ-းကြီးခင်မောင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကိုကိုတို့မှ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိဒေါ်ရဲဒါလီတင့်မှ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအားအကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ကျန်းမာရေးမှူး ဦးမန်းညိုသိန်းမှ မူးယစ်ဆေးဝါးနှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကာကျောင်းသားကျောင်းသူများကမိမိသိရှိလိုသည့်အချက်များအားမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးခဲ့သည်။

အခမ်းအနားသို့ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများကတက်ရောက်ခဲ့သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအအမှတ်အဖြစ် မေ ၃၀ ရက်တွင် ကော့ကရိတ်မြို့ အမှတ်(၅)ရက်ကွက်၊ မေ ၃၁ ရက်တွင် အမှတ်(၇)ရပ်ကွက်၊ ဇွန် ၆ ရက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အထက(ချောင်းတောင်)တို့၌လည်းကောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓါတ်ပုံပြပွဲများကို ပြသခဲ့ရာတက်ရောက်လာသောဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများမှ စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြောင်းသိရှိရသည်။



**စိုးထက်အောင်(ပြန်/ဆက်)**





**RELIEF INTERNATIONAL**

Public Tender Announcement for **Speed Boat with Fiber Hull, YAHAMA 150Hp, 2-Stroke, OBM Engine** for Relief International Sittwe office, Rakhine State.

Date: June 3rd, 2015 Place: Sittwe Township, Rakhine State, Myanmar

Under the implementation of "Delivering Emergency Health Services for IDPs and Communities in Rakhine Project" in Rathedaung and Buthidaung Townships, Rakhine State, Myanmar. We are calling PUBLIC TENDER for **Speed Boat with Fiber Hull, YAHAMA 150Hp, 2-Stroke, OBM Engine** for traveling between in Rakhine State.

| Sr. | Description | Quantity |
|---|---|---|
| 1. | Speed Boat Fiber Hull 9-Seaters, (L-25'XW-8'4"XH-4'6") including Seats, Steel Frame Roofing, Roofing Sheet and Windshield Mirror. | 1 Set |
| 2. | YAHAMA OBM Engine package, 150Hp, Steering Type, E150AETX. | 1 Set |
| 3. | To deliver to Sittwe, complete installation, engine breaking and test running. | 1 Work |

in Sittwe Township, Rakhine State, Myanmar

To construct above items are, invited from interested national companies. Tender Documents are available at our office starting from the June 3rd, 2015 to June 22nd, 2015 during office hours and for further detail please contact.

1. **Contact Person :** Daw Lin Lin Yu, Tel : (95)9-458031465
2. **Yangon Office :** No.202,U Wisara Road, West Shwegonedine, Bahan Township, Myanmar, Tel: (95)1-385002

Closing date is June 22nd, 2015 (5:00) PM. Please kindly submit quotation, attach with background history and references.

**အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း**

ဒေါ်ခင်ဝင်းတင့် [၅/မရန(နိုင်)၀၄၀၄၂၇]၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး၊ လားရှိုးလမ်းမကြီးဘေး၊ ပြင်ဦးလွင်မြို့တွင် နေထိုင်သူက ဦးမောင်မောင်စိန် (ခ) ဦးဟရူတိ [၅/မရန(နိုင်)၀၁၉၂၆၀] အား ပြင်ဦးလွင်မြို့တွင် လွှဲအပ်ခဲ့သည့် ၉-၄-၂၀၁၅ရက်စွဲပါ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၁/၂၀၁၅အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်းတင့်၏
လွှဲအပ်ညွှန်ကြားချက်အရ
ဦးသက်လွင်**(LL.B)**
တရားလွှတ်တော်ရှေ့နေ
(စဉ်-၆၅၁၃)
တိုက်(၁၁)၊ ၆-လွှာ၊ ပန်းပင်ကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6D/ 4003, 6D/4004,6D /4005, 6D/4008, 6D/4011, 4E/6201, 4E/6206 တို့၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် အောက်ပါယာဉ်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | DUMP TRUCK (JAPAN) ၅/၆တန် | ၆စီး |
| (ခ) | EXCAVATOR (STANDARD) 18/21 | ၁စီး |
| (ဂ) | EXCAVATOR (STANDARD) 10/13 | ၁စီး |
| (ဃ) | EXCAVATOR (LONGARM) | ၁စီး |
| (င) | LOADER | ၁စီး |
| (စ) | ရေသယ်ယာဉ် | ၄စီး |
| (ဆ) | ဆီသယ်ယာဉ် | ၁စီး |
| (ဇ) | အမှိုက်သိမ်းယာဉ် | ၇စီး |
| (ဈ) | အမှိုက်သိမ်းယာဉ်(TC) | ၁၅စီး |
| (ည) | LIGHT TRUCK | ၆စီး |
| (ဋ) | MINI BUS | ၁စီး |
| (ဌ) | အမှိုက်ပုံးသယ်ယာဉ် | ၂စီး |
| (ဍ) | မိလ္လာသယ်ယာဉ် | ၂စီး |
| (ဎ) | DOUBLE CAB | ၂စီး |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၈-၆-၂၀၁၅ရက်တွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာန၌ စတင်ရောင်းချမည်ဖြစ်ပြီး ၂-၇-၂၀၁၅ရက်နှင့် ၃-၇-၂၀၁၅ရက်၊ မွန်းလွဲ ၁း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါများအား ၂၆လမ်း၊ ၇၁လမ်း×၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (သို့မဟုတ်) ၆၂လမ်း၊ အောင်ဆန်းလမ်းနှင့် အောင်ဇေယျလမ်းကြား၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၌ ဖွင့်ဖောက် ရွေးချယ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန(ဖုန်း-၀၂-၈၀၁၅၇၊ ၀၂-၈၁၃၁၆) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**

**သွာနုတ္တသားသမီးအဖြစ်အမွေပြတ်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၆)လမ်း၊ အမှတ်(၁၅၁)၊ ၃လွှာနေ ဦးကျော်စိန်၏ သမီးဖြစ်သူ မထည်ဝါကျော်[၁၂/ဗတထ (နိုင်)၀၃၈၂၉၂]သည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့တဲ့သူ ဖခင်အပေါ် ကြမ်းတမ်းစွာပြောဆိုခြင်း၊ ရန်သူသဖွယ်ဆက်ဆံခြင်း၊ အသက် အန္တရာယ်ဖြစ်စေရန် ခြိမ်းခြောက်ပြီး၊ ကိုယ်ထိလက်ရောက်ပြုမူခြင်းဖြင့် ဖခင်ဖြစ်သူကျွန်ုပ်အား ကိုယ်၊ စိတ်၊ နှလုံးနာကျင်စေရန် အမြဲပြုလုပ်သဖြင့် ၎င်းအား ယနေ့မှစ၍ သွာနုတ္တသားသမီးအဖြစ် သတ်မှတ်ပြီး အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။

**ဦးကျော်စိန်**
**[၁၂/ဗတထ(နိုင်)၀၃၀၆၄၇]**

## အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသားခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင်သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝ စသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံ နယ်ပယ်စုံမှ လူပုဂ္ဂိုလ်အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မူ' အပေါ်အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ်ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှုရခြင်းဖြင့် လူပုဂ္ဂိုလ်အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

# မျိုးချစ်စာဆိုကြီး သခင်ကိုယ်တော်မှိုင်း

**à oef;z|rifh**

ပြဇာတ်ရေးဆရာ မောင်လွမ်း၊ စာရေးဆရာ မစ္စတာမောင်မှိုင်း၊ မျိုးချစ်စာဆိုကြီးသခင်ကိုယ်တော်မှိုင်း စသည်ဖြင့် ထင်ရှားကျော်ကြားခဲ့တဲ့ ဆရာလွန်းဟာ အသက် ၉၀ ပြည့်ခါနီးမှာ ကွယ်လွန်အနိစ္စရောက်သွားလေပြီဗျ။

ဆရာကြီး ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရတဲ့ ပြည်သူလူထုအပေါင်းမှာ ဝမ်းနည်းကြေကွဲခြင်းဖြစ်ကြမှာ အမှန်ပဲဗျ။ သို့ပေမယ့် ဆရာကြီးဟာ အသက်(၉၀)နီးပါး ထိနေခဲ့ရခြင်းနှင့် နှစ်ပေါင်းများစွာ ကျေနပ်အားရစရာကောင်းလောက်အောင် လူ့လောက အကျိုးစီးပွားအတွက် ထမ်းရွက်ခဲ့ရခြင်းကြောင့် ပြည်သူတို့က စိတ်ပူပန်မှုကို ဖြေဖျောက်နိုင်ကြလိမ့်မယ်။ ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးကို သတိရကြပြီး ဆရာကြီးရဲ့ အဆုံးအမဩဝါဒများ၌ တည်ကြမည်ဟူသော အဓိဋ္ဌာန်ချကြပေလိမ့်မယ်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ချီးကျူးစရာ ဂုဏ်ပုဒ်တွေ အများအပြားရှိပါတယ်။

မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးအနေဖြင့်ဆိုရင် သီပေါမင်းပါတော်မူချိန်၊ ဆရာကြီးလူလားမြောက်ခါစ ကျွန်ဘဝရောက်ရပုံ။ စိတ်နာကာ အမျိုးသားစိတ်ဝင်သည်မှစပြီး တို့ဗမာအစည်းအဝေးရုံးဝင် သခင်ဖြစ်သည်အထိ ပြောကြားချီးကျူးစရာတွေ အများရှိတယ်။

သီပေါမင်းပါတော်မူ၍ မြန်မာပြည်လွတ်လပ်ရေးဆုံးရှုံးသည်မှစပြီး တို့ဗမာသခင်အပေါင်းတို့ ခေါင်းဆောင်ပြီး တိုင်းပြည်လွတ်လပ်ရေးပြန်ရအောင် ဥပဒေတွင်း၊ ဥပဒေပ၊ လက်နက်မဲ့၊ လက်နက်ကိုင်၊ အနုနည်း၊ အကြမ်းနည်း နည်းမျိုးစုံဖြင့် ဆောင်ရွက်ကြသည့် ပြည်သူလူထု၏ လွတ်လပ်ရေးတိုက်ပွဲများကို ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိက သရုပ်ဆောင်နိုင်တယ်။

စာဆိုတော်ကြီးအနေဖြင့်ဆိုရင် ပြဇာတ်ရေးဆရာဘဝ၊ သတင်းစာဆရာ၊ ဆောင်းပါးရှင်ဘဝ၊ သံချိုလေးချိုးကဗျာ ဆရာဘဝ၊ ကျမ်းပြုဆရာဘဝ စုံအောင် ဖော်ပြကြရလိမ့်မယ်။ စာဆိုဘဝမျိုးစုံမှာ ကျင်လည်ကျက်စားရင်း စာမျိုးစုံကို ရေးထုတ်သော်လည်း တစ်ခုတည်းသော ဦးတည်ချက်ဖြင့် တစ်ခုတည်းသော လမ်းကြောင်းပေါ်မှာ စွဲစွဲမြဲမြဲလျှောက်နေကြောင်း တွေ့ရှိနိုင်တယ်။ တိုင်းပြည်၏ လွတ်လပ်ရေးကို ဦးတည်ပြီး နယ်ချဲ့ဆန့်ကျင်ရေးလမ်းကြောင်းမှာ လျှောက်နေခဲ့ခြင်းဖြစ်တယ်။



သခင်ကိုယ်တော်မှိုင်း
(၂၃ မတ်၊ ၁၈၇၆ – ၂၃ ဇူလိုင်၊ ၁၉၆၄)

လူပုဂ္ဂိုလ်အနေဖြင့် ကြည့်လျှင်လည်း ဆရာကြီးဟာ သဘောသကာယ၊ အကျင့်သီလ၊ အလွန်မွန်မြတ်သန့်ရှင်းတယ်လို့ ထင်ရှားကျော်ကြားတယ်။ ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုကျင့်ဝတ်နီတိ၊ ဓလေ့ထုံးစံများအရ နေထိုင်ရာမှာ ဆရာကြီးဟာ မြင့်မားသောစံများကို တင်ထားခဲ့တယ်။

### ငြိမ်းချမ်းရေးဖခင်ကြီး သခင်ကိုယ်တော်မှိုင်း

ဆရာကြီးဟာ ဒုတိယကမ္ဘာစစ်မတိုင်မီက တို့ဗမာအစည်းအရုံး သခင်လှုပ်ရှားမှုမှာ နာယကကြီးအဖြစ်ဖြင့် ပါဝင်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် ၁၉၅၀ တစ်ဝိုက်မှာတော့ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ရှေ့တန်းက ပါလာရပြန်တယ်။ သည့်နောက်တော့ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ရှေ့တန်းက ပါဝင်ခဲ့ပြန်တယ်။ ဆရာကြီးဟာ တို့ဗမာအစည်းအရုံးခေတ်တုန်းကလိုပဲ ငြိမ်းချမ်းရေးလှုပ်ရှားမှုများမှာ နာယကအဖြစ်ဖြင့်သာ နေချင်တယ်။ ဥက္ကဋ္ဌနေရာများမှာ မနေချင်ဘူး။ နာယကဆိုတာကတော့ ဥက္ကဋ္ဌလို လက်တွေ့ခေါင်းဆောင်မှုနှင့် စည်းရုံးရေးခေါင်းဆောင်မှုပေးဖို့ မလိုဘူး။ အရှိန်အဝါ၊ သိက္ခာသမာဓိ၊ အကြံဉာဏ်စသည်များဖြင့် ဖေးမကူညီပြီး ထိန်းကျောင်းသွားခြင်းသာဖြစ်တယ်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှာ ဆရာကြီးကို ဥက္ကဋ္ဌတင်ကြစဉ်တုန်းက ဆရာကြီးက "ခေတ်မီပြီး ဖျတ်ဖျတ်လတ်လတ်နှင့် လုပ်နိုင်၊ ကိုင်နိုင်သူကို ဥက္ကဋ္ဌတင်ကြဟ၊ ငါနှင့်မဖြစ်ဘူး" စသည်ဖြင့် ခဏခဏပြောဖူးတယ်ဗျ။

သို့ပေမယ့် ဂိုဏ်းဂဏပါတီအကွဲအပြဲလွှမ်းမိုးနေတဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုများဟာ အများလက်ခံနိုင်တဲ့ ဥက္ကဋ္ဌများ မွေးထုတ်မပေးနိုင်ခဲ့ဘူး။ ဒီတော့ အစွမ်းမရှိတဲ့ ကိုယ့်အားကိုယ် မကိုးနိုင်တဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းဟာ ဆရာကြီးကို အပူကပ်ပြီး ဥက္ကဋ္ဌတင်ခဲ့ကြရတယ်။ သို့ကလို ဥက္ကဋ္ဌတင်ထားပေမယ့် ဆရာကြီးကတော့ နာယကသဘောပဲ နေခဲ့တာပါပဲ။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ လက်တွေ့ခေါင်းဆောင်မှုနှင့် စည်းရုံးခေါင်းဆောင်မှုကတော့ ဂိုဏ်းဂဏပါတီအကွဲအပြဲတွေရဲ့ အင်အားအနေအထားပေါ်မှီပြီး မျှပ်ချည်ပေါ်ချည်၊ မှိန်ချည် လင်းချည် ဖြစ်နေခဲ့တာပါပဲ။ သို့ပေမယ့် နာယကသဖွယ်နေခဲ့တဲ့ ဆရာကြီးရဲ့ အရှိန်အဝါ သိက္ခာသမာဓိနှင့် အကြံဉာဏ်များကတော့ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို များစွာအကျိုးပြုခဲ့တယ်။ ဒါ့ကြောင့် ဆရာကြီးကို ပြည်သူလူထုက ငြိမ်းချမ်းရေးဖခင်ကြီးအဖြစ်ဖြင့် အမြဲတမ်းသတိရနေကြလိမ့်မယ်။ ကျေးဇူးတင်နေကြလိမ့်မယ်။

### ဆရာကြီးအလောင်းကို အမြတ်မထုတ်ကြနှင့်

ကျွန်တော်ဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ပထမဆုံးသော အတ္ထုပ္ပတ္တိကိုရေးပြီး ဆရာကြီးရဲ့ မျိုးချစ်စိတ်၊ ဆရာကြီးရဲ့ ကိုယ်ကျင့်တရားနှင့် ဆရာကြီးရဲ့ စာပေတို့ကို အလေးအမြတ် ပူဇော်ခဲ့ပါတယ်။

သို့ပေမယ့် နောက်ပိုင်းငြိမ်းချမ်းရေး လှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအတွင်း ဂိုဏ်းဂဏပါတီအကွဲအပြဲတွေက ဆရာကြီးကိုသုံးပြီး ကိုယ့်ဂိုဏ်းဂဏအကျိုးငှာ အမြတ်ထုတ်လာတဲ့ အခါမှာ ကန့်ကွက်ပြောဆိုခဲ့တယ်။ ဖော်ထုတ်ရှုချရေးသားခဲ့တယ်။ ဆရာကြီးကို သူရနေပြီဖြစ် ဝေသာပလ္လင်ပေါ်မှာ သူ့ဘာသာထားလိုက်ရန် ပြောဆိုရေးသားခဲ့တယ်။

ခု ကွယ်လွန်တဲ့အချိန်အခါမှာလည်း ဆရာကြီးအလောင်းကို ဂိုဏ်းဂဏအကျိုး၊ ဟိုအစုအကျိုး၊ သည်အစုအကျိုးမသုံးမချကြဖို့ ရေးရပြန်ပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဈာပန ကို အမြတ်မထုတ်ကြဖို့ ရေးရပြန်ပါတယ်။

သည်လိုဆိုတော့ ပြည်သူအားလုံး သဘောတူလက်ခံနိုင်တဲ့ သခင်ကိုယ်တော်မှိုင်းအဖြစ်ဖြင့် ဂုဏ်ပြုသော ဈာပနဖြစ်အောင် ကြိုးစားကြဖို့ပဲ ရှိပါတယ်။ ဆရာကြီးရဲ့မျိုးချစ်စာဆိုကြီးအဖြစ်ဖြင့် ဂုဏ်ရည်တွေ၊ တို့ဗမာအစည်းအရုံး နာယကကြီးအဖြစ်ဖြင့် လွတ်လပ်ရေးသို့ ဦးတည်ပြီး နယ်ချဲ့ဆန့်ကျင်ရေးလမ်းကြောင်းမှာ တစ်သမတ်တည်းလျှောက်ခဲ့သော ဂုဏ်ရည်တွေ၊ ငြိမ်းချမ်းရေးဖခင်ကြီးရဲ့ ဂုဏ်ရည်တွေ၊ ထိုထိုသော ဂုဏ်ရည်ကို တညီတညွတ်တည်းသာ အလေးအမြတ်ပြုပြီး ဆရာကြီးဈာပနာကို ပြာချကြရန်ဖြစ်ကြောင်းပါဗျာ။

(၁၉၅၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၁၂၊ အောက်တိုဘာ ၁၉၅၃မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် |
|---|---|
| Sec(A) Sat+Sun | 7-9 (am) |
| Sec(B) Sat+Sun | 9-11(am) |
| Sec(C) Sun | 11-3(pm) |
| Sec(D) Mon+Tue | 6-8 (pm) |
| Sec(E) Mon to Fri | 12-3(pm) |
| Sec(F) Sat | 11-3(pm) |
| Sec(G) Wed | 11-3(pm) |

| Level III | |
|---|---|
| Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Tue-to-Fri | 9-12 am |

ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ
09 510 9922
0979 510 9922
0997 510 9922
၃၄၊ ၄ လွှာ၊ အင်းစိန်လမ်းမ၊ လှည်းတန်း၊ ကမာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677

ကွန်ဒိုငှားမည်
ကျောက်တံတားမြို့နယ်၊ SAKURA တာဝါအနီး၊ (25'_50')၊ 1 MBR, 2 BR, (24)နာရီလုံခြုံရေး၊ Fully Furniture ၊ နိုင်ငံခြားသားသင့်လျော်သည်။
Ph: 09-5134920

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

ဖခင်အမည်မှန်
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဒဂုံအထက(၁)၊ အဋ္ဌမတန်း(က)မှ မဆုဝတီနွယ်၏ ဖခင်အမည်မှန်မှာ ဦးတင်အေး[၇/ပတန(နိုင်)၀၀၈၂၂၄] ဖြစ်ပါသည်။ ဦးတင်အေး

ပြင်ဆင်ဖတ်ရှုပါရန်
၂-၆-၂၀၁၅ရက်နေ့ ကြေးမုံ သတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဗဟန်းမြို့နယ်ဒေါ်ခင်သူဇာ၏မြေပုံကူးတွင်မြေကွက်တည်နေရာအမှတ်(၂၄၁)၊ မွေ့စေတီလမ်း၊ဗဟန်းမြို့နယ်အစား(၂၄၁)၊(L)၊မွေ့စေတီလမ်း၊ဗဟန်းမြို့နယ်ဟုပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်
၇-၅-၂၀၁၅ရက်နေ့ ကြေးမုံ သတင်းစာ၏ စာမျက်နှာကြော်ငြာ(၇)ကန့်ကွက်နိုင်ကြောင်းသဃ်န်းကျွန်းမြို့နယ်ဦးသိန်းဝင်း+၂၏မြေပုံကူးတွင်ဦးသိန်းဝင်း(၁၂/တမန(နိုင်)၀၀၉၉၅၁)အစား(၁၂/ဒဂတ(နိုင်)၀၀၉၉၅၁)ဟုပြင်ဆင်ဖတ်ရှုပါရန်။

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
For 4-2015 Exam
LCCI (UK) Level I,II,III
ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
Tel : 01-504737, 512900, 09-450022646, 09-73108409, 09-5170105



## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

" သွားမယ်နော် မောင် . . .။ ကိုထွန်းအောင်နဲ့ မြိုင့်ကိုလည်း ပြောလိုက်ပါ။ မောင်လေးကို အခုလို ဂရုစိုက်တာ . . . သိပ်ကျေးဇူးတင်ပါတယ်လို့ . . . "

သူတို့အားလုံး ဆေးကောလိပ်ထောင့် မှတ်တိုင်မှ အင်းစိန်ဘတ်(စ်)ကားပေါ် တက်သွားသည်အထိ ကျွန်တော်ရပ်ကြည့်နေမိသည်။

စိတ်တွင်း၌ မချမ်းသာပါ။ တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးအောင် စိတ်တွင်း၌ မချမ်းသာပါ။

ငြိမ်းမောင် ဆေးရုံမှ ဆင်းရသောအချိန်၌ တက္ကသိုလ်စာမေးပွဲများ နီးကပ်နေပေပြီ။ ငြိမ်းမောင်အနေနှင့် စာမေးပွဲကို ဝင်မဖြေနိုင်။ ဖြေလျှင်လည်းကျမည်မှာ သေချာနေ၏။

ငြိမ်းမောင်သည် သူ့အစ်မများနှင့် သန်လျင်မြို့သို့ လိုက်သွားကာ အနားယူရသည်။

ထိုနှစ် ခိုင် စာမေးပွဲကျသည်။ မိခိုင် စာမေးပွဲကျသည်မှာ မဆန်းလှဟု ထင်သည်။ ဝမ်းလည်းမနည်းမိ။

ငြိမ်းမောင်အတွက်သာ ဝမ်းနည်းမိသည်။ ငြိမ်းမောင်၏ ဘဝအခြေမှန်ကို သိသူဖြစ်၍ ကျွန်တော်အထူး ဝမ်းနည်းမိသည်။

ကျွန်တော်သည်သာ ဆေးတက္ကသိုလ်၌ ခက်ခဲမှု အမြင့်မားဆုံးဖြစ်သည့် ဒုတိယနှစ် ဆေးသိပ္ပံတန်းဒုတိယပိုင်း စာမေးပွဲကြီးဟူသော အဆင့်ကို ခုန်လွှားကျော်လွှန်နိုင်ခဲ့သည်။

ထိုနှစ်၌ ဖေဖေသည် (ကျွန်တော် ဆရာဝန်ဖြစ်မည်သေချာပြီဖြစ်သောကြောင့်) ပင်စင်ယူသည်။

သန်လျင်ရှိ အိမ်ကြီးကို ပြန်လည်မွမ်းမံပြင်ဆင်သည်။ အပေါ်ထပ်မှာ လူနေရန်ဖြစ်၍ အောက်ထပ်ကို ဆေးတိုက်ဖွင့်ထားသည်။

ဖေဖေ့အဆင့်အတန်း၊ ဂုဏ်သတင်း၊ အတွေ့အကြုံအရဆိုလျှင် ပင်စင်ယူပြီးသည့်နောက် မဂိုလမ်း(ရွှေဘုံသာ)တွင် ဆေးခန်းဖွင့်၍ စီးပွားရှာနိုင်သေးသည်။ သို့ရာတွင် ဖေဖေသည်ဘဝနောက်ပိုင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်ရကား လူ၏ အသွေးအသားတို့ကို ခွဲစိတ်ရသည်ထက် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ ပေါင်းယှက်အပ်သော မိမိ၏ စိတ်ကိုသာ ခွဲခြမ်း သုံးသပ်နေလိုသည်။ တစ်သက်တာတစ်လျှောက်လုံး လူတို့၏ အနာရောဂါကိုကုသခဲ့ပြီး ဖြစ်သဖြင့် ယခုအခါ မိမိ၏ အဇ္ဈတ္တသန္တာန်၌ စွဲကပ်နေသော သက္ကာယဒိဋ္ဌိ အမှုန်ပြုသည့် အသောဘဏရောဂါမျိုးစုံကိုသာဓမ္မဆေးနှင့် ကုသနေလိုသည်။

သန်လျင်အိမ်ကြီး အောက်ထပ်၌ ဆေးတိုက်ဖွင့်ထားခြင်းမှာ စီးပွားရေးထက် ကုသိုလ်ဖြစ်ဆေးဝါးကုသရေးကို ရည်ရွယ်သည်။ တစ်နည်းအားဖြင့် တစ်သက်လုံးအလေ့ဖြစ်၍ အထုံပါနေသော လုပ်ငန်းကို မရပ်နိုင်သောကြောင့်လည်း ဖြစ်ဟန်ရှိသည်။

ဖေဖေတို့ စစ်ကိုင်းမှ သန်လျင်သို့ ပင်စင်ယူပြောင်းလာသောနှစ်၌ပင် ခိုင်နှင့် လှိုင်သည် ကိုကိုတို့နှင့်အတူ မန္တလေးသို့ လိုက်ပါသွားကြရ၏။

မမမြိုင်၏ စီစဉ်ချက် ဖြစ်ပါ၏။

ဒေါ်လှယဉ်က ရိုးအ၍ သဘောကောင်းသည်။ မဟာဝိဇ္ဇာတန်းအောင်၍ လက်ထောက်ကထိက ဖြစ်နေသော်လည်း မမကြိုင်က နှလုံးသား နူးညံ့လွန်းသည်။ ဤအမေနှင့် ဤအစ်မသည် ခိုင့်ကို နိုင်မည် မဟုတ်။

လှိုင်ပါ ပျက်စီးမည်ကို စိုးရိမ်ရသည်။ ဤသို့ တွေးခေါ်မြော်မြင်၍ မြိုင်က ခိုင်ရော လှိုင်ပါ မန္တလေးသို့ ခေါ်သွားခြင်းဖြစ်သည်။

ကိုကိုသည် တပ်မဟာကြီးတစ်တပ်ကို အုပ်ချုပ်၍ မန္တလေး၌ ရုံးထိုင်ရသည်။ ထို့ကြောင့် ခိုင်က မန္တလေး ကောလိပ်တွင် ဆက်တက်ရပြီး လှိုင်ကမူ စိန့်ဂျိုးဇက်ကွန်ဗင့်၌ အဌမဆင့်တွင် ဆက်သင်ရသည်။

အားလုံးအတွက် ကောင်းလေသည်ဟု မှတ်ရမည် ထင်သည်။ မန္တလေးနှင့် စစ်ကိုင်းတွင် နွေတိုင်လျှင်တမာရွက်နှင့် စွယ်တော်ရွက်ဝါတို့ သဲသဲဝေဝေ ကြွေတတ်လေသည်မို့ မိခိုင် စိတ်ချမ်းသာနိုင်လိမ့်မည်ထင်သည်။

သန်လျင်၌ ကျန်ခဲ့သော ကျွန်တော်တို့အိမ်မှ စိတ်ဝင်စားစရာကောင်းသော အဖြစ်တစ်ရပ်ကို တင်ပြရပါမည်။

မာနကြီးသော ကျွန်တော့်ဒေါ်လေး ဒေါ်စာဥနှင့် မဲဇာတောင်ခြေရတုကို အပဲကောင်းသော ဦးလေး ကိုဖိုးခင်ကြီးတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေကြပေပြီ။

ကျွန်တော်က ဦးလေးကိုဖိုးခင်ကို ကပ်၍မေးသည်။

" ဘယ့်နှယ် စွဲလှချည်လား ဦးလေးကိုဖိုးခင်ရ။ ဒေါ်လေးကို ဘယ်လိုရအောင် ပိုးသလဲ "

ဦးလေးကိုဖိုးခင်သည် ဆံပင်အနက်နှင့်အဖြူ ဆတူရောနေသော သူ့ကတုံးဆံတောက် ဦးစွန်းကို လက်ဝါးနှင့် ပွတ်ရင်း စပ်ဖြဲဖြဲဖြေသည်။

" ဟဲ . . . ဟဲ . . . ဦးလေးက ဘုရားအလောင်းတော်တွေ ထားခဲ့တဲ့ နည်းစနစ်နဲ့ ပစ်ပိုးတာ။ မင်းဒေါ်လေး ဘယ်ခံနိုင်မလဲ . . . အဟဲ . . . ဟဲ . . . ဟဲ . . . "

" ဗျာ . . . ဗျာ . . . ဘယ်လို . . . ဘယ်လို "

" မောင်ကလည်း ကောလိပ်ကျောင်းသားလုပ်ပြီး ညံ့လိုက်တာ။ မှတ်ထား မိန်းမပိုးနည်း ကမ္ဘာဦးကတည်းက ရှိတယ်။ မင်းကုသနည်းနဲ့ စိဥ္စမာနယောက်ျား ယစ်ထုပ်ကြီးနည်းလေ။ အဟား . . . ဟား၊

အသည်းတွေ ဘာတွေ ကျွမ်းလုလု လုပ်ပြလိုက်ရသေးသကွ . . .။ ဟီး . . . ဟီး . . . ဟီး . . . "

ကျွန်တော်က သူ့နည်းတွေကို သဘောပေါက်သယောင်ယောင် ရှိသော်လည်း အတိအကျနားမလည်။

သို့ရာတွင် သူပြောပုံမှာ ကျလှသဖြင့် ရယ်မောမိသည်။ ဒေါ်လေးကို ကပ်မေးလိုက်သောအခါ တစ်မျိုးဆိုသည်။

" ဖိုးခင်ကို ကြိုက်လွန်းလို့ ယူလိုက်ရတာ မဟုတ်ပါဘူး မောင်ရ။ ဇီဝိတဒါန အသက်တစ်ချောင်းကို ကယ်လိုက်ရတာ . . . "

" အို . . . ဖြစ်ရလေ။ ဒါပေမယ့် ဒေါ်လေး . . . သာဓုဗျာ . . . သာဓု . . . "

ဒေါ်လေးသည် ယခင်အတိုင်း ဖောင်းဆဲဖြစ်သောပါးကြီးများကို စူလျက် မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကို ကြည့်သည်။

" မောင်က ဒေါ်လေးကို နောက်နေသလားဟင် . . .။ ဒီက အကောင်းပြောနေတာ . . . "

" အင်းပါ ဒေါ်လေးရာ၊ မောင်ကလည်း အကောင်း သာဓုခေါ်တာပဲ ဥစ္စာ။ ကဲပါ . . . ဆက်ပါဦး . . . "

" ဖိုးခင်က အရက်တွေသောက်ပြီး အသည်းဘာဖြစ်လို့ဆိုလဲ . . .။ သေမယ်ဖြစ်တယ်လေ၊ အဲဒါ ဒေါ်လေးကြောင့်စိတ်ညစ်လို့ဖြစ်ရသတဲ့၊ သိပ်တတ်နိုင်တဲ့လူ။ ဒီတော့ ဆရာကြီးနဲ့ မမမြကသနားပါတယ်၊ ယူလိုက်ပါဆိုလို့ သနားပြီး ယူလိုက်ရတာတော်ရေ . . . "

ထိုအခါမှ ကျွန်တော်သည် ဦးလေးကိုဖိုးခင် ပြောခဲ့သော စကားအဓိပ္ပါယ်ကို ပြည့်ပြည့်ဝဝ သဘောပေါက်ပြီး ရယ်မောမိသည်။

ကျွန်တော် ရယ်နေသည်ကို ဒေါ်လေးသည် မျက်နှာထားတည်တည်ကြီးနှင့် ကြည့်နေသည်။ ခဏကြာသော် သူ့မျက်နှာသည် ပြုံးလာပြီး အသံချိုချိုနှင့် မေးသည်။

" ဒါထက် . . . လူများအကြောင်းတော့ မေးပြီးပြီ။ မောင်တို့အကြောင်းလည်း ဒေါ်လေး မေးရဦးမယ် "

" ဗျာ . . . ကျွန်တော့်အကြောင်း . . . ဘာမေးစရာရှိလို့လဲ "

" ရှိတာပေါ့တော်. . .။ မောင့် ခိုင်က အခု ဘာတွေဖြစ်နေတာလဲ "

ဤအကြိမ် မျက်နှာကို တည်ပစ်ရသူမှာ ကျွန်တော်ဖြစ်ပါ၏။

" ခိုင် ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော်က ဘယ်လိုလုပ်သိမလဲ "

" ဒေါ်လေးက စေတနာနဲ့ မေးတဲ့ဥစ္စာ။ မောင်က မဖြေချင်ဘူးပေါ့ . . .။ ဒါပေမယ့် ဒေါ်လေး အကုန်သိပြီးပါပြီ . . .။ မြိုင့်ဆီကကော . . . ကြိုင့်ဆီကကော . . .။ ငြိမ်းမောင်အစ်မတွေဆီကကော . . . "

" ဒေါ်လေး ဘာတွေသိလို့လဲ "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**






## ပြည်မြို့နယ်တွင် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်

**ပြည် ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော ပြည်သူပိုင် ပုဂ္ဂလိကလုပ်ငန်းများမှ အာမခံဝန်ထမ်းများအား အလုပ်ဌာနလုပ်ငန်းခွင်အရောက် အခမဲ့ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဇွန် ၄ ရက်က ပြည်မြို့နယ်အတွင်းရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ပြည်ခရိုင်) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဧရာဝတီဖောင်ဖွဲ့ရေးနှင့် Max High Way Co Ltd. တို့ အကျုံးဝင်မှတ်ပုံတင်ထားသော ဝန်ထမ်းများအား အလုပ်ဌာနလုပ်ငန်းခွင်အရောက် အခမဲ့ကွင်းဆင်း ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာသို့ ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဦးစောတင်ဦး၊ ပြည်မြို့နယ်တာဝန်ခံ ဒေါ်တင်မိုးနွယ်၊ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်သင်းသင်းရီနှင့် ဝန်ထမ်းများက အထွေထွေရောဂါများကုသခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ ကျန်းမာရေးလုပ်ငန်းများကို မေ ၂၅ ရက်မှစ၍ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၉ ရက်အထိ ပြည်မြို့နယ်အတွင်းရှိ အကျုံးဝင်အာမခံဝန်ထမ်းများအား ဆက်လက်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ချင်းတွင်းတံတားကြီး အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိ



**ကလေးဝ ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မုံရွာ-ရေဦး-ကလေးဝ-ကလေးလမ်း မိုင်တိုင် အမှတ် ၁၀၅ /၄ ရှိချင်းတွင်းမြစ်ကူး ချင်းတွင်းတံတား (ကလေးဝ) ကို အမြန်ပြီးစီးနိုင်ရေး အရှိန်အဟုန်ဖြင့်တည်ဆောက်လျက်ရှိရာ လက်ရှိအနေအထားတွင် ၄၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကြီးကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၄ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့်ကိုယ်ထည်၊ အပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။

ယင်းတံတားကြီးတည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ရရှိရန်ပုံငွေ ကျပ်သန်း ၉၂၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ရရှိရန်ပုံငွေ ကျပ်သန်း ၁၀၀၀၀ ဖြစ်ပြီး ပင်မတံတားကြီးတည်ဆောက်ရေးလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူး အဖွဲ့(၂)က တာဝန်ယူဆောက်လုပ်လျက်ရှိရာ ကုန်ကျစရိတ်ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်း ၂၀၅၅၄ ကုန်ကျမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် လုပ်ငန်းအားလုံးပြီးစီးနိုင်ရန် ရည်မှန်းထားသည်။

တံတား၏ အရှည်မှာ ၈၅၄ ဒသမ ၈၈ မီတာနှင့် အကျယ် ၁၀ ဒသမ ၂ မီတာ၊ တံတားကင်းလွတ်အမြင့် ၁၂ မီတာနှင့် ကင်းလွတ်အကျယ် ၁၀၅ မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန် ဖြစ်သည်။

ထို တံတား၏ M1၊ M2၊ M3 Shaft လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်စိုးဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတို့နှင့်အတူ ဇွန် ၂ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

နိုင်ငံတော်က ယခုကဲ့သို့ ချင်းတွင်းတံတား(ကလေးဝ) တံတားကြီး တည်ဆောက်ပေးခြင်းကြောင့် ဆောက်လုပ်ပြီးစီးပါက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအတွက် များစွာအကျိုးပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံ အလယ်ပိုင်းမြို့ကြီးများဖြစ်သည့် မန္တလေး၊ မုံရွာမြို့ကြီးများနှင့် လွယ်လင့်တကူဆက်သွယ်သွားလာနိုင်မည်ဖြစ်ကာ အိန္ဒိယနယ်စပ်တမူးမြို့ မှတစ်ဆင့်နယ်စပ်ကုန်သွယ်ရေးများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **ဂျိုးနက်**



## မိတ္ထီလာတံတားပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအား ပြောင်းရွှေ့ထားရှိမည်

**မိတ္ထီလာ ဇွန် ၅**

မိတ္ထီလာကန်ကူးတံတားသစ် အရှည်ပေ ၈၀၀၊ အကျယ် ၂၄ ပေ သံကူကွန်ကရစ်တံတားအား ဆောက်လုပ်လျက်ရှိပြီး ၎င်းတံတားသစ်လမ်းကြောင်းပေါ်တွင် တည်ရှိနေသည့် ပန်းခြံအတွင်းမှ ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တုအား မူလနေရာ၏ အနောက်ဘက်သို့ အနည်းငယ်ပြောင်းရွှေ့ ထားရှိသွားမည်ဖြစ်ကြောင်း ခရိုင်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ဆောက်လုပ်ရေးဒုတိယဝန်ကြီး လာတုန်းကလည်း ပြောသွားတယ်။ ကန်ကူးတံတားအသစ် တည်ဆောက်ပြီးသွားရင် ယာဉ်အန္တရာယ် ကင်းရှင်းဖို့အတွက် လမ်းကြောင်းပေါ်မှာရှိတဲ့အတွက် ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တုကို နေရာရွှေ့ပေးဖို့။ ပန်းခြံမြေက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင်မြေဖြစ်တော့ သက်ဆိုင်ရာကို ဆက်လက်တင်ပြရမယ်။ ပန်းခြံအတွင်းက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကိုတော့ အနောက်ဘက် နည်းနည်းရွှေ့ပြီးထားရှိသွားမှာဖြစ်ပါတယ်။ တံတားသစ်လမ်းကြောင်းပေါ်မှာ ပန်းခြံမြေတစ်ခုလုံး ပါဝင်တာမဟုတ်ဘဲ အနည်းငယ်သာပါဝင်တာမို့ အနောက်ဘက် နည်းနည်းရွှေ့ထားရင် အဆင်ပြေပါတယ်”ဟု ၎င်းက ဆိုသည်။

မိတ္ထီလာမြို့နယ်တရားရုံး၏ မြောက်ဘက် နဂါးမဟာဗောဓိစေတီတော်၏ တောင်ဘက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အရှေ့ဘက်ကပ်လျက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းလမ်းဆုံနေရာတွင် ခုံမြေထောက်၍ လက် နှစ်ဘက်ဖြင့် ဓားအားမတ်တပ်ရပ်ဆုပ်ကိုင်ထားသည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တုအား ၁၉၉၀ ပြည့်နှစ်တွင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်မှုကော်မတီက လှူဒါန်းထုလုပ်ထားရှိခြင်းဖြစ်သည်။ **ချမ်းသာ(မိတ္ထီလာ)**






# ခရမ်းမြို့နယ်တွင် အဆင့်မြင့်ကွန်ကရစ်လမ်းခင်းကျင်း

**ရန်ကုန် ဇွန် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇွန်လပထမအပတ်အတွင်း ခရမ်းမြို့ အမှတ်(၂) ရပ်ကွက်ရှိ ကမ်းနားလမ်း၊ ဈေးလမ်းမလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စည်ပင်သာယာရေးခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၃၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းကျပ် သိန်း ၄၃၀ ဖြင့် အရှည်ပေ ၁၂၀၈ ပေ၊ အကျယ် ၁၅ ပေ၊ ဒု ၇ လက်မရှိ အဆင့်မြင့်ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းဆောင်ရွက်ခဲ့သည်။



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေး၊ မြို့သာယာလှပ၍ သန့်ရှင်းသပ်ရပ်စေရန် ခရမ်းမြို့အတွင်းရှိ လမ်းများကို အဆင့်မြင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် လမ်းအရည်အသွေးကောင်းမွန်၍ အလေအလွင့်နည်းပါးပြီး အချိန်မီပြီးစီးနိုင်ရေးအတွက် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူး၊ မြို့နယ်အင်ဂျင်နီယာ ဒေါ်ကောင်းမြတ်မွန်နှင့် ခရမ်းမြို့ အမှတ် (၂) ရပ်ကွက် ကမ်းနားလမ်း လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့တို့ ပူးပေါင်း၍စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

# အခွန်ဘဏ္ဍာတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့ ဖွဲ့စည်း

**မန္တလေး ဇွန် ၅**

အခွန်ဘဏ္ဍာတိုးတက်ရရှိရေးအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက အဖွင့်အမှာစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးစိုးနိုင်က ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်များကို အခွန်ထမ်းပြည်သူများက ထမ်းဆောင်ရာတွင် မျှတမှုရှိခြင်း၊ ရှင်းလင်းလွယ်ကူခြင်း၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ အခွန်ဘဏ္ဍာတိုးတက်ရရှိစေရေး တိုင်းဒေသကြီး၊ မြို့နယ်၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာများအား ရှင်းလင်းပြောကြားသည်။

အခွန်ဘဏ္ဍာတိုးတက်ရရှိရေးအထောက်အကူပြုအဖွဲ့များကို မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တို့ ပါဝင်ဖွဲ့စည်း၍ အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာသတင်းအချက်အလက်များ ကွင်းဆင်းကောက်ခံခြင်း၊ လုပ်ငန်းအမျိုးတူလုပ်ငန်းရှင်များအား ခေါ်ယူထိတွေ့၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်း၊ အခွန်ဆိုင်ရာလိုက်နာရန်ပျက်ကွက်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအထောက်အကူပြုအဖွဲ့သို့ တင်ပြခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံတော်မှ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ အခွန်ထမ်းပြည်သူများက မိမိတို့ စက်ရုံ၊ အလုပ်ရုံ၊ စီးပွားရေးလုပ်ငန်းများမှ အခွန်တာဝန်ကို သတ်မှတ်ချိန်အတွင်း ဥပဒေပါပြဋ္ဌာန်းချက်နှင့် ကိုယ်တိုင်တွက်ချက်ဆန္ဒပြုလွှာ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## သတင်းတိုများ

### ရွှေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

ဂန့်ဂေါခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ခရိုင်အဆင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက် နံနက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ခင်၊ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် ဦးခင်မောင်လှိုင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဝင်းတို့က အမှာစကားပြောကြားကြပြီး သင်တန်းသို့ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များမှ သင်တန်းသူ၊ သင်တန်းသား ၇၈ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **(၄၆၅)**

### သုတေသနအင်းမှ တိုင်းရင်းငါးများ ငါးမျိုးစိုက်ထည့်

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် သုတေသနအင်းအဖြစ် ဆောင်ရွက်လျက်ရှိသည့် မအူအင်းမှ တိုင်းရင်းငါးမျိုး ငါးနက်ပြာ (၈ လက်မအရွယ်) ၇၅ ကောင်၊ ငါးနုသန်း (၁၀ လက်မအရွယ်) ၁၅ ကောင်နှင့် ငါးနှောက်သွား (၆ လက်မအရွယ်) ၃၅ ကောင်တို့ကို ရေစကြိုမြို့နယ် ဝါယာကျေးရွာ ဦးကြည်လင်း၏ တစ်ပိုင်တစ်နိုင် ငါးသားပေါက်ကန်အတွင်းသို့ မျိုးငါးများအဖြစ် ပြုစုမွေးမြူရန် ဇွန် ၂ ရက် နံနက် ၁၀ နာရီခွဲတွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနေရာသို့ပခုက္ကူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး နှင့် ဝန်ထမ်းများ၊ မအူကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရေလုပ်သားများ တက်ရောက်ခဲ့ကြပြီး ကျန်တိုင်းရင်းငါးဇင်ရိုင်းအကောင် ၂၀၀ နှင့် ငါးဖယ် ၂၀ ကောင်တို့ကိုချင်းတွင်းမြစ်နှင့်ချောင်းများအတွင်း မျိုးစိုက်ထည့်ခဲ့သည်။ **ညဏ်တိုး (ပြန်/ဆက်)**

### ဟန်လင်းပျူမြို့ဟောင်းထိန်းသိမ်းရေး ပညာပေး

ဟန်လင်းပျူမြို့ဟောင်းထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဒေသခံများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဇွန် ၁ ရက် နံနက် ၈ နာရီက ဝက်လက်မြို့ အုဋ္ဌုတိုက်ကျောင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ကမ္ဘာ့အမွေအနှစ်နှင့် ရှေးဟောင်းအမွေအနှစ်များကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒေသခံများ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ယူနက်စကိုမှ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) Dr-Richard Engethar ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းပျူမြို့ဟောင်းကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**နန်းမြင့်(ဝက်လက်)**

ရွှေဥရာစုသစ် စိန်ရွှေရတနာဆိုင်၏ မိုးရာသီအထူးလျှော့အစီအစဉ်

- အလျော့တွက်မပါသော ဒိုးထည် များအား အထူးရောင်းချပေးနေပါသည်။
- နယ်မှတစ်ဆင့်ပြန်လည်ရောင်းချလိုသူများအား ဒိုးထည်များထဲမှ လက်ရာကောင်းများဝယ်ယူ၍ ပြန်လည်ရောင်းချနိုင်ရန် ရောင်းပေးနေပါသည်။
- စိန်လက်ဝတ်ရတနာထည်များကိုလည်း တစ်ဆင့်ပြန်လည်ရောင်းချနိုင်ရန် စီစဉ်ပေးနေပါသည်။
- ရွှေထည်၊ စိန်ထည် လက်ဝတ်ရတနာများအား အလျော့တွက် ၃၀%မှ ၅၀%ထိ မိုးရာသီကာလ အထူးလျှော့၍ရောင်းချပေးနေပါသည်။

ဗုဒ္ဓဂယာဘုရားဖူးကံစမ်းမဲ ကျင်းပပြုနေပါသည်။

ရတနာသည်သင့်အတွက်ထာဝရ
ရတနာစုလိုက
ရွှေဥရာစုသစ်
သို့ကြွခဲ့ပါ

အစဉ်အမြဲပံ့ပိုးပြည်သူတို့အားလေးစားလျက်

အမှတ် (၆၁၈)၊ မဟာဗန္ဓုလလမ်း၊ ၂၃ - လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား၊ ပေါ်တီကိုအောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉၄၉၅၃၄၀၀၅၈၊ ၀၉၇၃၂၀၂၅၂၂

WE CARE YOUR TRIP
THE LINS Travels & Tours Co., Ltd

အမှတ်(၄၇) မြေညီထပ်၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
PH : 01-296531, 01-201784, 01-201785, 09-73006060,09-250358089

- ဗန်ကောက် - ပတ္တာယားခရီးစဉ် June 26
660 USD (FLIGHT+VISA) ပါပြီ
- စင်ကာပူ ခရီးစဉ် July 27
800 USD (FLIGHT+VISA) ပါပြီ

ပုဂံ (စွယ်တော်လေးဆူ) - စလေ - မကွေး (၃ည - ၄ရက်) - ၁၅၀၀၀၀ ကျပ်

ဗန်ကောက် (ဖူးခက်)၊ ဒီယက်နမ်၊ စင်ကာပူ၊ အင်ဒိုနီးရှား (ဘာလီကျွန်း)၊ ကိုရီးယား၊ တရုတ်ပြည်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား

ပြည်တွင်းပြည်ပလေယာဉ်လက်မှတ်များ၊ ခရီးစဉ်များကို ဈေးနှုန်းသက်သာစွာဖြင့် အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးနေပါပြီ။

လက်တွေ့အသုံးချစီးပွားရေးသုံး အင်္ဂလိပ်စာသင်တန်း (Applied Certificate Business)

လန်ဒန်ကုန်သည်ကြီးများအသင်းစာမေးပွဲဘုတ်အဖွဲ့မှ ပြဋ္ဌာန်းထားသည့် Text Pdoduction Course အား အခြေပြု၍ သင်ကြားပေးမည်ဖြစ်ပါသည်။ လက်တွေ့အသုံးပြုနေသော လုပ်ငန်းခွင် အင်္ဂလိပ်စကားပြောနည်း၊ Phrase များကို အသုံးပြုပုံ၊ Business Etiquette & Ethics, Business Letter & Email အသုံးပြုသည့် စကားလုံးဝေါဟာရများ ဝိဘတ်တွဲများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနည်း၊ ခန့်ညားသေသပ်သည့် CV နှင့် Resume ရေးသားနည်း၊ တတ်စေရန်နှင့် Cover Letter ရေးသားပုံ Powerful Presentation ပြုလုပ်ပုံ Meeting & Reports အစရှိသည့် အကြောင်းအရာများကို အဓိကထား၍ သင်ကြားပေးမည်ဖြစ်ပါသည်။ တန်ခွဲ Class A (Sat)- 3:00 PM~5:00 PM၊ CLass B (SUN)- 8:30 AM~10:00 AM ၊ CLass C (SUN)- 3:30 PM~5:30 PM သင်တန်းကြေးကို ၄၀၀၀၀/- သတ်မှတ်ပြီး (၅)ရက်အတွင်း ကြိုတင်အပ်နှံသူများအား 10%Discount ပေးမည်ဖြစ်ပါသည်။

APS စီးပွားရေးသင်တန်းကျောင်း
အမှတ်(၃/၁)၊ ပထမထပ်(ယာ)၊ ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၀၉ ၃၁၁၁၈၀၁၄ ၊ ၀၉ ၄၂၀၀ ၄၆၇၂၂၊ ၀၁-၃၉၈၀၃၅၀

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ

**မန္တလေး ဇွန် ၅**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ နှင့် ၂၈ လမ်းထောင့် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ပေးလျက်ရှိရာ ယခုနှစ် ဆောင်ပုဒ်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ် လျှော့ချဖို့၊ တရားမဝင်ကုန်သွယ်မှု ကို တားဆီးလို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက အဆိုပါဆောင်ပုဒ်နှင့်အညီ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများ တရားမဝင်ကုန်သွယ်ခြင်းသည် ကျန်းမာရေးပြဿနာ တစ်ရပ်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု ပပျောက်စေရေး လက်တွဲဆောင်ရွက်ရန် အသိပေးတိုက်တွန်းထားသည်။

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ခုနှစ်မေ ၄ ရက်တွင်ပြဋ္ဌာန်းခဲ့ပြီး ယခုနှစ်ဆိုလျှင် ဥပဒေပြဋ္ဌာန်းမှုမှာ သက်တမ်းကိုးနှစ်ကျော်လာပြီဖြစ်သော်လည်း သိရှိလိုက်နာမှု အားနည်းနေသေးကြောင်း အခမ်းအနားတက်ရောက်လာသူတစ်ဦးက ပြောသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများကို နည်းမျိုးစုံဖြင့် ရောင်းအားမြှင့်တင်ခြင်း၊ ဆေးလိပ်ကို ဘူးလိုက်မဟုတ်ဘဲ အလိပ်ပြေရောင်းခြင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များ၏ ပေ ၁၀၀ ပတ်လည်တွင် ရောင်းချခြင်းများကို ဥပဒေတွင်တားမြစ်ထားသော်လည်း လုပ်ဆောင်နေကြဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်ကင်းဝေးရေး ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရုံဖြင့် မရနိုင်ဘဲဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာတွင် တိုက်တွန်းထားသည်။

**သီဟကိုကို(မန္တလေး)**

# ဝါဆိုခြင်းပွဲ၌ နိုင်ငံခြားသားများပါဝင်ခတ်ကစားမည်



**မန္တလေး ဇွန် ၅**

မြန်မာနိုင်ငံတွင် သက်တမ်းအရင့်ဆုံးနှင့် ရက်အကြာဆုံးကျင်းပသည့် မန္တလေးမြို့ မဟာမုနိဘုရားကြီး (၈၇)ကြိမ်မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော် ဖွင့်ပွဲကို ဇွန် ၃ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် မဟာမုနိ ဝါဆိုခြင်းလုံး အားကစားရုံတွင်ကျင်းပခဲ့သည်။

ဝါဆိုခြင်းပွဲတော်ကို ဇွန် ၃ ရက်မှ ဩဂုတ် ၁ ရက်အထိ နံနက် ၉ နာရီမှ ည ၁၂ နာရီအတွင်း အမေရိကန်၊ ဂျပန်၊ ထိုင်း၊ ကနေဒါနိုင်ငံမှ အပျော်တမ်းခြင်းလုံးအားကစားသမားများအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ခြင်းအသင်း ၁၈၀၀ ပါဝင်ခတ်ကစားမည်ဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

# ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**ရေစကြို ဇွန် ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၅-၂၀၁၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၅-၂၀၁၆ မိုးသီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ဖို့ မေ ၂၈ ရက်ကစပြီး ချေးငွေများထုတ်ချေးပေးနေပါတယ်။ ကိုင်းမကြီးကျေးရွာအုပ်စု အစုအဖွဲ့ ၂၉ ဖွဲ့မှ အဖွဲ့ဝင်တောင်သူ ၈၆ ဦးအတွက် ကျပ် ၁၇၂၄၀၀၀၀ ထုတ်ချေးပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး ကျေးရွာအုပ်စု ၅၂ မှ အဖွဲ့ဝင်တောင်သူများကိုလည်း ထုတ်ချေးပေးနေပါတယ်။ ဒီနှစ်ထုတ်ချေးငွေ လျာထားတာကတော့ ကျပ် ၁၄၅၁၈၂၀၀၀၀ ဖြစ်ပါတယ်။ ချေးငွေများထုတ်ချေးမှုနဲ့ ပတ်သက်လို့ကတော့ အထက်အဖွဲ့အစည်းအဆင့်ဆင့်ရဲ့ ညွှန်ကြားချက်နဲ့အညီ ထုတ်ချေးပေးသွားမှာပါ" ဟု မန်နေဂျာက ပြောပြသည်။

"ကျွန်တော်တို့ဒေသက နွေသီးနှံတွေ ရိတ်သိမ်းပြီးတာနဲ့ မိုးစပါးကို မကြာမီ စိုက်ပျိုးကြတော့မှာဖြစ်ပါတယ်။ အခုလို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က အချိန်မီ ချေးငွေတွေ ထုတ်ချေးပေးတော့ ကျွန်တော်တို့တောင်သူတွေ အနေနဲ့ လိုအပ်တာတွေကို ကြိုတင်ဝယ်ယူစုဆောင်း နိုင်တာပေါ့"ဟု ချေးငွေများလာရောက်ထုတ်သူ ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ၂၀၁၅-၂၀၁၆ ဆောင်းချေးငွေများ တောင်သူများက အချိန်နှင့်တစ်ပြေးညီပြန်လည်ပေးအပ်

**ရေစကြို ဇွန် ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၄-၂၀၁၅ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရေးတောင်သူများထံမှ ပြန်လည် ကောက်ခံ လျက်ရှိကြောင်း သိရသည်။

"၂၀၁၄-၂၀၁၅ ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ဘဏ်အဖွဲ့ဝင်တောင်သူတွေကို ထုတ်ချေးပေးခဲ့တဲ့ ဆောင်းချေးငွေတွေကို ကျွန်တော်တို့ ပြန်လည်ကောက်ခံနေပါတယ်။ ဇွန် ၂ ရက်အထိ ပြန်လည်ကောက်ခံရရှိငွေကတော့ ကျပ် ၃၁၄၄၂၀၀၀၀ ဖြစ်ပါတယ်။ ထုတ်ချေးပေးခဲ့တဲ့ငွေကတော့ ကျပ် ၇၄၅၆၈၀၀၀၀ ဖြစ်ပါတယ်။

ကျန်တဲ့ငွေကိုလည်း ယခုဇွန်လအတွင်း အကျေပေးသွင်းကြဖို့ကိုလည်း စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်က တောင်သူတွေကလည်း တာဝန်ကျေကြပါတယ်။

ခုဆိုရင် သီးနှံတွေရောင်းချပြီးတာနဲ့ ချက်ချင်းလာသွင်းကြပါတယ်။ ဘဏ်အဖွဲ့ဝင် တောင်သူတွေကလည်း ချေးငွေရဲ့တန်ဖိုး၊ ချေးငွေစည်းကမ်းတွေကို နားလည်လိုက်နာဆောင်ရွက်ကြတဲ့အတွက် ကျွန်တော်တို့ မြို့နယ်မှာ ဘာပြဿနာမှ မရှိဘဲ နှစ်စဉ်အေးအေးဆေးဆေးပါပဲ" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မူးယစ်တိုက်ဖျက်ရေးနေ့ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇွန် ၅**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အခြေခံပညာရေးအမှတ်(၁) အထက်တန်းကျောင်း၊ ရတနာမွန်ခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ (၁၈)ကြိမ်မြောက် အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပြိုင်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။ ၎င်းပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သီရိငါးမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်း အဆင့်မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ဦးကျော်**

# မူဆယ် ပိုက်ကတ်အပ်နှံမှု ၉၂ ဒသမ ၁၁ ရှိ

**မူဆယ် ဇွန် ၅**

မူဆယ်ခရိုင်အတွင်း ပိုက်ကတ်အပ်နှံရမည့်သူ ၂၀၅၄ ဦးတွင် မုံးကိုးမြို့နယ် ၌ ၁၇၅၀၊ ကွတ်ခိုင်မြို့နယ်၌ ၁၁၄ ဦးနှင့် တာမိုးညဲမြို့နယ်၌ ၁၉၀ ရှိကြောင်း သိရသည်။ မေ ၃၁ ရက်ထိ အပ်နှံပြီးသော အရေအတွက်မှာ မုံးကိုးမြို့နယ်မှ ၁၇၂၁ ကတ်၊ ကွတ် ခိုင်မြို့နယ်မှ ၉၈ ကတ်၊ တာမိုးညဲမြို့နယ်မှ ၇၃ ကတ် စုစုပေါင်း ၁၈၉၂ ကတ်ဖြစ်ပြီး အပ်နှံမှု ၉၂ ဒသမ ၁၁ ရှိကြောင်း၊ ကျန်ရှိကတ်များမှာ သေဆုံးနှင့်ကတ်ပျောက်ခြင်းများဖြစ်သည့်အတွက် ရာနှုန်းပြည့်ပြန်လည်ရယူနိုင်ခြင်းမရှိကြောင်း သိရသည်။ **၀၁၁၂**

Topsyne® HERBAL CREAM
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
သုံးစွဲသူများ အတွက် အထူးကံစမ်းမဲ
( 15.5.2015 - 15.3.2016 )



1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု
နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးပြီး
အသားအရေကို သဘာဝအတိုင်း ကြည်လင်ဝင်းပ စေသည်။
လိမ်းထားစဉ် မိတ်ကပ်သား ထူထဲမှုမရှိစေဘဲ သဘာဝအတိုင်း
ညီညာလှပနေစေပြီး အဆီပြန်ခြင်းကင်းစေသည်။ အသားအရေ၏
အစိုဓာတ်ကို ကြာရှည်ထိန်းပေးကာ အရေးအကြောင်းများကို
လျော့ပါးစေသည်။
Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408

ဆရာအာသာ SUCCESS LANGUAGE ACADEMY ☎ 202046 392048
Y.W.C.A ခန်းမ၊ အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း။
ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်း ကလေးများအတွက် Level-၅ ဆင့်ခွဲ၍
ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
9:30 to 11:30 a.m.
Sat + Sun (တစ်ပတ် ၂ ရက်)
ယနေ့ စပါပြီ။
ဝင်ကြေး - ၅၀၀၀/-
လစဉ်ကြေး - ၂၀၀၀၀/-

နဘက်ကြီး၊ အ.ထ.က
တန့်ဆည်မြို့နယ်
၂၀-၆-၂၀၁၅ (စနေနေ့) - နံနက် ၁၀:၀၀ နာရီ
ဆက်သွယ်ရန် - 075-49332, 075-49366
09-500159, 09-509592
09-6461243, 09-256446813

## ဘူမိအင်ဂျင်နီယာသင်တန်းဖွင့်လှစ်ခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ ဘူမိအင်ဂျင်နီယာကော်မတီတို့မှ ပူးပေါင်းကြီးကြပ်ဖွင့်လှစ်သော ဘူမိအင်ဂျင်နီယာသင်တန်း၊ အပတ်စဉ်(၁၄)ကို လာမည့်ဇွန်လ ၁၉ရက် (သောကြာနေ့)တွင် ရန်ကင်းမြို့နယ်၊ ဆည်မြောင်း ဦးစီးဌာန (ရုံးချုပ်)၌ စတင်ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပါသည်။ သင်တန်း တွင် B.Sc(Geology), B.Tech/B.E (Civil/Mining) ဘွဲ့ရများ တက်ရောက်နိုင်ပါသည်။ သင်တန်းနှင့် ပတ်သက်သော အချက်အလက်များကို အသေးစိတ်သိရှိလိုပါက- မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံးခန်း(တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်)နှင့် ဖုန်း-၀၉-၄၅၀၀၅၁၃၁၀သို့ ဆက်သွယ်စုံစမ်းမေးမြန်းအပ်နှံနိုင်ပါသည်။

ခရွှေသင်းသမင်ဖြူ
လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
အသွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၁)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၆

ကားမျိုးစုံ
(Alphard/Hiace ၇၊၉၊၁၁ယောက်စီး/ Saloon/ ၂၅၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်သည်။
Ph:09-5418126

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

# စက်ဖြင့်ပြုလုပ်သောသပိတ်များကြောင့် လက်လုပ်သပိတ်လုပ်ငန်းများ ရပ်ဆိုင်း



**အင်းဝ ဇွန် ၅**

လက်ရှိကာလတွင် ပြည်တွင်းဖြစ်စက်မှုထုတ်ကုန်အဖြစ် စက်ဖြင့်ပြုလုပ်သော သံသပိတ်များဝင်ရောက်လာမှုကြောင့် လက်မှုသံသပိတ်လုပ်ငန်းမှာ လုံးဝရပ်ဆိုင်းသည်အထိဖြစ်သွားကြောင်း အင်းဝမြို့နယ်မှ လုပ်ကိုင်သူများက ပြောသည်။

အများစုမှာ စက်ဖြင့်ပြုလုပ်သောသံသပိတ်များကိုသာ အချောထည်ဖြစ်အောင်ပြုလုပ်ရောင်းချလာခဲ့ကြပြီး မန္တလေးစိန်ပန်းနှင့် အခြားနေရာများမှ သံသပိတ်ကိုယူကာ အဆင့်ဆင့်အချောထည်ပြုလုပ်လာကြကာ သံသပိတ်ကုန်ကြမ်းများရရှိလာပါက တရုတ်နိုင်ငံလုပ်မော်တာဖိုဖြင့် နှစ်မိနစ်ခန့်မီးဖုတ်ကာ အညစ်အကြေးများ ပြောင်စင်အောင်ပြုလုပ်ကြရသည်။

ယခင်က သံသပိတ်လုပ်ငန်းကို လက်မှုလုပ်ငန်းအဖြစ် တွင်ကျယ်စွာပြုလုပ်ကာ သပိတ်ထုသူများစွာရှိခဲ့ပြီး သံသပိတ်ပြုလုပ်ရန် ပီပါပြားထိပ်ဖုံး အောက်ပိတ်များကို အဓိကအသုံးပြု၍ ပီပါပြားများကိုဖြန့်ကာ ပုံစံအဝိုင်းများဖြင့် တိုင်းတာဖြတ်လုပ်ကြရသည်။

သံပြားဝိုင်းတစ်ခုလျှင် သပိတ်သုံးလုံးရရှိပြီး တိုင်းတာဖြတ်ထားသော သံပြားအဝိုင်းကို ခွေထဲထည့်ကာ ခွက်ယူပြီး တဖြည်းဖြည်းထုယူရကာ ပေခုံပေါ်တွင် အထပ်ထပ်ထုကာ သပိတ်ဖြစ်အောင် ပြုလုပ်ကြရသည်။

သန့်စင်သွားသောသံသပိတ်များကို သရိုးမံခြင်း၊ ကော်ဖက်ချောခြင်း၊ သစ်စေးသုတ်ခြင်းများ ပြုလုပ်ပြီး ရောင်းတန်းဝင်ဖြစ်သည်အထိ ပြုလုပ်ကြရပြီး သစ်စေးသုတ်ပြီးသံသပိတ်များကို အရောင်တင်ကာ ဒေသအခေါ် တိုက်သွင်းခြင်း၊ မြေအောင်ခန်းအတွင်းသွင်းကာ အခြောက်ခံပေးကြရသည်။

သံသပိတ်များ တိုက်သွင်းရခြင်းတွင် သဘာဝသစ်စေးများမှာ နေရောင်မကြိုက်ဘဲ အအေးဖြင့်ပင် အခြောက်ခံရသောကြောင့်ဖြစ်သည်။ သပိတ်တစ်လုံးထုပြီးပါက ငွေကျပ် ၆၅၀ ရရှိသည်။

သံသပိတ်များတိုင်သွင်းရာတွင် မိုးတွင်းကာလတွင် မြေတိုက်အတွင်း သုံးရက်ခန့်ထားရှိရ၍ ဆောင်းတွင်းကာလတွင် လေးရက်ခန့်ထားရှိပြီး သစ်စေးအခြောက်ခံရသည်။

အင်းဝဒေသသည် ရှေးဟောင်းသမိုင်းဝင်မြို့ဖြစ်သလို သမိုင်းဝင်အနုပညာလက်ရာများစွာဖြင့် စိတ်ဝင်စားဖွယ်ရာမြို့ဖြစ်သည်။ နိုင်ငံတကာခရီးသွားဧည့်သည်များ စိတ်ဝင်စားသောနေရာပင်ဖြစ်သည်။

ရှေးခေတ် အင်းဝခေတ်ကတည်းက မှည့်ခေါ်ထားသော ရပ်ကွက်အမည်များနှင့်အတူ ရိုးရာလက်မှုလုပ်ငန်းများစွာကို ထိန်းသိမ်းထားသော ဒေသပင်ဖြစ်သည်။ ထိုလုပ်ငန်းများထဲတွင် ရိုးရာသံသပိတ်လုပ်ငန်းလည်း ပါဝင်သည်။

လက်ရှိကာလတွင် စက်ဖြင့်ပြုလုပ်သော သံသပိတ်များ အစားထိုးဝင်ရောက်လာမှုကြောင့် ရိုးရာလက်မှုသံသပိတ်ထုလုပ်ပျောက်ကွယ်သည်အထိဖြစ်သွားကြောင်း သိရသည်။

**တိမ်တမန်**

## ကန်ဆင့်ရွာ ပြေလှရတနာကျောင်းအား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်း

**မြင်းခြံ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကန်ဆင့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တွင် ပြေလှရတနာကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ယင်းနောက် အလှူရှင်မိသားစုမှ ပြေလှရတနာကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြေလှရတနာကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ကန်ဆင့်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ရှိ ပြေလှရတနာနှစ်ထပ်ကျောင်းဆောင်သစ်ကို အလှူရှင် မန္တလေးမြို့မှ ဦးပြေအေး-ဒေါ်လှတင်မိသားစုမှ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၂၄ ပေရှိပြီး သံကူကွန်ကရစ်ဖြင့်ဆောက်လုပ်ထားပြီး စာသင်ခုံများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများပါ လှူဒါန်းခြင်းအတွက် ကျပ်သိန်း ၁၄၅၀ ကျော်ခန့်ကုန်ကျခဲ့ပြီး ကျောင်းဝန်းအုတ်တံတိုင်းကာရံခြင်းအတွက်လည်း ကျပ်သိန်း ၁၅၀ ခန့်ကုန်ကျခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့များ၊ ကန်ဆင့်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ပြည်သူများ၊ ပညာရေးဌာနမှ ဝန်ထမ်းများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ပင်လုံလမ်းမကြီးရေစီးရေလာကောင်းရေးဆောင်ရွက်

**ရန်ကုန် ဇွန် ၅**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း မိုးရာသီတွင် ရေဝပ်ရေလျှံမှုမရှိစေရေးအတွက် မြစ်ထွက်ပေါက်သို့ စီးဆင်းသော အဓိကရေနုတ်မြောင်းကြီးများအား ရေစီးရေလာကောင်းစေရန် လမ်းတံတားဌာနနှင့်ပူးပေါင်း၍ စက်ယန္တရားကြီးများဖြင့် ဆယ်ယူဆောင်ရွက်နေကြောင်း ဇွန် ၄ ရက်က အမှတ် ၃၂ ရပ်ကွက်အနီး ပင်လုံလမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းရေးလုပ်ငန်း ဆောင်ရွက်နေသည့်လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်က ပြောသည်။

"အခုဆောင်ရွက်နေတဲ့ ပင်လုံလမ်းမကြီး ရေနုတ်မြောင်းက စစ်ကိုင်းဦးဘိုးသင်းလမ်းကတစ်ဆင့် ငမိုးရိပ်ချောင်းမြစ်ထွက်ပေါက်ထဲကို စီးဝင်သွားမှာပါ" ဟု ၎င်းက ပြောသည်။

အလားတူ ပြည်ထောင်စုလမ်းမကြီးမှ ဘုရင့်နောင်လမ်းမကြီးအထိ ရာဇသင်္ကြန်လမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်းကိုလည်း စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းနေပြီး ရာဇသင်္ကြန်လမ်းရေနုတ်မြောင်းသည် ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် ငမိုးရိပ်ချောင်းမြစ်ထွက်ပေါက်သို့ စီးဝင်သွားမည်ဟု သိရသည်။

အဆိုပါ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်သည် ၁၀ ဒသမ ၁၄၅ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၂၆ ရပ်ကွက်ဖြင့် စုဖွဲ့ထားသော မြို့နယ်ဖြစ်ကာ ယင်းမြို့နယ်ကို ငမိုးရိပ်ချောင်းက ရစ်ခွေစီးဆင်းနေသဖြင့် မိုးရာသီတွင် ချောင်းမြောင်းများ ရေလျှံမှုမဖြစ်ပေါ်စေရန် မြစ်ထွက်ပေါက်သို့ စီးဆင်းသော အဓိကရေနုတ်မြောင်းကြီးများကို စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**မောင်သုည**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ချင်းပြည်နယ်၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။
၂။ စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက် -၈-၆-၂၀၁၅ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၇-၇-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၄း၀၀နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးပစ္စည်းစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့။
ဖုန်း-၀၇၀-၂၁၀၆၉၊ ၀၇၀-၂၁၀၂၁

**အသိပေးကြေညာချက်**

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING DRIVE V.08 သင်္ဘောသည် ၇-၆-၂၀၁၅ရက် ခန့်တွင် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ် ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက်လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ငြိမ်းသစ်အိမ်**
**လက်နဲ့ရေးထားတဲ့ ဗီလင်**
**(အချစ်ကဗျာများ)**
ဖြန့်ချိရေး–ဂုဂုဂု စာပေ
၀၉ ၂၅၀ ၂၆၅ ၉၂၅ / ၀၉ ၃၃၀ ၁၃၀ ၂၃
လက်သွက် စာပေ – ၀၉ ၇၉၅ ၄၀၆ ၁၈၃

**ရင်ထဲမှပုံရိပ်များ**
**ဦးလှဝင်း**(လေသူရဲတစ်ဦး)
ထွက်ပြီ
ရတနာပုံစာအုပ်တိုက်
အမှတ် ၄၆/၁၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၃၇၃၇၆၁ ၊ ၀၉ ၂၅၄၀၄၁၈၈၇

သူဝေး
hand

**ဦးထွန်းလင်းဦး**
B.Com(Q),CPA (Gold Medalist),DA (LCCI), ACCA, ISCA (S'pore CPA
**LCCI စာရင်းကိုင်သင်တန်းများ**
**Level I+II**
Sec; 1 Thurs, Fri 6:00-8:00 pm
Sec; 2 Sunday 7:00-11:00am
**Level III**
Mon, Sat 6:00 -8:00 pm
Sunday 11:30-6:30 am
ကျောင်းသားဟောင်းများ 50% Discount
အမှတ်(၂၆၆) ၃ - လွှာ၊ ကျိုက္ကဆံလမ်းမ၊ သတိပဋ္ဌာန်လမ်းထိပ်၊ တာမွေ။
Phone : 09-51-15604, 09-73224433

**ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း**

မအေးအေးစန်း[၁၂/တမန(နိုင်)၁၁၃၉၅၈]သည် ကွန်တော် ဦးအောင်မြင့် [၁၂/တမန(နိုင်)၀၁၈၅၇၉]နှင့် လွန်ခဲ့သော ၂၂နှစ်ခန့်မှစ၍ ပေါင်းသင်းလာခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ယခုအချိန်တွင် ခွင့်မလွှတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်ကိစ္စရပ်များ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဦးအောင်မြင့်[၁၂/တမန(နိုင်)၀၁၈၅၇၉]

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ၂၃၀ကေဗွီ ပုသိမ်ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သော Cable Ladder နှင့် Bracket ပစ္စည်း (၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါ သည်-
တင်ဒါပုံစံ ရောင်းချမည့်ရက် - ၈-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၁၉-၆-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၈၂

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း**

ကျွန်ုပ်၏အမှုသည်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ (ဇ/တောင်) ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၃၈၆/B) တွင် နေထိုင်သော ဒေါ်နွဲ့နွဲ့အေး (၁၂/မဒဂ (နိုင်) ၀၂၃၂၆၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၃၃) ရပ်ကွက်၊ ဟန်လင်း လမ်း၊ အမှတ် (၈၉၉) ဟုခေါ်တွင်သော အလျား (၂၀) ပေ × အနံ (၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော မျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး၊ တစ်ထပ်နေအိမ်တစ်လုံးနှင့် လျှပ်စစ်မီတာအပါအဝင် သီးပင်စားပင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးနှင့် ပတ်သက်၍ ပိုင်ရှင်ဖြစ်သော ဒေါ်ညွန့်တင် (၁၂/ဥကတ (နိုင်) ၀၅၂၇၉၁) ထံမှ (၂. ၁. ၂၀၁၅) နေ့တွင် အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာဖြင့် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း၊ အထောက်အထားများဖြင့် ကျွန်ုပ်အမှုသည်ကိုယ်စား ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်ကာလကျော်လွန်ပါက အဆိုပါ အိမ်ခြံမြေသည် ကျွန်ုပ်အမှုသည် တစ်ဦးတည်းပိုင်သာဖြစ်ကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့အေး၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာသက် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၉၅၈)**
**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**

OFFICIAL BROADCASTER

FIFA U-20 WORLD CUP ပွဲစဉ်တိုင်းရဲ့
သွင်းဂိုးများ ပွဲပြီးသုံးသပ်ချက်များကို စုစည်းတင်ဆက်ထားတဲ့

FIFA

# 2015 FIFA U-20 WORLD CUP NEW ZEALAND

HIGHLIGHT & REVIEW

| ပြသမည့်နေ့ရက် | ပြသမည့် အချိန်နှင့်ချန်နယ်လိုင်း | |
|---|---|---|
| 30.5.2015 | 7:30 PM | 9:00 PM |
| 31.5.2015 | 7:30 PM | 9:00 PM |
| 1.6.2015 | 7:30 PM | 9:00 PM |
| 2.6.2015 | 7:30 PM | 9:00 PM |
| 3.6.2015 | 7:30 PM | 9:00 PM |
| 4.6.2015 | 7:30 PM | 9:00 PM |
| 5.6.2015 | 7:30 PM | 9:00 PM |
| 6.6.2015 | 7:30 PM | 9:00 PM |
| 7.6.2015 | 7:30 PM | 9:00 PM |
| 10.6.2015 | 7:30 PM | 9:00 PM |
| 11.6.2015 | 7:30 PM | 9:00 PM |
| 14.6.2015 | 7:30 PM | 9:00 PM |
| 17.6.2015 | 7:30 PM | 9:00 PM |
| 20.6.2015 | 7:30 PM | 9:00 PM |

ဤအစီအစဉ်ကို စောင့်ကြည့်ပြီး MPTမှ ရိုးမြင့်မည့်ဆုလက်ဆောင်များ ရယူလိုက်ပါ။

(အစီအစဉ်တွင်ပါဝင်သူများကို MPT မှ လှူဒါန်းသည့်လက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ပါသည်။)

အသေးစိတ် သိရှိလိုပါက https://facebook.com/skynetsports တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

ဤအစီအစဉ်ကို MPT မှ Main Sponsor အဖြစ် ကူညီပံ့ပိုးပေးထားပါသည်။



MPT
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာတို့ရဲ့ မျှော်လင့်ချက်
အိပ်မက်တိုင်းနဲ့ အတူရှိနေတဲ့ MPT

## ဂုဏ်ယူဝမ်းမြောက်ခြင်း

Victoria University College သည် HND အောင်ချက်အမြင့်မားဆုံးနှင့် University of Wolverhampton, UK နှင့် ပူးတွဲပြီး QAA (UK) ၏နိုင်ငံတကာအဆင့်ရှိတက္ကသိုလ်အဖြစ်အသိအမှတ်ပြုခံရခြင်းအတွက်များစွာဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါသည်။

မိမိတို့သားသမီးများ Victoria University College ၏ ကျောင်းသား၊ကျောင်းသူများ ဖြစ်ရခြင်းအတွက်လည်း ဂုဏ်ယူမိပါသည်။

**VUC ကျောင်းသားမိဘများ**

---

### (၂၄)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးခင်မောင်သက်(Engineer-Peace Winds Japan)နှင့် မေမေ ဒေါ်ခင်ဆွေထွန်း တို့၏ ၆-၆-၂၀၁၅ တွင်ကျရောက်သော မင်္ဂလာနေ့မှစ၍ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒပြည့်ဝပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါစေ၊ ချစ်သား၊သမီး၊မြေးတို့နှင့်အတူ ကျန်းမာပျော်ရွှင်အေးချမ်းစွာ နေထိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်...

သားကြီး-မောင်ကောင်းချစ်ထွန်း+မစန်းစန်းထွေး၊မြေး-တိန်းသက်ထွန်း
သားငယ်-မောင်ရဲနောင်ထွန်း၊ တူ-လွင်မိုးထွန်း၊ တူမ-မကျန်

---

ပညာအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုရှိဖို့မလို

### လစာ (၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်

ကိုးရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်

## E . P . S (TOPIK)

အလုပ်သမားစာမေးပွဲအောင်မြင်ရုံဖြင့် အလုပ်လျှောက်ထားနိုင်ပြီး၊

၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Tesk အပါဝင် ထူးချွန်ကျောင်းသား ဆောင်ကျော်မွေးထုတ်ပေးခဲ့သော သင်တန်းကျောင်း

" တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည် "

**ဆရာကြီး ဦးနေမျိုးနွယ် ကိုယ်တိုင်ဦးစီးသင်ကြားသည်**
**ကိုဖွေး — ကိုးရီးယားဘာသာ သင်တန်းကျောင်း**

အမှတ် (၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း(အထက်ဘလောက်)၊
ကျောက်တံတားမြို့နယ်၊

PH : 01 38 97 40 , 09 4500 20 337 , 09 420 243 587

---

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အလုံဓာတ်အားပေးစက်ရုံရှိ အမှတ်(၃)တာဘိုင်စက်၏ ချွတ်ယွင်းနေသော Starting Diesel Engine ကို Major Overhaul ပြုပြင်ခြင်း(ပစ္စည်းဖိုးနှင့် ပြုပြင်ခြင်း/လုပ်အားခအပါအဝင်)(Turnkey စနစ်)ကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၅-၆-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၃-၇-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄:၀၀ နာရီ |

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

### မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့မွေးမြူရေးဇုန်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

- ဒွာနာသျှာနာဓာတ်ခွဲခန်း(၈)ခန်းတွဲ၊ ဝန်ထမ်းအိမ်ရာ(၁၇၆'-၆"×၃၃'×၂၀')၊ သံကူကွန်ကရစ်နှစ်ထပ်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း(အတွင်းရေမီးအပါအဝင်) အဆောက်အအုံ(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၈-၆-၂၀၁၅ရက်တွင် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၈-၇-၂၀၁၅ရက် ၁၆:၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၊ နေပြည်တော်ကောင်စီလမ်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ဖုန်း ၀၆၇-၅၅၀၂၂၄၊ ၀၉-၄၃၀၃၈၀၇၀ နှင့် ၀၉-၂၅၆၂၆၂၅၈၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နေပြည်တော်အဆင့်တင်ဒါလုပ်ငန်းကော်မတီ**

---

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
### စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
### တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကော့သောင်းမြို့နယ်၊ ဟတ်စခင်းဆီအုန်းခြံတွင် ဆောက်လုပ်မည့် သုတေသနဓာတ်ခွဲခန်း (၄၀×၂၅×၁၅)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း

၂။ ထားဝယ်မြို့နယ်၊ တလိုင်းယာခြံတွင် ဆောက်လုပ်မည့် ခြံတာဝန်ခံရုံး (၃၀'×၂၀'×၁၅')၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၆-၂၀၁၅ရက်မှစ၍ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၃ နာရီ ရုံးဖွင့်ရက်များတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ ၁၅-၆-၂၀၁၅ရက် ညနေ ၃နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၅။ တင်ဒါစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း(၀၅၉-၂၁၀၂၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစစ်ဆေးရေးအဖွဲ့**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။**

---

SUZUKI NEW SUPER CARRY TRUCK

" မိုးရာသီအထူးအရောင်းမြှင့်တင်ပွဲ "

လူကြီးမင်းဘာကိုရွေးချယ်မလဲ ?




0 % အတိုးဖြင့် အရစ်ကျပေးဝယ်စနစ်

စည်းမျဉ်းသတ်မှတ်ချက်နှင့်အညီ ၃၀% ပေးချေပြီးကျန် ငွေ ၇၀% အား ၁၂လ အရစ်ကျပေးချေခြင်း

အထူးငွေသား ခံစားခွင့်

၁၀၀% လက်ငင်းငွေပေးချေ၍ရယူခြင်း

၂၀၁၅ ဇူလိုင်(၃၁) ရက်အထိသာ



1 YEAR or 20,000 mile WARRANTY

ရောင်းချပြီးဝန်ဆောင်မှုပေးမည်ဖြစ်ပြီး အပိုပစ္စည်းများကိုလည်း အသင့်ရရှိနိုင်ပါပြီ။

ယာဉ်ပိုင်ရှင်အမည်ပေါက် အသင့်ဝယ်ယူသုံးစွဲနိုင်ပါပြီ။

$ 5,777++ ကားသစ်

အောက်ဖော်ပြပါအရောင်းကိုယ်စားလှယ်များထံတွင် လာရောက်ဝယ်ယူနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ကန်တော်ကလေးလမ်းနှင့်ဗိုလ်မင်းခေါင်လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၂၅၂၃၈၈၊ ၂၅၃၁၈၃၊ ၃၇၁၇၆၂၊ ၃၉၃၀၇၀

အမှတ် - ၃၃၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၆၆၇၃၁၆၊ ၆၅၅၈၀၁၊ ၇၀၉၄၄၈၊ ၆၅၆၂၀၀

အမှတ် - ၁၉၂/၂၄၈(ခ)၊ အရှေ့မြင်းခြံကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၄၀၀၀၂၃၊ ၄၀၀၃၃၃၊ ၅၅၆၆၈၅၊ ၅၅၆၄၄၅

အမှတ် - ၅၀/၅၂ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၀၀၆၀၉ (Hot Line)၊ ၂၀၂၀၄၄၊ ၂၀၆၆၀၅၊ ၂၀၇၂၀၄

အမှတ် - ၆/၂ သိပ္ပံလမ်း၊ ၆၀ x ၆၁ လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၇၃၀၄၀၃၆၆၊ ၇၃၀၄၀၁၇၇

SUZUKI Way of Life!

SUZUKI
Suzuki (Myanmar) Motor Co., LTD.
Plot 476 C, Moegoke St, Block 23, Industrial Zone, South Dagon Township, Yangon, Myanmar. Ph : 01-591304

# EPS-TOPIK pmar;ya t mijri o rsm; t m; ulr;usirpr;oyppaq;rn t p t pOrsm; t oay;alu nmjci;

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီနှင့် ကိုရီးယားသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ လူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့မှ ပူးပေါင်း၍ ၁၆-၅-၂၀၁၅ရက်နှင့် ၁၇-၅-၂၀၁၅ရက်များတွင် ကျင်းပခဲ့သော အဌမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (ကုန်ထုတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး/ဆောက်လုပ်ရေး)လုပ်ငန်း အောင်မြင်သူများအား ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများသည် အောက်ဖော်ပြပါအချက်အလက်များဖြင့် လျှောက်ထားနိုင်ပါသည်။

၂။ **လုပ်ငန်းအမျိုးအစား** - ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း အဌမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအောင်မြင်ခဲ့သည့် လုပ်ငန်းအမျိုးအစားကိုသာ ရွေးချယ်လျှောက်ထားရမည်ဖြစ်ပြီး ရွေးချယ်ပြီးသော လုပ်ငန်းအမျိုးအစားအား ပြောင်းလဲခွင့်မရှိပါ။

| **လုပ်ငန်းအမျိုးအစား** | **ကုန်ထုတ်လုပ်ငန်း** | **စိုက်ပျိုး/မွေးမြူရေးလုပ်ငန်း** | **ဆောက်လုပ်ရေးလုပ်ငန်း** |
|---|---|---|---|
| အမျိုးအစား | ကုန်ထုတ်မှု | မျိုးစေ့ချခြင်း၊ အစာကျွေးခြင်း | လက်သမား၊ သံချိသံကွေး၊ ဂဟေဆက် |

၃။ **ဖြေဆိုခွင့်အရည်အချင်း**

၂၀၁၅ခုနှစ်၊ မေလ ၁၆ ရက်နှင့် ၁၇ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အဌမအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများအားလုံး-

**ဖြေဆိုခွင့်မရှိသူများ** - ယခင်က ဖြေဆိုခဲ့ဖူးသောသူ၊ အလုပ်လျှောက်လွှာမတင်သည့်သူ၊ ပြည်ဝင်ခွင့်ဗီဇာမရရှိသောသူ

၄။ **လျှောက်လွှာတင်ခြင်း**

(က) လျှောက်လွှာလက်ခံမည့်နေ့ရက် - ၁၅-၆-၂၀၁၅ရက်မှ ၁၇-၆-၂၀၁၅ရက်ထိ
နံနက် ၉း၀၀နာရီမှ ၁၈း၀၀နာရီထိ

(ခ) လျှောက်လွှာလက်ခံမည့်နေရာ - အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) လျှောက်လွှာတင်ရမည့်နည်းလမ်း - လျှောက်ထားသူကိုယ်တိုင်

(ဃ) လိုအပ်သည့်စာရွက်စာတမ်းများ - နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံကူးလက်မှတ်၊ EPS-TOPIK စာမေးပွဲဖြေဆိုခွင့်ကတ်ပြား

(င) စာမေးပွဲဖြေဆိုခ - အခမဲ့

၅။ **စာမေးပွဲကျင်းပမည့် စာစစ်ဌာန နေ့ရက်/အချိန်**

(က) ၃-၇-၂၀၁၅ရက်(သောကြာနေ့) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးတွင် ထုတ်ပြန်ကြေညာမည်။

(ခ) စာမေးပွဲကျင်းပမည့်နေ့ရက် - ၁၀-၇-၂၀၁၅ရက်မှ ၁၄-၇-၂၀၁၅ရက်ထိ၊

(ဂ) စာမေးပွဲကျင်းပမည့်နေရာ - (၁)အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ "ပင်လုံခန်းမ" မင်းရဲကျော်စွာလမ်းနှင့် ဗိုလ်မင်းရောင်လမ်းထောင့်၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
(၂)ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ ရန်ကင်း။

၆။ **စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း**

(က) ကြေညာမည့်နေ့ရက် - ၅-၈-၂၀၁၅ရက်

(ခ) ကြေညာမည့်နည်းလမ်း - အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ HRDဌာန၊ အဖွဲ့အစည်း၏ ဝက်ဘ်ဆိုက် (http;//www.eps.go.kr)နှင့် (http;//www.hrdkorea.or.kr)၌ ကြေညာထားပါမည်။

၇။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| **စုစုပေါင်းအမှတ်** | **ကိုယ်ကာယကြံ့ခိုင်မှု စစ်ဆေးခြင်း** | **လုပ်ငန်းအတွေ့အကြုံနှင့် လူတွေ့စစ်ဆေးခြင်း** | **အခြေခံကျွမ်းကျင်မှု စစ်ဆေးခြင်း** |
|---|---|---|---|
| ၃၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |

**ကိုယ်ခန္ဓာကြံ့ခိုင်မှုစစ်ဆေးခြင်း** - နေရာတွင်ရပ်၍ အမြင့်ခုန်ခြင်းကို (၁)မိနစ်ခန့်ပြုလုပ်ခြင်း။
ခန္ဓာကိုယ်ပျော့ပြောင်းမှု၊ ကြွက်သားများ သန်မာမှုစစ်ဆေးခြင်း။

**လုပ်ငန်းအတွေ့အကြုံ/လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း** - ကိုရီးယားဘာသာ အခြေခံစကားပြော၊ နားလည်မှုနှင့် အဖတ်စွမ်းရည်၊ လုပ်ငန်းအတွေ့အကြုံ လူတွေ့စစ်ဆေးခြင်း[နှုတ်ဖြေစစ်ဆေးစဉ် ဗီဒီယိုမှတ်တမ်းစက္ကန့်(၃၀)ရိုက်ကူးပါမည်။]

**အခြေခံကျွမ်းကျင်မှုစစ်ဆေးခြင်း** - ကုန်ထုတ်လုပ်ငန်းအတွက် ပင်များကို ပုံသဏ္ဍာန်၊ အရွယ်အစား၊ အရောင်အလိုက်ခွဲခြား၍ မှန်ကန်စွာထားရှိခြင်း၊ သံကွင်းများအား အရွယ်အစားအလိုက် မှန်ကန်စွာချိတ်ဆွဲပေးခြင်း၊ ဘုတ်ပြားထဲတွင် အစိတ်အပိုင်းများအား မှန်ကန်စွာ ထည့်သွင်းပေးခြင်း။
- စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် ဘီးတပ်လက်တွန်းလှည်းအသုံးပြု၍ မျိုးစေ့ချစိုက်ပျိုးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ အစာကျွေးခြင်းများအား စစ်ဆေးခြင်း။
- ဆောက်လုပ်ရေးလုပ်ငန်းအတွက် လက်သမားလုပ်ငန်း၊ သံချိသံကွေးလုပ်ငန်း၊ ဂဟေဆက်လုပ်ငန်းစသဖြင့် အခြေခံလုပ်ထုံးလုပ်နည်းများအား စစ်ဆေးခြင်း။

၈။ **ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးခြင်း ဖြေဆိုသူများနှင့် ထူးချွန်အောင်မြင်သူများအတွက် အကျိုးခံစားခွင့်**

(က) ထူးချွန်စွာအောင်မြင်သူ အမှတ်ပြည့်(၃၀၀)တွင် (၂၄၀)နှင့်အထက် ရရှိသူများအား ကိုရီးယားအလုပ်ရှင်များသို့ ပထမဦးစားပေးအဖြစ် အလုပ်မိတ်ဆက်ပေးခြင်း၊

(ခ) အမှတ်(၂၄၀)အောက်နှင့် (၁၅၀)အထက်ရရှိသူများအား ကိုရီးယားအလုပ်ရှင်များသို့ ဒုတိယဦးစားပေးအဖြစ် အလုပ်မိတ်ဆက်ပေးခြင်း။

(ဂ) ဖြေဆိုမှုဘာသာရပ်တစ်ခုစီအလိုက် အမှတ်(၄၀)အောက် စုစုပေါင်းရမှတ်(၁၅၀)အောက် ရရှိသူများအား ဦးစားပေးမိတ်ဆက်ပေးမည်မဟုတ်ပါ။

၉။ **ဖြေဆိုသူများ သတိပြုလိုက်နာရန်**

(၁) သတ်မှတ်ထားသောအချိန်ထက် နောက်ကျရောက်ရှိလာသူအား ဖြေဆိုခွင့်မရှိပါ။

(၂) ဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံကူးလက်မှတ်နှင့် EPS-TOPIK စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား၊ မပါရှိပါက ဖြေဆိုခွင့်မရှိပါ။

(၃) စာမေးပွဲဖြေဆိုရာတွင် လိမ်ညာဖြေဆိုခြင်းတွေ့ရှိရပါက အမှတ်သုညဟု သတ်မှတ်မည်။

(၄) လက်တွေ့ပစ္စည်းများအား စာမေးပွဲဖြေဆိုရန် လိုအပ်သော လက်တွေ့ပစ္စည်းများအား စာမေးပွဲစစ်ဆေးရေးအဖွဲ့မှ ပံ့ပိုးပေးမည်ဖြစ်၍ ပြင်ပမှ သယ်ဆောင်ခွင့်မရှိ။

(၅) သင့်လျော်သော ဘေးအန္တရာယ်ကင်းသော ဝတ်စုံများ၊ ကိုယ်ခန္ဓာကြံ့ခိုင်ရေးနှင့် အခြေခံကျွမ်းကျင်မှုစစ်ဆေးရာတွင် ဝတ်ဆင်ရမည်။

(၆) စာမေးပွဲစစ်ဆေးစဉ် လုပ်သား၏ ဂရုမထားမှုကြောင့် မမျှော်လင့်သော ထိခိုက်ဒဏ်ရာရရှိပါက လုပ်သား၏တာဝန်သာဖြစ်သည်။

(၇) ကြေညာထုတ်ပြန်ထားသော ကျွမ်းကျင်မှုအဆင့် စစ်ဆေးလွှာပါ ဖော်ပြချက်များအား ကြည့်ရှုပြီး ရလဒ်ကောင်းရရှိအောင် ကြိုတင်လေ့ကျင့်ထားပါ။

၁၀။ ကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ဝင်ရောက်ဖြေဆိုခွင့်မရရှိသော်ငြားလည်း အဌမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူအားလုံးသည် အလုပ်လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**

# မဟာဓာတုစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် လှူဒါန်းနိုင်ပါသည်

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ မဟာနာယကဆရာတော် ဘဒ္ဒန္တတိက္ခ(အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ) မထေရ်အား အမှူးထား၍ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းဓာတ်တော်ချိုင့်ရေတံခွန်အနီး တောင်စလင်းဓာတ်တော်ကျောင်းတိုက်အတွင်း ဗုဒ္ဓ၏ဓာတ်တော်အစစ် ကိန်းဝပ်စံပယ်ရန်အတွက် အကျယ်ပေ ၁၂၀၊ အမြင့် ၁၀၈ပေ ရှိသော မဟာဓာတုစေတီတော်မြတ်ကြီးတည်ဆောက်လျက်ရှိပါသည်။ အဆိုပါစေတီတော်မြတ်ကြီး တည်ဆောက်ရာအချိန်အခါကောင်းနှင့် ကြုံတွေ့ရပါသော ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် မိမိတို့စွမ်းနိုင်သမျှ ကုသိုလ်ပါဝင်လှူဒါန်း၍ ဘုရားဒါယကာ၊ ဘုရားဒါယိကာမများအဖြစ် ခံယူနိုင်ပါကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

**လှူဒါန်းနိုင်သောဌာန**

ဘဒ္ဒန္တတိက္ခ - နာယကဆရာတော်၊ တောင်စလင်းတိုက်သစ်ဘာဝနာဌာန၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၁၀၅၅၁၊ ၂၀၁၀၅၅၂၊ ၄၃၁၈၃၅၆၅၊

ဥက္ကဋ္ဌ(မန္တလေး) - ဦးရှမ်း၊ ဥက္ကဋ္ဌ၊ ပရိယတ္တိသာသနဟိတအသင်း၊ ဆေးဆိုးလုပ်ငန်း၊ ဖိနပ်ကုန်သည်၊
မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၁၁၀၈၉၊ ၇၉၃၃၄၇၉၉၁

တာဝန်ခံ(ရန်ကုန်) - ဒေါ်သဇင်မြင့်အောင်၊ အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ အမှတ်(၁၆)၊
ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၉-၅၁၂၈၆၂၁။


## IT COMPUTER TRAINING CENTER



ENGLISH Language | AutoCAD - 3ds Max | VIDEO EDITING | Computer Basic | LCCI I-II

MOBILE PHONE Software + Hardware | DESKTOP PUBLISHING | Service Technician | GRAPHIC DESIGN

HOT LINE - 0949290778, 395353, 253293



## “ရွှေနန်းတော်ဝင်ချစ်သူများအတွက်”

လှုပခြင်းတွေကို ပျော်ရွှင်စွာရယူနိုင်မည့် ရွှေနန်းတော်ဝင်၏ “ဝသန်” Promotion ပွဲတော်တွင် ပိုးထည်နှင့်ချည်ထည်များကို 10% မှ 50% အထိ အထူးဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အမှတ်(၂၁/SR)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:၀၁-၅၅၅၁၅၀၊ ၀၉-၇၃၀၈၁၃၈၁၊ ၀၉-၇၃၂၀၇၀၉၄**
**အမှတ်(၁၁၅)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:၀၁-၉၀၀၀၉၄၄၊ ၀၉-၇၃၂၁၂၇၄၄**
**အမှတ်(၇၉)၊ သီရိလမ်းထောင့်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:၀၁-၅၁၂၃၆၁**




HOME GALAXY Interior Mall


Manufacturing UPVC Windows & Doors



The Best Windows
✔ Weather Proof ✔ Water Proof
The quality products



UPVC Window & Door များကို ကိုရီးယားနိုင်ငံမှ နည်းပညာအသစ်ဖြင့် အရည်အသွေးမြင့် ထုတ်လုပ်ထားသော ကုန်ကြမ်းများကို တိုက်ရိုက်တင်သွင်းပြီး ကိုရီးယား စက်ကြီးများဖြင့် ကိုရီးယားနည်းပညာ အတိုင်း ထုတ် လုပ်ထားပါသည်။ ပူလွန်းအေးလွန်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ UV Coated ပါရှိခြင်းကြောင့် အရောင်မပြောင်းလဲဘဲ နှစ်ကာလကြာရှည် ခိုင်ခံ့ခြင်း၊ အသံလုံ၍ အသုံးပြုရ လွယ်ကူခြင်း စသည့် အားသာချက်တို့ကိုရရှိစေပါသည်။



- ကိုရီးယား ABS Moulding Door အမျိုးမျိုး၊
- ကိုရီးယား UPVC Window & Door ဆိုဒ်အမျိုးမျိုးတို့ကို မိမိစိတ်တိုင်းကျ Order မှာယူနိုင်ပါသည်။

Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar
Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar.
Tel - 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309


### အမြန်ပြန်လာပါ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ (အဖ)ဦးလှအောင်၏သမီး ဒေါ်ခင်စန်းရီ [၁၂/ဗတထ(နိုင်)၀၂၈၇၄၆]ကိုင်ဆောင်သူသည် ၂-၆-၂၀၁၅ရက်တွင် မိသားစုဝင်များအားလုံး သိရှိခြင်းမရှိဘဲ နေအိမ်မှ ရွှေထည်ပစ္စည်းများယူဆောင်ကာ ထွက်သွားသဖြင့် မိသားစုအားလုံးမှ စိတ်ပူလျက်ရှိပါသည်။ သွေးဆောင်ဖြားယောင်း လက်ခံထားသူအား တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် မိသားစုနှင့် အမြန်ဆုံး ဆက်သွယ်ပြန်လာပေးပါရန်။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၁၇၈၀၈၀၊ ၀၉-၄၃၀၈၃၆၆၈


## ရောင်းမည်

လမ်းမတော်မြို့နယ် ၊ ၆ လမ်း ၊
1104 sqft. 2 Bedroom , 2 A/C, CCTV ,
Lift , မျက်နှာကြက်၊ ကြွေပြား၊ ပါကေး
Contact Ph. 09 516 0778,09 508 9945



## ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင် အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ၄မှ၈တန်းထိ Guide များအိမ်လိုက်သင်သည်။ ဇွန်လ(၃/၄/၆)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ခုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441



## ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

တိုင်းရင်းဆေးထုတ်ကုန်မှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

SGS Certificate TH09/3125 | SGS UKAS Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၀၀ တဆထက(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်။

ကြော်ငြာ


SONY
SONY
Great fun. Zero effort.
နောက်ဆုံးပေါ် application တွေကို လွယ်ကူစွာ အသုံးပြုနိုင်ပြီး
လှုပ်ရှားမှုပုံရိပ်တွေကို ကြီးမားတဲ့မျက်နှာပြင်မှာ မြင်ရစေမယ့်အပြင်
အကြမ်းခံနိုင်စွမ်းဒီဇိုင်း ၊ ဘက်ထရီသက်တမ်းတာရှည်ခံမည့်
စမတ်ဖုန်းကို အံ့သြဖွယ်ဈေးနှုန်းဖြင့် . . .
XPERIA E4
Dual
New Model
Selling Price
139,000Ks
အခမဲ့ Top up
ကျပ်၆၀၀၀
5.0" qHD
IPS screen (960x540)
Screen Size
Dual Sim
Available Color
FREE GIFT
Silicon Back Cover
+
Screen Guard
Official Warranty by: TMW Enterprise Limited
SONY SHOWROOM YANGON: ■ Yaw Min Gyi, Tel: 01-245311 ■ Kabar Aye, Tel: 01-546006, 401416 ■ Gamone Pwint, Tel: 09-73119900 ■ Bo Aung Kyaw, Tel : 01-398566, 256620, 246513
SONY SHOWROOM MANDALAY: ■ Chan Aye Thar Zan Township. Tel: 02-72580~4 ■ Yadanarpon Diamond Plaza. Tel: 09-91008417
SONY SHOWROOM NAY PYI TAW: ■ Thiri Yadanar Hyper Market. Tel: 067-420791, 420966 SONY SHOWROOM TAUNGGYI: ■ Bogyoke Aung San Road. Tel: 081-2122857, 200571
WHOLE SALES / DISTRIBUTION : Tel: 01- 554708
"အမြို့ မြို့အနယ်နယ်ရှိ Wai Yan Electronics နှင့် Sony Official Dealers ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။"

Hot Line No-0930500100

# ဒုတိယသမ္မတ ဦးညွန့်ထွန်း စင်ကာပူနိုင်ငံတွင် ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်




စင်ကာပူနိုင်ငံ အမျိုးသားအားကစားရုံ၌ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ *(သတင်း စာမျက်နှာ - ၈)* (ဓာတ်ပုံ-စင်ကာပူဆီးဂိမ်း)

## ယနေ့ မာတိကာ

မလေးရှား၌ မြေလျှောင်လှုပ်မှုကြောင့် တောင်တက်သမားများ ဒဏ်ရာရ၊ ၁၃၇ ဦး ပိတ်မိ
စာမျက်နှာ - ၄

ဘင်းမ်စတက်အဖွဲ့နှင့် မြန်မာနိုင်ငံ
စာမျက်နှာ - ၆

ယာဉ်ကြောပိတ်ဆို့ရခြင်း အကြောင်းရင်းတစ်ခု
စာမျက်နှာ - ၁၁

## မြန်မာယူ-၂၀ အသင်း ရေကုန်ရေခန်းကြိုးစားခဲ့



ဓာတ်ပုံ - MFF

**ဖန်ဂရေး ဇွန် ၅**

၂၀၁၅ ဖီဖာ ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့မွန်းလွဲပိုင်းက နယူးဇီလန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင်နယူးဇီလန်အသင်းအား ရေကုန်ရေခန်းကြိုးစားခဲ့သော်လည်း ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဝယ်လင်တန်ကွင်းကြီးထဲတွင် ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာနှင့် နယူးဇီလန်တို့၏ ပွဲစဉ်တွင် မြန်မာအသင်းသည် ပွဲကစားချိန် ၂၈ မိနစ်တွင် တိုက်စစ်မှူး အောင်သူ၏ လှပသေသပ်သော သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၄၀ တွင် အိမ်ရှင် နယူးဇီလန် အသင်း၏ ခြေပဂိုး ပြန်လည်သွင်းယူခြင်းကို ခံခဲ့ရသည်။ ထို့ကြောင့် ပထမပိုင်းတွင် တစ်ဖက် တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

သို့ရာတွင် ဒုတိယပိုင်း ပွဲစလျှင်စချင်း ၄၇ မိနစ်တွင် ပီတာဆန်၏ သွင်းဂိုးဖြင့် နယူးဇီလန်အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ၇၈ မိနစ်တွင် လူစားဝင်လာသည့် စတီဗင်၊ ၈၁ မိနစ်တွင် ဘရိုတာတန်၊ ၈၉ မိနစ်တွင် ကလေတန်လီဝစ်တို့က အသီးသီး ဂိုးများ သွင်းယူခဲ့သဖြင့် နယူးဇီလန်အသင်းက မြန်မာအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် နယူးဇီလန်အသင်းသည် အုပ်စုအဆင့် တတိယနေရာဖြင့် ၁၆ သင်း အဆင့်သို့ တက်လှမ်းရန် အခွင့်လမ်းကောင်းတစ်ရပ်ရရှိသည်ဟု ဆိုရမည်ဖြစ်သည်။

အုပ်စု(A)မှ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ယူကရိန်းအသင်းနှင့် အမေရိကန် အသင်းတို့၏ ပွဲစဉ်တွင် အမေရိကန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အုပ်စု(B) တွင် ဩစတြီးယားအသင်းနှင့် အာဂျင်တီးနားတို့ပွဲစဉ်တွင် ဂိုးမရှိ သရေ၊ ဂါနာအသင်းက ပနားမားအသင်းကို တစ်ဂိုး-ဂိုးမဖြင့် လည်းကောင်း ရလဒ်များ အသီးသီးထွက်ပေါ်ခဲ့သည်။

**(ငွေကြယ်)**

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်

**နေပြည်တော် ဇွန် ၅**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**




themirror.npt@gmail.com
www.facebook.com/themirrordaily